# မြန်မာ့အလင်း

ထစ်ချုန်း မိုးရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

■ အတွဲ [၅၄]

အမှတ် [၃၃၆]

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် [6-9-2015]

MYANMA ALINN SUNDAY ISSUE


ဒါနဥ္စ ဧတံမင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

## မြန်မာ-အစ္စရေး နှစ်နိုင်ငံတပ်မတော်ဆက်ဆံရေး ခြေလှမ်းသစ်စတင်ဖွင့်လှစ်

စာမျက်နှာ-၃

# ကလေးဒေသရေကြီးရေလျှံမှုကြောင့် ကျေးရွာများရွှေ့ပြောင်းတည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြေနေရာသစ်များဖော်ထုတ်ပေး



ကျေးရွာသစ်များဖော်ထုတ်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ မြေနေရာသစ်များကို စက်ယန္တရားကြီးများဖြင့် ဖော်ထုတ်ပေးနေစဉ်။ (မြို့နယ် ပြန်/ဆက်)

**ကလေး စက်တင်ဘာ ၅**

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်သွားသော ကျေးရွာများ ရွှေ့ပြောင်းတည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာသစ် ဖော်ထုတ်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက တာဝန်ယူ၍ စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွာသစ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကျောက္ကာကျေးရွာသစ် ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် ၃၉ ဒသမ ၀၃ ဧက၊ အေးသာယာကျေးရွာသစ် ဖော်ထုတ်ခြင်း လုပ်ငန်းအတွက် ၂၃ ဒသမ ၇၇ ဧက၊ နန်းကျင်းဆောင်ကျေးရွာသစ် ဖော်ထုတ်ရေးလုပ်ငန်းအတွက် ၈၆ ဒသမ ၃၈ ဧက၊ ကျီကုန်းကျေးရွာသစ် ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် ၂၅ ဧက၊ ကံကြီးကျေးရွာသစ် ဖော်ထုတ်ရေးလုပ်ငန်းအတွက် ဧက ၂၀ နှင့် နတ်နန်းကျေးရွာသစ် ဖော်ထုတ်ရေးလုပ်ငန်းအတွက် ၁၃ ဧကတို့ကို ဆည်မြောင်းဦးစီးဌာနမှ မြေနေရာသစ်များကို စက်ယန္တရားကြီးများဖြင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❐

## တနင်္ဂနွေ ဖတ်စရာများ


အပြာရောင်ကမ္ဘည်းများရဲ့ရာဇဝင်

နိုင်ငံအတွက် အရေးကြီးသော မှတ်တမ်းမှတ်ရာများကို ပုံနှိပ်ရာ နှစ်တစ်ရာကျော်သက်တမ်းရှိ ဗဟိုပုံနှိပ်စက်ရုံ စာ ➢ ၁၅

ခရီးသွားဆောင်းပါး

ရှေးခေတ်လက်ရာများဖြင့် ပြည့်လျှမ်းနေသော ကော့ဂွန်းဂူသို့ တစ်ခေါက် စာ ➢ ၁၆

မြန်မာ့ရိုးရာအားကစား

မြန်မာ့ရိုးရာခြင်းလုံးအားကစား အာရှသာမက ကမ္ဘာသို့ပါ ထိုးဖောက်နိုင်ရန် ကြိုးပမ်းလျက်ရှိ စာ ➢ ၁၈

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

ခေတ်သစ်ရွှေ့ပြောင်းသူတို့အတွက် အလွန်အရေးပါသည့် ရိက္ခာ၊ ခိုလှုံစရာနှင့် စမတ်ဖုန်း စာ ➢ ၂၁





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မဲဆွယ်စည်းရုံးသံများ နားထောင်ကြည့်စို့

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ အလှည့်အပြောင်းတစ်ခု ဖြစ်လာမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည်ကား တဖြည်းဖြည်းနီးကပ်လာပြီ။ ရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လာမည့် နိုဝင်ဘာ ၈ ရက်တွင် ငြိမ်ငြိမ်သဲသဲ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထားသည်။ မကြာမီ ပါတီအသီးသီးမှ မှတ်ပုံတင်ထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများက မဲဆွယ်စည်းရုံးကြပေဦးမည်။ မိမိတို့ပါတီအနိုင်ရရှိရေးအတွက် ဥပဒေနှင့်အညီ လူထုမဲဆွယ်ပွဲများဖြင့် စည်းရုံးကြပေလိမ့်မည်။

ဤ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် ပါတီ ၉၂ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၁၀၀ ကျော်တို့ အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၇၂ ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၁၃ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၅၀၄ ဦး စုစုပေါင်း ကိုယ်စားလှယ်လောင်း ၆၁၈၉ ဦးတို့ ပါဝင်ယှဉ်ပြိုင် အရွေးခံကြမည်ဖြစ်ကြောင်း သိရသည်။ ဤလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့ဝင်ရောက်အရွေးခံမည့် လွှတ်တော်မဲဆန္ဒနယ်မြေများအလိုက် မဲဆွယ်စည်းရုံးကြရန် စီစဉ်လျက်ရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဤပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲဆန္ဒနယ်မြေများ သတ်မှတ်ထုတ်ပြန်ထားသည်။ ဤထုတ်ပြန်ချက်အရ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၆၄ နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် ၂၉ နယ်ဖြစ်ကြောင်း သိရသည်။

ဤသို့ သတ်မှတ်မဲဆန္ဒနယ်မြေများအလိုက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့ပါတီ အနိုင်ရရှိရေး မဲဆွယ်စည်းရုံးကြမည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မဲဆွယ်စည်းရုံးရေး ကာလကို ရက်ပေါင်း ၆၀(၈-၉-၂၀၁၅ ရက်နေ့ နံနက် ၆ နာရီမှ ၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂ နာရီအထိ) ခွင့်ပြုထားသည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများကို မဲဆန္ဒနယ်မြေများအရ ဆိုင်းဘုတ်များထောင်၍လည်းကောင်း၊ သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ရေးသားထုတ်လွှင့်ဖော်ပြမှုများဖြင့် လည်းကောင်း၊ မဲဆွယ်စည်းရုံးပွဲများပြုလုပ်၍ ဟောပြောခြင်းဖြင့် လည်းကောင်း စသည်ဖြင့် ပုံစံအမျိုးမျိုးတွေ့ရမည် ဖြစ်ပါသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဤသို့မဲဆွယ်စည်းရုံးမှုများကို နားထောင်ပေးကြရန်လိုအပ်မည် ဖြစ်ပါသည်။ မဲဆွယ်စည်းရုံးမှုများကို နားထောင်ကာ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကို မဲပေးရမည်ဆိုသည်ကို စဉ်းစားသုံးသပ်ရွေးချယ်ကြရမည် ဖြစ်ပါသည်။ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မည်ရွေ့မည်မျှ အရည်အချင်းရှိသည်၊ ပြည်သူ့အတွက် မည်မျှအကျိုးပြုနိုင်သည်၊ ပြည်သူ့ကိုယ်စားလှယ်ပီသစွာ မည်မျှရဲရဲဝံ့ဝံ့ ရပ်တည်ပြောဆိုနိုင်သော အစွမ်းအစရှိသူဖြစ်သည် စသည်ဖြင့် မိမိတို့မဲပေး မည့် ကိုယ်စားလှယ်များ၏ အရည်အချင်းကိုအကဲဖြတ်ကြရမည် ဖြစ်ပါသည်။ ဒီမိုကရေစီရင့်ကျက်သောနိုင်ငံတို့တွင် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲထက် အရည်အချင်းပြည့်ဝသော အမတ်လောင်းများကို စိစစ်ရွေးချယ်မဲပေးကြလေ့ရှိပါသည်။ သို့ဖြစ်၍ လာမည့် ရွေးကောက်ပွဲကြီးတွင် မှန်ကန်စွာမဲပေးနိုင်ရန် အမတ်လောင်းများ၏ အရည်အချင်းကို အကဲခတ်နိုင်ရေး မဲဆွယ်စည်းရုံးသံများကို နားထောင်အပ်ပေကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# နိုင်ငံခြားရောက် ပြည်တွင်းမဲဆန္ဒရှင်များ မဲပေးနိုင်ရန် ပုံစံ ၁၅ ဖြင့် လျှောက်ထား

**ရေး စက်တင်ဘာ ၅**

နိုင်ငံခြားရောက် ပြည်တွင်းမဲဆန္ဒရှင်များ မဲပေးနိုင်ရန်ပုံစံ ၁၅ ဖြင့် လျှောက်ထားရာတွင် မလေးရှား၊ တောင်ကိုရီးယား၊ ကူဝိတ်၊ ရုရှား၊ ဟောင်ကောင်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ပါကစ္စတန်နိုင်ငံတို့သို့ ရောက်ရှိနေသူ ၂၆၉ ဦးတို့ ကြိုတင်မဲပေးနိုင်ရန်အတွက် ပုံစံ ၁၅ ဖြင့် သက်ဆိုင်ရာ မြန်မာသံရုံးများ၌ ကြိုတင်မဲများပေးကြမည်ဖြစ်ကြောင်း သိရသည်။

ရေးမြို့နယ်မှ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား အဆိုပါ နိုင်ငံခြားရောက် ကြိုတင်မဲပေးသူများက မဲပေးကြမည်ဖြစ်ရာ ရေးမြို့နယ်တွင် ပါတီ ငါးပါတီဖြစ်သော မွန်အမျိုးသားပါတီ၊ မွန်ဒေသလုံးဆိုင်ရာပါတီ၊ NLD ပါတီ၊ ပြည်ခိုင်ဖြိုးပါတီအပြင် တစ်သီးပုဂ္ဂလတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များကို ပုံစံ ၁၀ ဖြင့်လည်းကောင်း၊ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များကို ပုံစံ ၁၀ (က)ဖြင့် လည်းကောင်း ရေးမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးနှင့် ရပ်/ကျေးသက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ စက်တင်ဘာ ၄ ရက်မှ စတင်ကာ ထုတ်ပြန်ပေးထားသည်။

ရေးမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်များ၏ အမည်စာရင်းများကိုလည်း စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ထုတ်ပြန်ပေးမည်ဖြစ်ရာ မဲဆန္ဒရှင်များအနေဖြင့်လည်း ပုံစံ ၃၊ ပုံစံ ၄ (ဂ)၊ ပုံစံ ၄ တို့ကိုလည်း နည်းဥပဒေများနှင့်အညီ မဲဆန္ဒရှင်များ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။



**နေမျိုးထွန်း(ရေး)**




# မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ

**ကော့ကရိတ် စက်တင်ဘာ ၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၏ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက်က မြို့နယ်ကော်မတီရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင် အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ စုဝေးခွင့်၊ မဲဆွယ်စည်းရုံးခွင့်၊ ဟောပြောခွင့်ဆိုင်ရာ ဥပဒေများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၉-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၇၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၃ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၉.၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာ-အစ္စရေး နှစ်နိုင်ငံ တပ်မတော်ဆက်ဆံရေး ခြေလှမ်းသစ်စတင်ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Moshe Yaalon ၏ ဖိတ်ကြားချက်အရ အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် အောင်ကျော်ဇော၊ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Daniel Zomshar Zohine တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ် မောင်မောင်အေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးချုပ် မိုးအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်မှူးချုပ် မောင်မောင်ကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အစ္စရေး-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည်။ အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးကို အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့၌ ၁၉၅၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးကို ရန်ကုန်မြို့၌ ၁၉၅၇ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ ယနေ့အချိန်ထိ နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာဆက်ဆံမှု ၆၂နှစ်ရှိပြီ ဖြစ်ပြီး ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၅ ခုနှစ်တွင် လည်းကောင်း၊ အိမ်စောင့်အစိုးရလက်ထက် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းသည် ၁၉၅၉ ခုနှစ်တွင် လည်းကောင်း အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ယခုခရီးစဉ်သည် နှစ်ပေါင်း ၅၆ နှစ်နောက်ပိုင်း တပ်မတော်အကြီးအကဲ တစ်ဦးအနေဖြင့် အစ္စရေးနိုင်ငံသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပြီး နှစ်နိုင်ငံတပ်မတော် ဆက်ဆံရေးကို ခြေလှမ်းသစ် စတင်ဖွင့်လှစ်နိုင်မည် ဖြစ်သည်။




ချစ်ကြည်ရေးခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အစ္စရေး နိုင်ငံအစိုးရနှင့် တပ်မတော်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာ့တပ်မတော်နှင့် အစ္စရေးတပ်မတော်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ပြီး အထင်ကရနေရာများနှင့် အကြီးစားစက်မှုလက်မှုလုပ်ငန်းများကိုလည်း လေ့လာကြည့်ရှုမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ယဉ်ကျေးမှုစင်တာ အပြန်အလှန်ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ယဉ်ကျေးမှုစင်တာ အပြန်အလှန်ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လော်ရှူးကမ်းတို့က စက်တင်ဘာ ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်များအလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက စိစစ်ခဲ့ပြီးနောက် အတည်ပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများအား စက်တင်ဘာ ၄ ရက်မှစ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားပြီး ကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ပယ်ဖျက်ခြင်းခံရသူများ၏ အသနားခံစာတင်ပြချက်များအပေါ် စိစစ်မှုများ ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းမှု ပယ်ဖျက်ခြင်းခံခဲ့ရသည့် ပုဂ္ဂိုလ်ခြောက်ဦးအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ဥပဒေနှင့်အညီ အယူခံဝင်ရောက်ခဲ့ကြသော်လည်း ထပ်မံပယ်ချခြင်းခံခဲ့ရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အသနားခံစာများတင်ပြခဲ့ကြကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယင်းပုဂ္ဂိုလ်ခြောက်ဦး၏ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး (နိုင်ငံသားအခွင့်အရေး)များ မဆုံးရှုံးစေရန် ယနေ့နံနက် ၉ နာရီခွဲတွင် အစည်းအဝေးပြုလုပ်၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ၎င်းတို့၏အမှုတွဲများကို စိစစ်မှုများပြုလုပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အသံချစ်သူများအဖွဲ့ တွေ့ဆုံပွဲအခမ်းအနားကျင်းပရေး ကျိုင်းတုံမြို့၌ ညှိနှိုင်းဆွေးနွေး

**ကျိုင်းတုံ စက်တင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနား ကျင်းပရေး ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီက ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (သတင်း)ဦးစိုးမြင့်က အခမ်းအနားကျင်းပမည့် ရည်ရွယ်ချက်နှင့် အစီအမံများ၊ ဌာနဆိုင်ရာများဘက်မှ ကူညီဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆက်စပ်ဌာနအသီးသီးမှ ကိုယ်စားလှယ်များက ဌာနအလိုက် ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားယဉ်ကျေးမှု ဦးစီးဌာန၊ ဂီတအစည်းအရုံးနှင့် PSI Myanmar မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာ့အသံ ချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်တွင် ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံကျော် တေးသံရှင်များ၊ မြန်မာ့အသံ ဝန်ထမ်းများက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် ဖျော်ဖြေကြမည်ဖြစ်ပြီး အမှတ်တရ လက်ဆောင်လည်း ပေးအပ်မည်ဖြစ်ရာ တက်ရောက်လိုသူများ အနေဖြင့် မြန်မာ့အသံ ဖုန်း-၀၆၇-၇၉၂၁၅ သို့ မြန်မာ့အသံချစ်သူအဖွဲ့ဝင်အဖြစ် ကြိုတင်စာရင်းပေးသွင်းပြီး တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# 6th Japan Cup Karatedo Championships, 2015 ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၅**

အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ပူးပေါင်း၍ ဂျပန်ကုန်သည်ကြီးများအသင်း (ရန်ကုန်) (JCCY)၏ အဓိကပံ့ပိုးမှုဖြင့် 6th Japan Cup Karatedo Championships, 2015 ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားရန် စီစဉ်ထားရှိပြီး ဒိုင်/နည်းပြသင်တန်းကို ပြိုင်ပွဲမတိုင်မီ စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**



# ပထမဆုံးဟန်ဂေရီ ဒုက္ခသည်ဘတ်စ်ကား ဩစတြီးယားနယ်စပ်ရောက်

**ဗီယင်နာ စက်တင်ဘာ ၅**

ဟန်ဂေရီနိုင်ငံမှ ဒုက္ခသည်အချို့တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးသည် ဩစတြီးယားနယ်စပ်သို့ ယမန်နေ့နံနက်စောစောပိုင်းတွင် ပထမဆုံးရောက်ရှိလာကြောင်း မီဒီယာများက ဆိုသည်။

ဂျာမနီနှင့်ဩစတြီးယားနိုင်ငံတို့သည် ဟန်ဂေရီနိုင်ငံမှ ဒုက္ခသည်များကို ယင်းတို့၏နိုင်ငံများသို့ ဝင်ရောက်ခိုလှုံခွင့်ပြုရန် သဘောတူညီထားသည်။

အနောက်ဥရောပနှစ်နိုင်ငံအနေဖြင့် ဟန်ဂေရီမှဒုက္ခသည်များ ဝင်ရောက်လာမှုကို လက်ခံခွင့်ပြုသင့်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်နှင့် မဆွေးနွေးမီ ဩစတြီးယားဝန်ကြီးချုပ်က ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအိုဗန်ထံ သောကြာနေ့နှောင်းပိုင်းတွင် ဖုန်းဆက်ပြောကြားခဲ့ကြောင်း ဟန်ဂေရီသတင်းအေဂျင်စီ အမ်တီအိုင်က သတင်းထုတ်ပြန်ထားသည်။

ထောင်ပေါင်းများစွာသော ဒုက္ခသည်များကို ဩစတြီးယားနယ်စပ်သို့ ဘတ်စ်ကားဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဆီးရီးယားဒုက္ခသည် အများအပြားရောက်ရှိနေသော ဟန်ဂေရီနိုင်ငံက သောကြာနေ့ နှောင်းပိုင်းတွင် ကြေညာသည်။

ဒုက္ခသည်များတင်ဆောင်လာသော ဘတ်စ်ကားအချို့သည် ညသန်းခေါင်ယံတွင် ဘူဒါပတ်စ်အရှေ့ပိုင်းဘူတာမှ ဩစတြီးယားနယ်စပ်သို့ ထွက်ခွာသွားသည်ဟု ဆိုသည်။

ဟန်ဂေရီအစိုးရအနေဖြင့် ဒုက္ခသည်များအား ဘတ်စ်ကားများဖြင့် ဩစတြီးယားနယ်စပ်သို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးဝန်ကြီး ဂျို့စ်လေဆာက သောကြာနေ့နှောင်းပိုင်းတွင် အစီအစဉ်မရှိသော သတင်းစာရှင်းလင်းပွဲ၌ ကြေညာလိုက်သည်။

ဟန်ဂေရီနိုင်ငံ၌ ဆီးရီးယားဒုက္ခသည်များ ဝင်ရောက်ခိုလှုံမှုများပြားလျက်ရှိရာ ဗီယင်နာသို့သွားရာလမ်းမကြီးတစ်လျှောက်တွင် လမ်းလျှောက်သွားလာနေကြပြီး ဘူတာ၌လည်း ဂျာမနီသို့သွားရောက်ခွင့်ပြုရန် တောင်းဆိုလျက်ရှိကြသည်။ **(ဆင်ဟွာ)**

# ဒုက္ခသည်အရေးဆွေးနွေးရန် ဗြိတိန်ဝန်ကြီးချုပ် မက်ဒရစ်သို့ သွားရောက်

**မက်ဒရစ် စက်တင်ဘာ ၅**

ဥရောပ၌ လက်ရှိဖြစ်ပေါ်နေသော ဒုက္ခသည်အရေးကိစ္စနှင့်ပတ်သက်၍ စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂျွိုင်းနှင့် ဆွေးနွေးမှုများပြုလုပ်ရန် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် သောကြာနေ့က စပိန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဒုက္ခသည်များသည် ဥရောပသို့ရောက်ရှိရန် အခက်အခဲများစွာနှင့်ရင်ဆိုင်ရသော်လည်း ဆီးရီးယားပဋိပက္ခကြောင့် ပေါ်ပေါက်လာသော ဒုက္ခသည်များကို ပိုမိုလက်ခံထားရှိမှုအတွက် ယင်းဝန်ကြီးချုပ် နှစ်ဦးစလုံးကို ၎င်းတို့၏နိုင်ငံသားများက ဆန့်ကျင်ကြောင်း ဖော်ပြခဲ့ကြသည်။

စပိန်ဝန်ကြီးချုပ်က ၎င်းနှင့်မစ္စတာကင်မရွန်းတို့သည် စီးပွားရေးကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း၊ ဥရောပသမဂ္ဂပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊ နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် ပတ်သက်သည့်ပြဿနာရပ်များအတွက် ဆွေးနွေးခဲ့ကြသည်ဟု သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် ဆီးရီးယားဒုက္ခသည်များ ပြန်လည်အခြေချနေထိုင်နိုင်ရေး ကူညီထောက်ပံ့မှုများစွာပေးသွားမည်ဟူ၍ ရှေ့ဆက်လက်လုပ်ဆောင်မည့်ကိစ္စနှင့်ပတ်သက်၍ ဗြိတိန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံသည် ဒုက္ခသည်များကို ကူညီထောက်ပံ့ရေးအတွက် ပေါင်သန်း ၁၀၀ ထောက်ပံ့မည်ဖြစ်ပြီး ယင်းအထဲမှ ပေါင်သန်း ၆၀ ကို ဆီးရီးယားနိုင်ငံအတွင်းရှိ ဒုက္ခသည်များကို ကူညီပေးမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဗီယက်နမ်နိုင်ငံ၏ အင်တာနက်မြန်နှုန်း အရှေ့တောင်အာရှ၌ အနှေးကွေးဆုံးဟုဆို

**ဟိုချီမင်း စက်တင်ဘာ ၅**

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှနှင့်သမုဒ္ဒရာဒေသ၌ မိုဘိုင်းဖုန်းအင်တာနက်မြန်နှုန်းမှာ အနှေးကွေးဆုံးဖြစ်ကြောင်း အဲရစ်ဆင်နည်းပညာလုပ်ငန်းမှထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်ကို ဒေသဆိုင်ရာသတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ဒေသတွင်းကိုးနိုင်ငံကို လေ့လာခဲ့သည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ အင်တာနက်မြန်နှုန်းအမြင့်ဆုံးမှာ စင်ကာပူနိုင်ငံဖြစ်ပြီး ယင်းနောက်တွင် ဩစတြေးလျနှင့်ထိုင်းတို့လိုက်ကြောင်း အဲရစ်ဆင်မိုဘိုင်းဆက်သွယ်ရေးကုမ္ပဏီက ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၌ မိုဘိုင်းဖုန်းများတွင် အသုံးပြုသော အင်တာနက်မြန်နှုန်းမှာ တစ်စက္ကန့်လျှင် ကီလိုဘိုက် ၁၆၀ သုံးထားသည်။ စင်ကာပူက တစ်စက္ကန့်လျှင် ကီလိုဘိုက် ၂၁၈၇၀ သုံးထားသည်။ ဩစတြေးလျက ၁၁၁၉၀ ကီလိုဘိုက်နှင့် ထိုင်းက ၂၃၈၀ ကီလိုဘိုက်သုံးထားသည်။

စင်ကာပူနှင့်ဩစတြေးလျတို့သည် မြန်နှုန်းမြင့်အင်တာနက်အသုံးပြုသူများအတွက် အလွန်အဆင်ပြေပြီး ဗီဒီယိုဖိုင်များနှင့် ဗီဒီယိုဖုန်းဆက်သွယ်မှုများအတွက် လျင်မြန်စွာလုပ်ဆောင်နိုင်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# ယီမင်မြို့တော်ကို ဆော်ဒီလေယာဉ်များတိုက်ခိုက်

**ဆာနား စက်တင်ဘာ ၅**

ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့မှ လေယာဉ်များသည် ယီမင်မြို့တော်ဆာနားရှိ ဟူသီတိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသည့် အဆောက်အအုံများနှင့် သမ္မတဟောင်း အလီအဗ္ဗဒူလ်ဆာလီ၏ သစ္စာခံတပ်များကို ယမန်နေ့ညပိုင်းက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်က ဖော်ပြ သည်။

အဆိုပါတိုက်ခိုက်မှုသည် စက်တင်ဘာ ၄ ရက်က ညွန့်ပေါင်းတပ်ဖွဲ့ဝင် အနည်းဆုံး ၅၀ သေဆုံးပြီးနောက် ဆင်နွှဲခဲ့သော တိုက်ပွဲတစ်ရပ်ဖြစ်သည်။ ပစ်မှတ်ထားတိုက်ခိုက်သော အဆောက်အအုံများတွင် ဆာနားရှိ ကာကွယ်ရေးဝန်ကြီးဌာန အဆောက်အအုံဖြစ်ပြီး အကြီးအကျယ် ထိခိုက်ပျက်စီးသွားခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် ဆာလီ၏စခန်းများ၊ သမ္မတအိမ်တော်ဝင်းနှင့် အထူးလုံခြုံရေးတပ်စခန်းကို ထိမှန်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

စက်တင်ဘာ ၄ ရက်က ဟူသီဆန့်ကျင်ရေးတိုက်ပွဲတွင် ဘာရိန်းနှင့် ယူအေအီးတို့မှ တပ်ဖွဲ့ဝင် အနည်းဆုံး ၅၀ ထက်မနည်း သေဆုံးခဲ့ကြောင်း၊ ယင်းတိုက်ပွဲသည် အဆိုးရွားဆုံးသော တိုက်ပွဲဖြစ်ကြောင်းသတင်း၌ ဖော်ပြသည်။ **(ရိုက်တာ)**





# ထန်ကျင့်ပေါက်ကွဲမှုအတွက် အထိမ်းအမှတ်အဆောက်အအုံဆောက်လုပ်

**ပေကျင်း စက်တင်ဘာ ၅**

လွန်ခဲ့သည့်လက တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဆိပ်ကမ်းမြို့၌ ပေါက်ကွဲမှုနှစ်ခုကြောင့် လူပေါင်း ၁၆၀ သေဆုံးခဲ့သည့်အတွက် ထန်ကျင့်တွင် အထိမ်းအမှတ်အဆောက်အအုံကို တရုတ်အာဏာပိုင်များက တည်ဆောက်မည်ဟု နိုင်ငံပိုင်မီဒီယာများ၌ ဖော်ပြထားသည်။

အဆိုပါအဆောက်အအုံ၌ ပန်းခြံတစ်ခုထည့်သွင်းတည်ဆောက်မည်ဖြစ်ပြီး မူလတန်းကျောင်းများနှင့် သူငယ်တန်းကျောင်းသားများအတွက် ရည်ရွယ်ဆောက်လုပ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံရှိ စက်ရုံများ၌ ပေါက်ကွဲမှုများဖြစ်ပွားလေ့ရှိရာ ထန်ကျင့်ပေါက်ကွဲမှုသည် ကြောက်မက်ဖွယ်ရာအကောင်းဆုံးပေါက်ကွဲမှုတစ်ခုဖြစ်ပြီး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသော စီးပွားရေးတွင် လုံခြုံစိတ်ချရမှုအဆင့်အတန်းမှာ မေးခွန်းထုတ်စရာပင်ဖြစ်သည်။

**(ရိုက်တာ)**

# အသည်းကြားက မဲတစ်ပြား ပယ်မဲမဖြစ်သွားစေရေးအတွက်

**၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပတော့မည်ဖြစ်ရာ ရက်ပေါင်း (၆၃) ရက်သာ လိုပါတော့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးရန် အရေးကြီးသကဲ့သို့ မိမိပေးလိုက်သော မဲများသည်လည်း ပယ်မဲမဖြစ်စေရန် ပို၍ပင် အရေးကြီးပါသည်။**

**သို့ဖြစ်ခြင်းကြောင့် ခိုင်လုံမဲ၊ ပယ်မဲများနှင့် ပတ်သက်၍ အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အလို့ငှာ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၆ နှင့် ၁၁တို့တွင် ဖော်ပြခဲ့သော ''ပယ်မဲ မဖြစ်ရေး'' ဆောင်းပါးမှ သိမှတ်ဖွယ်ရာများကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

မဲစာရင်းတွင်ပါဝင်ပြီး မဲပေးခွင့်ရရှိသော်လည်း မိမိဆန္ဒပြုလိုက်သည့် မဲလက်မှတ်သည် ခိုင်လုံမဲဖြစ်ရန် အလွန်အရေးကြီးပါသည်။ မိမိဆန္ဒပြုလိုက်သော မဲလက်မှတ်သည် အကယ်၍ ပယ်မဲဖြစ်သွားမည်ဆိုပါက တန်ဖိုးမဲ့သည့် မဲဖြစ်သွားပြီး မိမိ၏ကြိုးပမ်းအားထုတ်မှုများသည် အချည်းနှီးဖြစ်သွားသည်သာမက နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုတစ်ခုဖြစ်ပါမည်။ မဲဆန္ဒရှင်အများအပြား လာရောက်မဲပေးကြသော်လည်း ပယ်မဲများ များပြားသွားမည်ဆိုပါက မဲဆန္ဒရှင်အနည်းစု၏ ဆန္ဒကိုသာဖော်ပြသကဲ့သို့ ဖြစ်သွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအတွက် နိုင်ငံတော်မှ ရင်းနှီးခဲ့ရသော အချိန်၊ ငွေနှင့် လူအရင်းအမြစ်များ အလဟဿဖြစ်သွားပါမည်။ ထို့ကြောင့် မဲဆန္ဒရှင်တိုင်း မိမိတို့ ဆန္ဒပြုလိုက်သောမဲသည် ခိုင်လုံမဲ ကျိန်းသေပေါက်ဖြစ်ရန် အလွန်အရေးကြီးပါသည်။

ယခုလာမည့် ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၌ ယခင်က ကျင်းပပြီးစီးခဲ့သော ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲ၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သော ဘောပင်ဖြင့် အမှန်ခြစ် ခြစ်၍ ဆန္ဒပြုသည့်နည်းအစား တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုသောနည်းကို ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါသည်။ ယခင်က ကျင့်သုံးခဲ့သော ဆန္ဒပြုရာတွင် စာရေးသားလေ့မရှိသော တောသူ တောင်သားများနှင့် အခြေခံလူတန်းစားများအတွက် အခက်အခဲဖြစ်ခြင်း၊ ဘောပင်နှင့် မဲလက်မှတ်စာရွက်၏ အရည်အသွေးကြောင့် တစ်ခါတစ်ရံ အမှန်ခြစ် ခြစ်ရာတွင် ထင်ရှားမှုမရှိသဖြင့် ပယ်မဲများ များပြားရသည်ကို တွေ့ကြုံခဲ့ရပါသည်။ ထို့ကြောင့် တောင်ကိုရီးယား၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ရိုမေးနီးယား၊ တူရကီ . . . စသည့် နိုင်ငံများတွင် ကျင့်သုံးသည့် တံဆိပ်တုံးနှင့် ဆန္ဒပြုခြင်းကို ပြောင်းလဲကျင့်သုံးရန် စီစဉ်ခြင်းဖြစ်ပါသည်။

**ဘောပင်ဖြင့် အမှန်ခြစ် ခြစ်၍ ဆန္ဒပြုသည့်နည်းအစား တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုသောနည်းကို ပြောင်းလဲကျင့်သုံးမည်ဖြစ်**



နမူနာ-၁



နမူနာ-၂

မဲဆန္ဒရှင်များသည် မဲလက်မှတ် နမူနာ(၁)တွင် ပြထားသည့်အတိုင်း မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်၏ ညာဘက်တွင်ရှိသော လေးထောင့်အကွက်၌ တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ဖော်ပြပါ အကွက်အတွင်း၌ တံဆိပ်ကို လွယ်ကူစွာနှိပ်နိုင်ရန်အတွက် တံဆိပ်တုံး၏အရွယ်အစားကို အဆိုပါအကွက်၏ အရွယ်အစားထက် အတန်ငယ်သေး၍ ထားပါသည်။

မဲဆန္ဒရှင်တိုင်းသည် မဲလက်မှတ်နမူနာ(၁)တွင် ပြထားသည့်အတိုင်း အမှန်ခြစ်တံဆိပ်ကို မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်၏ညာဘက်ရှိ အကွက်တွင် လုံးဝ ဝင်နေအောင် နှိပ်လိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ကျန်ခိုင်လုံမဲ နမူနာများကို ပြသထားခြင်းမှာ ဗဟုသုတအဖြစ် သိရှိနိုင်ရန် ဖြစ်ပါသည်။

အကယ်၍ မိမိနှိပ်လိုက်သော တံဆိပ်သည် နမူနာ(၂)တွင် ပြထားသည့်အတိုင်း မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အကွက်အတွင်းသို့ တစ်ခုလုံး မကျရောက်ဘဲ အကွက်၏အပေါ်သို့ ကျရောက်သွားလျှင်လည်း ပယ်မဲမဖြစ်သွားပါ။

*(ဆက်လက်ဖော်ပြပါမည်)*

# လေ့လာစရာ ရွေးကောက်ပွဲဆိုင်ရာ သတ်မှတ်ပုံစံများ

အမေးနှင့်အဖြေ-မင်းမင်းဇော်(သတင်းစဉ်)
ဓာတ်ပုံ-မောင်သစ္စာ

**မြန်မာနိုင်ငံ၌ ၁၉၄၇၊ ၁၉၅၁ ၊ ၁၉၆၅ ၊ ၁၉၇၃၊ ၁၉၇၇၊ ၁၉၈၁ ၊ ၁၉၈၅ ၊ ၁၉၉၀ နှင့် ၂၀၁၀ ပြည့်နှစ်များတွင် အထွေထွေရွေးကောက်ပွဲများနှင့် ရွေးချယ်တင်မြှောက်ပွဲများကျင်းပခဲ့ကြပြီး ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပွင့်လင်းမြင်သာမှုရှိသည့် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်သည်။**

ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ၂၀၁၀ ပြည့်နှစ် မတ် ၃ ရက်တွင် အမိန့်အမှတ် (၃/၂၀၁၀)ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုလည်းကောင်း၊ အမိန့်အမှတ် (၄/ ၂၀၁၀)ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို လည်းကောင်း၊ အမိန့်အမှတ်(၅/၂၀၁၀)ဖြင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများကိုလည်းကောင်း အသီးသီးထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။



ဦးမြင့်နိုင် (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)

ထိုသို့ ထုတ်ပြန်ထားသည့် လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၂၀၁၀ ပြည့်နှစ် မတ် ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၀) ဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၀)ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်သာမက အကောင်အထည်ဖော်ဆောင်ရွက်မှု ရှင်းလင်းလွယ်ကူတိကျစေရန် ရွေးကောက်ပွဲနည်း ဥပဒေများတွင် ရွေးကောက်ပွဲပုံစံများကိုလည်း သတ်မှတ်ခဲ့ကြသည်။

ထို့ကြောင့် ရွေးကောက်ပွဲနည်းဥပဒေများပါ သတ်မှတ်ပုံစံများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ကောက်နုတ်တင်ပြရေးသားလိုက်ရပါသည်။

**မောင်ဖိုးဇော်(မေး) ။ ဒီရွေးကောက်ပွဲနည်းဥပဒေများပါ ပုံစံတွေကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ သတ်မှတ်ခဲ့တာပါလဲ။**

ဦးမြင့်နိုင်(ဖြေ) ။ ရွေးကောက်ပွဲပုံစံတွေကို ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွေက အသုံးပြုဖို့ရှိရင် အလွယ်တကူသိရှိနားလည်နိုင်စေဖို့၊ ဘယ်လိုပုံစံကို ဘယ်လိုကိစ္စအတွက် အသုံးပြုတယ်ဆိုတာကို အလွယ်တကူလေ့လာသိရှိနိုင်ဖို့၊ မိမိသိလိုတဲ့အကြောင်းအချက် တစ်စုံတစ်ရာကို ဘယ်ပုံစံမှာကြည့်ရမယ်ဆိုတာကို အလွယ်တကူသိရှိနိုင်ဖို့၊ ရွေးကောက်ပွဲပုံစံတွေ မှန်မှန်ကန်ကန်အသုံးပြုပြီး မှန်မှန်ကန်ကန်ဖြည့်စွက်ကြခြင်းဖြင့် ဥပဒေနဲ့ညီညွတ်ပြီး လွတ်လပ်ပြီးတရားမျှတတဲ့၊ အများယုံကြည်လက်ခံတဲ့၊ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်တဲ့အကြောင်း ပေါ်လွင်ထင်ရှားစေဖို့နဲ့ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုတွေ ပပျောက်စေဖို့ ဒါမှမဟုတ် လျော့နည်းသွားစေဖို့ ရည်ရွယ်ပါတယ်။

**မေး ။ ပုံစံ (၁) ဆိုတာလေးရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ ပုံစံ(၁) ဆိုတာ နည်းဥပဒေ ၄ (က)အရ သတ်မှတ်ထားတဲ့ လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းဖြစ်တယ်။ လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေ ဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတွေက လက်မှတ်ထိုးရတယ်။ လိုအပ်တာတွေဖြည့်သွင်းဖို့ ပုံစံရဲ့ကျောဘက်မှာ ရှင်းလင်းချက်တွေ ရေးသားထားတယ်။ ရွေးကောက်ပွဲမကျင်းပမီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားတဲ့ အတိုင်း ကြိုတင်ကြေညာရပါတယ်။

**မေး ။ ပုံစံ(၂)ဆိုတာ ဘာအဓိပ္ပာယ်ကို ဆိုလိုတာပါလဲ။**

ဖြေ ။ နည်းဥပဒေ(၈)အရ သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ လွှတ်တော်မဲစာရင်းပုံစံ(၁)နဲ့စပ်လျဉ်းတဲ့ ကြော်ငြာဖြစ်ပါတယ်။ မဲစာရင်းကို လာရောက်ကြည့်ရှုကြဖို့အတွက် မဲဆန္ဒရှင်တွေကို အသိပေးတဲ့ကြော်ငြာလည်းဖြစ်ပါတယ်။ အဲဒီမှာ မဲစာရင်းမှာ မိမိအမည်မပါရင် ထည့်သွင်းပေးဖို့ ပုံစံ(၃)နဲ့တောင်းဆိုခြင်း၊ ကန့်ကွက်ဖို့ရှိရင် ပုံစံ(၄)နဲ့ ကန့်ကွက်ခြင်း၊ ပြင်ဆင်ဖို့ရှိရင် ပုံစံ(၄- ဂ) နဲ့ ပြင်ဆင်နိုင်ကြောင်း ဖော်ပြထားပါတယ်။ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လက်မှတ်ရေးထိုးရတယ်။ ဖြည့်စွက်ပြောချင်တာက ပုံစံ (၁-က) နဲ့ ပုံစံ(၂-က) တွေက အသုံးပြုပုံတူညီတယ်။ ထူးခြားချက်က တိုင်းရင်းသားလူမျိုး လွှတ်တော်အတွက် မဲစာရင်းတွေဖြစ်တယ်။

**မေး ။ ပုံစံ (၃-ခ) ဆိုတာ ဘာပါလဲခင်ဗျာ။**

ဖြေ ။ နည်းဥပဒေ(၁၀-ဂ) အရသတ်မှတ်ထားတဲ့ မဲစာရင်းကနေ အမည်ပယ်ဖျက်ပေးဖို့တောင်းဆိုတဲ့ တောင်းဆိုလွှာဖြစ်တယ်။ မဲဆန္ဒနယ်ပြင်ပကို ရက်ပေါင်း ၁၈၀ ထက်ကျော်လွန်ရောက်ရှိနေတဲ့ မဲဆန္ဒရှင်တစ်ဦးက သူရောက်နေတဲ့ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲမဲစာရင်းမှာ ထည့်သွင်းပေးဖို့ လျှောက်ထားချက်အရ အဲဒီ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းထည့်သွင်းပေးပြီးတဲ့နောက် မူလမဲဆန္ဒနယ်မှာရှိတဲ့ မဲစာရင်းမှာ ပါနေတဲ့အမည်ကို ပယ်ဖျက်ပေးဖို့ မိမိမြို့နယ်ကော်မရှင်အဖွဲ့ခွဲကို တင်ပြရခြင်းဖြစ်ပါတယ်။ မိမိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကတစ်ဆင့် မဲစာရင်းရှိတဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို ပုံစံ (၃-ခ) သုံးစောင်ဆက်လက်ပေးပို့ရပါတယ်။

**မေး ။ ပုံစံ (၁၁-ခ) ရဲ့အဓိပ္ပာယ်က ဘာကိုဆိုလိုတာပါလဲခင်ဗျာ။**

ဖြေ ။ နည်းဥပဒေ ၄၀(ခ)အရ သတ်မှတ်ထားတဲ့ ရပ်ကွက် ဒါမှမဟုတ် ကျေးရွာအုပ်စု အဖွဲ့ခွဲတွေက မဲရုံမှူးကို ဆန္ဒမဲလက်မှတ်ထုတ်ပေးတဲ့စာရင်းဖြစ်ပါတယ်။ လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲလက်မှတ်တွေကို ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွေက မဲရုံမှူးတွေကို ထုတ်ပေးရာမှာ အသုံးပြုတဲ့ပုံစံလည်းဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ်အုပ်အရေအတွက်နဲ့ အရွက်အရေအတွက်ကို မှန်ကန်စွာဖြည့်သွင်းဖို့ လိုအပ်တယ်။ ထုတ်ပေးတဲ့သူအနေနဲ့ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးက လက်မှတ်ရေးထိုးပြီး လက်ခံရရှိသူအနေနဲ့ မဲရုံမှူးက လက်မှတ်ရေးထိုးရတယ်။ အဲဒီပုံစံကို နှစ်စောင်ပြုစုကာ တစ်စောင်ကို ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲက လက်ခံသိမ်းဆည်းပြီး တစ်စောင်ကို မဲရုံမှူးက သိမ်းဆည်းထားရမှာဖြစ်ပါတယ်။

**မေး ။ ပုံစံ (၁၃) ဆိုတာက ဘာကိုဆိုလိုတာလဲခင်ဗျာ။**

ဖြေ ။ နည်းဥပဒေ ၅၀(ဆ)အရ သတ်မှတ်ထားတဲ့ မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးသူများစာရင်းဖြစ်ပါတယ်။ လွှတ်တော်တစ်ရပ်စီအတွက် မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေ ကြိုတင်ဆန္ဒမဲပေးပြီးတဲ့အခါ ပြုစုရတဲ့ပုံစံလည်းဖြစ်ပါတယ်။ မဲစာရင်းအမှတ်စဉ်၊

*(ဆက်လက်ဖော်ပြပါမည်)*

# စဉ်ဆက်ပညာရေး၏ကောင်းကျိုးရလဒ်

နတ္တလင်း-ကိုသစ်ရိုင်း

**စိတ်ကိုအသိဉာဏ်က အုပ်စိုး၏။**
**အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၏။**
**ဗဟုသုတကို စာပေက အုပ်စိုး၏။**

စာပေတတ်မြောက်မှုသည် လူ့ဘောင်လောကတွင် အဓိကအရေးပါကြောင်း သိသာထင်ရှားလှပေသည်။ သို့ဖြစ်၍ စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းသည် အရေးကြီးသောအစိတ်အပိုင်း အခန်းကဏ္ဍတစ်ခုအဖြစ် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းကြီးတစ်ခုဖြစ်လာပါသည်။ ထို့ကြောင့် စဉ်ဆက်ပညာရေး(Continuing Education)ကို အားသွန်ခွန်စိုက် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

'စဉ်ဆက်ပညာရေး' ဟူသည် မူလတန်းပညာရေးနှင့် အခြေခံစာတတ်မြောက်ပြီးသူများအတွက် ၎င်းတို့၏ လိုအင်ဆန္ဒအရ ပညာရေးအခွင့်အလမ်းများပေးသည့် ကျောင်းတွင်း၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်များဖြစ်သည်။ အာရှ-ပစိဖိတ်နိုင်ငံများတွင် စဉ်ဆက်ပညာရေးအစီအစဉ်ခြောက်မျိုး သတ်မှတ်ထားသည်။ ၎င်းတို့မှာ စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ် (Post Literacy Programme)၊ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ် (Income Generation Programme)၊ ဘဝသာယာရေး အစီအစဉ် (Quality of Life Improvement Programme)၊ တစ်ဦးချင်းဝါသနာပါရာလုပ်ငန်းအစီအစဉ် (Individual Interest Improvement Programme)၊ အနာဂတ် ဦးတည်ပညာရေးအစီအစဉ်(Future Oriented Programme)နှင့် ကျောင်းပညာရေးနှင့် တန်းညှိအစီအစဉ် (Equivalency Programme) တို့ဖြစ်သည်။

ကမ္ဘာကြီးတွင် လူ့စွမ်းအားဖြင့် တွေးခေါ်ကြံဆမှု၊ ဆန်းသစ်တီထွင်မှုတို့ကြောင့် ပညာရပ်များသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာအဆက်မပြတ်ပြောင်းလဲတိုးတက်လျက်ရှိသည်။ ယခုအချိန်အခါသည် လူကြီးလူငယ်မရွေး လူတိုင်းလူတိုင်း တစ်သက်တာကိုယ်တိုင်သင်ယူသူ (Life Long Learner)များ ဖြစ်ရေးအတွက် အစဉ်အမြဲ ကြိုးစားသင်ယူကြရန် အရေးကြီးလှသည်။ သို့မှသာ မိမိလှုပ်ရှားရုန်းကန်နေရသော လူ့အဖွဲ့အစည်းသည် အစဉ်သင်ယူနေသည့် လူ့အဖွဲ့အစည်း ဖြစ်လာပေမည်။

စဉ်ဆက်ပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် မူလတန်းပညာရေးနှင့် အခြေခံစာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ ဝင်ငွေတိုးလုပ်ငန်း အစီအစဉ်၊ ဘဝသာယာရေး အစီအစဉ်နှင့် ကျောင်းပညာရေးနှင့် တန်းညှိအစီအစဉ်ဟူသော လုပ်ငန်းကြီး (၄)ရပ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန (Myanmar Literacy Resource Centre-MLRC) သည် 'အ'သုံးလုံးသက်ကြီးသင်နည်း၊ စဉ်ဆက်ပညာရေးအတွက် စာအုပ်ငယ်များ၊ ဗီဒီယိုခွေများ၊ ကျောင်းပြင်ပပညာရေးလုပ်ငန်း သင်တန်းဆွေးနွေးပွဲများ အစရှိသည်တို့ကို ရေးသားပြုစုလျက် စာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို အထောက်အကူပြုလျက်ရှိသည်။

စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်တွင် အခြေခံစာတတ်မြောက်ပြီးသူများအတွက် တတ်မြောက်ပြီးစာများမမေ့စေရန်နှင့် စာကို ဘဝအတွက်အကျိုးရှိစွာ အသုံးချတတ်ရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စာဖတ်သူ၏ စိတ်ဝင်စားမှုကို အလေးထားသည့် အကြောင်းအရာများကို ဦးစားပေးရပါသည်။ ထို့မှတစ်ဆင့် အကျိုးပြုစာပေများကို ဆက်လက်လေ့လာဖတ်ရှုစေသင့်ပါသည်။

ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်တွင် အသိပညာနှင့် ကျွမ်းကျင်မှုဟူ၍ နှစ်မျိုးရှိရာ အသိပညာပိုင်းတွင် ပေါင်းသင်းဆက်ဆံရေး၊ နေ့စဉ်သုံးအခြေခံသင်္ချာ၊ စီမံခန့်ခွဲမှု၊ ဆက်သွယ်ရေး၊ ကြံဆတီထွင်မှုစသည်တို့ ဖြစ်ပြီး ကျွမ်းကျင်မှုအပိုင်းတွင် လက်မှုပညာ၊ စက်မှုပညာ၊ လျှပ်စစ်နှင့်ပတ်သက်သောပညာ၊ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ ဆောက်လုပ်ရေးပညာစသည်တို့ ဖြစ်သည်။

ဘဝသာယာရေးအစီအစဉ်တွင် ကျန်းမာရေး၊ ရောဂါအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကာကွယ်ဆေးထိုးရေး၊ ကျောင်းနေအရွယ်ကလေးကျောင်းရောက်ရေးနှင့် ကျောင်းမြဲရေးစသည့် လူမှုဘဝလိုအပ်ချက်များအား သင့်တော်သည်တို့ကို ရွေးချယ်၍ လုပ်ကိုင်ရန် ဖြစ်သည်။

ကျောင်းပညာရေးနှင့် တန်းညှိအစီအစဉ်တွင် အထွေထွေ သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းပညာရေးကို အခြားနည်းလမ်းများဖြင့် ရယူနိုင်စေရန် စီစဉ်ရေးဆွဲထားသောအစီအစဉ်များကို ကျောင်းပညာရေးနှင့် တန်းညှိအစီအစဉ်ဟုခေါ်သည်။ ကျောင်းပြင်ပရှိ ကလေးသူငယ်များ၊ လူငယ်များနှင့် လူကြီးများသည် အခြေခံပညာရေးနှင့် စဉ်ဆက်ပညာရေးကို တန်းညှိအစီအစဉ်တွင် သင်ယူနိုင်ကြသည်။

မြန်မာနိုင်ငံတွင် အသက် ၁၀-၁၄ နှစ်အရွယ်ကလေးများဖြစ်သည့် ကျောင်းပညာရေးသင်ယူခွင့် လုံးဝမရသေးသူများ၊ မူလတန်းပညာရေး ပြီးဆုံးအောင်မသင်ယူလိုက်နိုင်သူများ၊ ကျောင်းနေလိုသော်လည်း ကျောင်းတက်ချိန်တွင် အကြောင်းကြောင်းကြောင့် ကျောင်းမတက်နိုင်သူများ၊ မိမိနှင့်မိသားစုဘဝများကို စား၊ ဝတ်၊ နေရေးတို့အတွက် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရသူများအတွက် ကျောင်းပြင်ပ မူလတန်းပညာရေး (Non-Formal Primary Education- NFPE) ကို မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာနသည် ယူနီဆက်ဖ်နှင့် အလှူရှင်များ၏ ပူးပေါင်းကူညီမှုဖြင့် နှစ်စဉ်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ထိုအစီအစဉ်ကြောင့် တက်ရောက်ပညာသင်ယူသူများသည် အခြေခံပညာမူလတန်းအဆင့် သင်ယူမှုပြီးဆုံးခြင်းနှင့် အလယ်တန်းအဆင့်သို့ တက်ရောက်ပညာသင်ယူနိုင်ခြင်း အကျိုးတရားများရရှိနိုင်မည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာနသည် Y Care နှင့် ပူးပေါင်း၍ ဝင်ငွေတိုးလုပ်ငန်း၏အခြေခံဖြစ်သော

(၁) မော်တော်ဆိုင်ကယ်ပြင်နည်း
(၂) ဝင်ငွေတိုးစရာ စက်ချုပ်အတတ်ပညာ
(၃) အခြေခံလျှပ်စစ်ပညာ
(၄) ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်ခြင်း
(၅) အလုမိနီယမ်နှင့်စတီးလ်လုပ်ငန်းနှင့်
(၆) လုပ်ငန်းခွင် လူမှုဆက်ဆံရေးအကြောင်း သိကောင်းစရာ

တို့ကို ရေးသားပြုစုလျက်ရှိသည်။

မော်တော်ဆိုင်ကယ်ပြင်နည်းစာအုပ်သည် မြန်မာနိုင်ငံအတွက် ခေတ်နှင့်လျော်ညီသော စာအုပ်တစ်အုပ်ဖြစ်သည်။ ဤစာအုပ်တွင် အစိတ်အပိုင်းဘိုးနပ်များ၊ အင်ဂျင်အစိတ်အပိုင်းများ၊ စက်နှိုးရန်မီးပေးစနစ်၊ ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာများ၊ စက်နှိုးမရခြင်း အကြောင်းရင်းများ၊ EFI အင်ဂျင်အကြောင်း သိကောင်းစရာ၊ ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် စည်းကမ်းများနှင့် လမ်းညွှန်အမှတ်အသားများကို စုံလင်စွာ ရေးသားပြုစုထားသဖြင့် စာရှုသူတိုင်း ဗဟုသုတများတိုးပွားရရှိလျက် လက်တွေ့အသုံးချနိုင်မည်ဟု ယုံကြည်မိသည်။

ဝင်ငွေတိုးစရာ စက်ချုပ်အတတ်ပညာစာအုပ်တွင် စက်ချုပ်အတတ်ပညာနှင့် ပတ်သက်သော အခြေခံအသိပညာများ၊ အမျိုးသမီးဝတ်အင်္ကျီချုပ်နည်း၊ ကလေးဝတ်အင်္ကျီများ၊ အမျိုးသမီး(လူလတ်)ဝတ်များ၊ လုံချည်၊ စကပ်ချုပ်နည်း၊ ဘော်လီအင်္ကျီနှင့် အမျိုးသားဝတ်အင်္ကျီချုပ်နည်းတို့ကို ဖော်ပြထားရာ လက်တွေ့လုပ်ဆောင်ခြင်းဖြင့် လွန်စွာအကျိုးများလှသည်ဟု ယူဆမိသည်။

အခြေခံလျှပ်စစ်ပညာစာအုပ်သည် လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာသည့် လူ့အဖွဲ့အစည်းတွင် အိမ်ထောင်စုတိုင်း မရှိမဖြစ် အိမ်သုံးအဖြစ် လက်ကိုင်ထားရမည့်စာအုပ်ဖြစ်ပြီး ဆောင်ရန်ရှောင်ရန်တို့ကို ဖတ်မှတ်လေ့လာလျက် စနစ်တကျအကျိုးရှိစွာအသုံးချရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ထိုစာအုပ်တွင် အခြေခံလျှပ်စစ်ပညာ၊ အခြား အီလက်ထရွန်နစ်ပစ္စည်းများ၊ ချို့ဝက်လျှပ်ကူးပစ္စည်း၊ ထရန်စစ္စတာနှင့် အင်ဗာတာတို့ကို အခန်းလိုက် ခွဲခြားတင်ပြထားသည်။

ဆံပင်နှင့် မိတ်ကပ်အလှပြုပြင်ခြင်း စာအုပ်သည်လည်း ခေတ်နှင့်အညီနေထိုင်ကြသော လူ့အဖွဲ့အစည်း၌ သိရှိထားသင့်သော အတတ်ပညာဗဟုသုတများ ပေးစွမ်းသဖြင့် လေ့လာဆည်းပူးစရာ စာအုပ်တစ်အုပ်ဖြစ်သည်။

အလူမိနီယမ်နှင့် စတီးလ်လုပ်ငန်းထုတ်ကုန်များကို အိမ်ထောင်စု၊ အဖွဲ့အစည်းတို့တွင် ခိုင်ခံ့မှု၊ သေသပ်လှပမှု၊ အသုံးဝင်မှုတို့ကြောင့် အသုံးတွင်ကျယ်လာသည်ဖြစ်ရာ ထိုလုပ်ငန်း၏ သဘောသဘာဝနှင့် လုပ်ငန်း အဆင့်ဆင့်တို့ကို နားလည်သိရှိထားပါက လုပ်ငန်းလုပ်ဆောင်လိုသူများအနေဖြင့် စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်နိုင်မည် ဖြစ်သည်။

လုပ်ငန်းခွင်လူမှုဆက်ဆံရေးအကြောင်း သိကောင်းစရာနှင့်စပ်လျဉ်း၍ အလုပ်ရှင်နှင့်အလုပ်သမား ဆက်ဆံရေး၊ အလုပ်သမားအချင်းချင်း ဆက်ဆံရေး၊ လုပ်ငန်းနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်နှင့်ဆက်ဆံရေး၊ ပြင်ပလောကနှင့် ဆက်ဆံရေး၊ စည်းကမ်းလိုက်နာရေးတို့သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ ဤစာအုပ်သည်လည်း စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူမှုအကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

ဖော်ပြပါ စာအုပ်ခြောက်အုပ်ကို ရေးသားပုံနှိပ်ဖြန့်ချိလျက် လက်တွေ့သင်တန်းများ ပို့ချပေးမည်ဖြစ်ရာ မူလတန်းပညာရေးနှင့် အခြေခံစာတတ်မြောက်ပြီးသူများအတွက် လူနေမှုနယ်ပယ်တွင် လက်တွေ့အသုံးပြုနိုင်မည်ဖြစ်၍ လူမှုစီးပွားရေးအခြေအနေများ တိုးတက်လာမည်ဖြစ်ကြောင်း စဉ်ဆက်ပညာရေး၏ ကောင်းကျိုးရလဒ်များအဖြစ် ရေးသားလိုက်ရပါသည်။ ။

**□ စဉ်ဆက်ပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် မူလတန်းပညာရေးနှင့် အခြေခံစာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်၊ ဘဝသာယာရေးအစီအစဉ်နှင့် ကျောင်းပညာရေးနှင့် တန်းညှိအစီအစဉ်ဟူသော လုပ်ငန်းကြီး (၄)ရပ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိ**

# တတိယအကြိမ် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၅ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၅**

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုများကို တစ်စိတ်တစ်ပိုင်း အထောက်အကူပြုနိုင်ရန်၊ အိမ်ရာများ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုအသေးစိတ်အချက်အလက်များကို ပြပွဲလာရောက်လေ့လာသူများအား တိုက်ရိုက်ထိတွေ့ ရှင်းလင်းပြသနိုင်စေရန်၊ ပြည်တွင်း ပြည်ပကုမ္ပဏီများ ပါဝင်ပြသမည်ဖြစ်သောကြောင့် လုပ်ငန်းရှင်ကြီးများအချင်းချင်း ဈေးကွက်၏ အားနည်းချက်၊ အားသာချက်ကိုသုံးသပ်၍ ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရှာဖွေနိုင်စေရန် ရည်ရွယ်ကာ တတိယအကြိမ် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၅ ( The 2nd Housing & Living 2015 ) ပြပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ခင်းကျင်းပြသရန် Dagon Exhibition Limited က စီစဉ်နေကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် နာမည်ကြီး အိမ်၊ ခြံ၊ မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းရှင်ကြီးများက ၎င်းတို့၏ အတွေ့အကြုံနှင့် ဗဟုသုတများကို ဆွေးနွေးဟောပြောမည်ဖြစ်သည်။

**ခင်မောင်သော်**



**နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ အား/ကာ ရန်ပုံငွေ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲအဖြစ် နိုင်ငံကျော် အနုပညာရှင်များဖြစ်သည့် ရာဇာနေဝင်း၊ ဖိုးချစ်၊ ထွန်းထွန်း၊ နေဒွေး၊ ဝေလွှ၊ ဇော်လင်းထွန်းတို့ ပါဝင်သည့် (FOOTBALL CRAZY) ဘောလုံးရူးလေးများ အသင်းနှင့် တပ်ကုန်းမြို့နယ် ညွှန့်ပေါင်းအသင်းတို့ စက်တင်ဘာ ၅ ရက် ညနေက မြို့နယ်ပြည်သူ့ အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြစဉ်။**

တင်ထွန်းတာ

# ရေကြီးနစ်မြုပ် လယ်မြေများအား ကောက်စိုက်စက်ဖြင့် သရုပ်ပြကောက်စိုက်

**အောင်လံ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ဇေယျာကျေးရွာအုပ်စု ကွင်းအမှတ်(၁၉၈ A) တောင်သူ ဦးသန်းလွင်၏ လယ်မြေတွင် ကောက်စိုက်စက်ဖြင့် သရုပ်ပြကောက်စိုက်ခြင်းကို စက်တင်ဘာ ၄ ရက်က ကျင်းပသည်။

ယင်းသရုပ်ပြကောက်စိုက်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမောင်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။



ကောက်စိုက်စက်ဖြင့် ကောက်စိုက်ခြင်းအားဖြင့် ရေကြီးနစ်မြုပ် လယ်မြေများအား လုပ်သားအင်အားမလိုဘဲ အချိန်တိုအတွင်း အချိန်မီပြီးစီးအောင် စိုက်ပျိုးနိုင်မည်ဖြစ်ပြီး သာမန်ပျိုးထောင်မှုတွင် တစ်ဧကလျှင် မျိုးစေ့နှစ်တင်းမှ သုံးတင်းအထိ ကုန်ကျမည်ဖြစ်သော်လည်း ပျိုးကြဲစက်ဖြင့် ပျိုးထောင်ပါက တစ်ဧကမျိုးစေ့တစ်တင်းသာ ကုန်ကျမည်ဖြစ်သဖြင့် မျိုးစေ့အကုန်အကျသက်သာမည်ဖြစ်ပြီး တစ်ဧကလျှင် ကောက်ပင် ၁၃၀၀၀၀ ဝင်ဆံ့သဖြင့် တောင်သူများအဖို့ လုပ်သားရှားပါးမှုကို ကျော်လွှားနိုင်ပြီး အချိန်တိုအတွင်း စိုက်ပျိုးနိုင်မှုနှင့် စပါးအထွက်တိုးရေးတို့အတွက် များစွာအကျိုးကျေးဇူးရှိမည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(မြန်/ဆက်)**

# ရွှေလီကျယ်ခေါင်ရောက် အလှူရှင်များက ရေဘေးသင့်ပြည်သူများသို့လှူဒါန်း

**ပုသိမ် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များသို့ တရုတ်နိုင်ငံ ရွှေလီနှင့် ကျယ်ခေါင်တွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသော မြန်မာနိုင်ငံသားများက ဆန်၊ ဆီ၊ အဝတ်အထည်၊ ရေသန့်ဘူးများကိုယ်တိုင် လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၈ ရက်က ရေကြည်မြို့နယ် ရေဘေးသင့်ရွာများဖြစ်သော ဘုရားငူအနောက်၊ ဘုရားငူအရှေ့၊ ရွှေနံ့သာ၊ ကျောင်းစု၊ တောင်စုရွာများသို့ လည်းကောင်း၊ ဩဂုတ် ၂၉ ရက်က အသုတ်ဒေသရှိ သစ်ငုတ္တထောင်ကျေးရွာသို့ လည်းကောင်း၊ စက်တင်ဘာ ၃ ရက်က ရေကြည်ဒေသ ကြို့ကုန်းကျေးရွာသို့ လည်းကောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းရှိကျေးရွာသူ၊ ကျေးရွာသားများက တစ်အိတ်ထောင်လျှင် ဆန် ၁၂ ပြည်၊ ဆီ ၅၀သား၊ အဝတ်အစားများ၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ အထွေထွေသုံးစရိတ် ငွေကျပ် ၅၀၀၀ စီ လှူဒါန်းခဲ့ကြသည်။




ထို့အတူ မူဆယ်ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦးနှင့် မူဆယ်ခရိုင်ရဲတပ်ဖွဲ့ဝင်မိသားစုများ လှူဒါန်းငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ဆန်၊ ရေသန့်ဘူး၊ စားသုံးကုန်ပစ္စည်းများနှင့် ရေဒီယိုများကို လိုအပ်သော ကျေးရွာသုံးရွာကိုလည်းကောင်း၊ ထို့အပြင် ရေဘေးသင့်ဒဏ်ခံရသော ကြို့ကုန်းရွာအဝင်တံတားလမ်းပြင်ဆင်ခြင်းများကို မူဆယ်မြို့ စေတနာ ပရဟိတအသင်းမှတစ်ဆင့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရှောင်ရှားကြရန်အကြံပြု

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်မှုအခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ခြောက်ပေခွဲခန့်၊ မော်လိုက်မြို့တွင် ရှစ်ပေခွဲခန့်၊ ကလေးဝမြို့တွင် ငါးပေခန့်၊ မင်းကင်းမြို့တွင် သုံးပေခွဲခန့်နှင့် မုံရွာမြို့တွင် သုံးလက်မခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် တစ်ပေခန့်နှင့် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့တွင် သုံးပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ငါးပေခန့်စီနှင့် မုံရွာမြို့တွင် နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်များနှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုအပ်ပါသည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း နှစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုအပ်ပါသည်။

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွက် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုအပ်ပါသည်။ **(မြန်မာ့အလင်း)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ်မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန် -**

**ဦးခင်မောင်ရီ**
**အမြဲတမ်းအတွင်းဝန်**
**ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉-၂၀၀၇၄၅၄**

တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)



တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)



**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# မော်လိုက်မြို့ ရေဘေးသင့်ပြည်သူများအတွက် လာရောက်ထောက်ပံ့

**မော်လိုက် စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်းသည် စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က မော်လိုက်မြို့ ရေဘေးသင့် ပြည်သူများအတွက် ရေသန့်ကတ် ၂၀ နှင့် ခေါက်ဆွဲခြောက်ဖာ ၂၀ ကို ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ရေဘေးသင့်ပြည်သူများအတွက် လာရောက်ထောက်ပံ့ပေးခဲ့ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့သည်။

မော်လိုက်မြို့ မြို့တော်ခန်းမ၌ စုဆောင်းထားသည့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးမည့် ထောက်ပံ့ရေးပစ္စည်းကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးမည့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ အမြန်ယာဉ်အသေးဖြင့် ဖောင်းပြင်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**မော်လိုက်သား**

# ညောင်တုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း



**ညောင်တုန်း စက်တင်ဘာ ၅**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဘောလုံးအသင်းနှင့် အနုပညာရှင်များက ညောင်တုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် အစားအသောက်နှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့ သွားရောက်လှူဒါန်းခဲ့မှုနှင့်ပတ်သက်၍ "ပြည်သူတွေဆိုတာ ကျွန်တော်တို့ အနုပညာရှင်တွေရဲ့ ကျေးဇူးရှင်တွေပါ။ သူတို့ အခက်အခဲဖြစ်နေတဲ့အချိန်မှာ ကိုယ်နိုင်သလောက် ကူညီပေးတာပါ။ ရေဘေးသင့်ဒေသတွေကို ကိုယ်တိုင်သွားရောက် မလှူရသေးလို့ အခုလို အနုပညာရှင် ညီအစ်ကိုမောင်နှမတွေနဲ့ လာရောက်လှူဒါန်းတာဖြစ်တယ်။ နောက်ထပ် လှူဒါန်းသွားဖို့လည်း စီစဉ်နေပါတယ်" ဟု ဦးစီးဆောင်ရွက်သူ အနုပညာရှင် မင်းထက်က ပြောသည်။

ယင်းသို့ သွားရောက်လှူဒါန်းရာတွင် ညောင်တုန်းမြို့နယ်၊ ပါလှဲအောက်စုအတွင်းရှိ ပါလှဲအပေါ်ပိုင်း၊ ပါလှဲအောက်ပိုင်းနှင့် သုံးအိမ်တန်း ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း ၄၀ ကျော်တန်ဖိုးရှိ ဆန်၊ အစားအသောက်နှင့် ထောက်ပံ့ပစ္စည်းများကို လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် ချင်းပြည်နယ်၊ ဟားခါးမြို့ရှိ သဘာဝဘေး ကြုံတွေ့နေရသည့် ပြည်သူများထံသို့လည်း မကြာမီရက်ပိုင်းအတွင်း သွားရောက်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ ဇော်ကြီး(ပဏီတ)**

❐ *ရှေ့ဖုံးမှ*

ဖော်ထုတ်ပေးလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်မှုဖြစ်ပွားပြီး ရွာသစ်ပြန်လည်တည်ဆောက်ပေးရမည့် ကျေးရွာများမှာ ကျောက္ကာကျေးရွာ၌ အိမ်ထောင်စု ၁၀၅ စု၊ နတ်ကြီးကုန်း(ကာ)ကျေးရွာ၌ အိမ်ထောင်စု ၄၈ စု၊ ကျီကုန်းကျေးရွာ၌ အိမ်ထောင်စု ၁၁၇ စု၊ အေးသာယာကျေးရွာ၌ အိမ်ထောင်စု ၇၅ စု၊ မော်လိုက်ကလေး(တောင်)ကျေးရွာ၌ အိမ်ထောင်စု ၁၁၄ စု၊ မော်လိုက်ကလေး(မြောက်)ကျေးရွာတွင် အိမ်ထောင်စု ၁၅၉ စု၊ နန်းစောင်းပုကျေးရွာ၌ အိမ်ထောင်စု ၃၂၇ စု၊ နန်းကျင်းဆောင်ကျေးရွာ၌ အိမ်ထောင်စု ၁၃၇ စု၊ ကံကြီးကျေးရွာတွင် အိမ်ထောင်စု ၅၄ စု၊ ခုံသာ(နောက်)ကျေးရွာ၌ အိမ်ထောင်စု ၅၁ စု၊ ကြက်ဖနက်ကျေးရွာ၌ အိမ်ထောင်စု ၂၂ စုနှင့် နတ်နန်းကျေးရွာ၌ အိမ်ထောင်စု ၇၅ စုတို့ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

❂ *ကျောဖုံးမှ*

MRTV News Channel တွင်လည်းကောင်း၊ ကျန်ပွဲစဉ်များကို MRTV Entertainment Channel တွင်လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီတွင် မြန်မာလက်ရွေးစင်ဟောင်းအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်အဆိုတော်များအသင်း၊ ညနေ ၆ နာရီတွင် အမျိုးသားလက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်း၊ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ AFC-U19 Championship (Group-G) ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထို့ပြင် အမျိုးသမီးအိုလံပစ်ဘောလုံးပွဲစဉ်များကို စက်တင်ဘာ ၁၄ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပြန်လည်ထူထောင်ရေးအတွက် မောင်းသူမဲ့လေယာဉ်အသုံးပြု

**နေပြည်တော် စက်တင်ဘာ ၅**

စက်တင်ဘာ ၄ ရက်က ကလေးမြို့ရှိ နည်းပညာတက္ကသိုလ်(ကလေး)သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့သည်။

နည်းပညာတက္ကသိုလ်(ကလေး) ကျောင်းအုပ်ကြီးက ကျောင်းဆိုင်ရာအချက်အလက်များနှင့် ရေဘေးသင့်ဒေသရှိ ပြည်သူများအား ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများ၊ ကလေးမြို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ရှိ Aerial Survey Team အဖွဲ့က ကလေးမြို့ ပြန်လည်ထူထောင်ရေးအတွက် မောင်းသူမဲ့လေယာဉ်များကို အသုံးပြု၍ ကလေးမြို့ရှိ ရေဘေးသင့်ဒေသများကို ကောင်းကင်ဓာတ်ပုံရိုက် မြေပုံထုတ် Survey တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၄ ဒသမ ၈၈ လက်မ၊ ပဲခူးမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ဘားအံ (စိုက်ပျိုးရေး)တွင် ၂ ဒသမ ၆၈ လက်မနှင့် ညောင်လေးပင်မြို့တွင် ၂ ဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မွန်ပြည်နယ်တွင် မိုးပိုလာနိုင်သည်။**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **(မိုး/ဇလ)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၅ - ၉ -၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၅ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၂၆၁၅၀ မှ လူဦးရေ ၁၆၂၇၇၁၈ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၈၉၄၁၇၉၀၀၊ အရေးပေါ်အစား အစာတန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၂၉၃၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၃၇၂၅၀၇၅၆၊ သေဆုံးမှုထောက်ပံ့ကြေးငွေ ကျပ် ၁၀၉၀၀၀၀၀ နှင့် ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၇၇၀၀၃၁၅၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **-** | **၆၄၀၄၅၇၁၀** |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၅ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၂၃ | ၈၄၈၄၀ | ၄၀၇၃၉၄ | ၂၄ | ၃၃၈၂၃၃၀၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၂၀၀၀၀၀၀ | - | ၁၁၇၅၈၄၁၀၀ |
| ၂ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ |
| ၃ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၉၂၅၀၀၀၀ | ၃၃၅၃၃၇၃၀ | ၁၁၀၀၀၀၀ | - | ၅၃၃၂၀၂၃၀ |
| ၅ | ချင်းပြည်နယ် | ၂၉၂၅ | ၄၂၇၁ | ၂၁၆၁၈ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ |
| ၆ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၀၁၃၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၈၁၈၉၀ |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ |
| ၈ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၁၀၄၁၂၃၂၀ | - | - | ၁၀၄၁၂၃၂၀ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၄၁၁၀ | ၁၀၅၄၀၀ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅၁ | ၁၁၉၂၁၉ | ၄၉၆၁၁၆ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | - | ၅၇၂၆၁၆၂၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၁၅၂၇၄၀ | - | - | ၁၀၁၆၉၃၉၀ |
| | **ပေါင်း** | **၂၁၂၂၁** | **၄၀၂၃၇၈** | **၁၆၁၂၈၀၇** | **၁၂၂** | **၈၅၈၇၀၅၅၀** | **၁၂၉၃၆၄၅၀** | **၈၉၀၉၀၀၀၀** | **၃၂၁၅၄၅၁၇၆** | **၁၀၂၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၁၂၉၅၇၄၄၆** |
| | **ဇွန်၊ဇူလိုင်၊ဩဂုတ်လစုစုပေါင်း** | **၂၁၆၂၆** | **၄၀၄၅၂၄** | **၁၆၂၇၇၁၈** | **၁၂၉** | **၈၉၄၁၇၉၀၀** | **၁၆၇၂၉၂၃၀** | **၁၂၉၃၉၀၀၀၀** | **၃၃၇၂၅၀၇၅၆** | **၁၀၉၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၇၇၀၀၃၁၅၆** |

# ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာ ရေဘေးသင့်ပြည်သူများအား အခမဲ့အိမ်ဝိုင်းများ ပေးဝေလှူဒါန်းမည်

**ပွင့်ဖြူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာ (မဲဇလီဆည်တည်ရှိရာ)တွင် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၅ စုကို ကျေးရွာဒေသခံဆရာတော် သံဃာတော်များက စုပေါင်းအလှူခံရရှိငွေဖြင့် အိမ်မြေနေရာဝယ်ယူ၍ မကြာမီအိမ်ရာမြေကွက်များ အကွက်ချပြီး မဲစနစ်ဖြင့် လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရွာကွက်သစ်မှာ အိမ်ထောင်စု ၄၅ စုက အိမ်ဝိုင်းတွေ ဆုံးရှုံးပျက်စီးခဲ့ရတယ်။ လယ်ဧက ၁၀၀ ကျော်လည်း ဆုံးရှုံးပျက်စီးခဲ့ရတယ်။ နှမ်းတွေခါဖို့ ပုံထားတာတွေလည်း ဆုံးရှုံးပျက်စီးခဲ့ရတယ်။ လူနဲ့ တိရစ္ဆာန်တွေကတော့ ဆုံးရှုံးပျက်စီးမှုမရှိပါဘူး။ အခု ၄၅ အိမ်ကတော့ ကမ်းပါးပြိုတဲ့ထဲ ပါသွားပြီ။ အခုရွာမှာ လူဦးရေ ၁၇၀ ဦး အိုးမဲ့အိမ်မဲ့ဖြစ်နေရတယ်။ နိုင်ငံတော်ကလည်း ဆန်တို့၊ ငွေတို့ ထောက်ပံ့သလို ပုဂ္ဂလိကအဖွဲ့အစည်းတွေကလည်း ကူညီထောက်ပံ့ပါတယ်။ လောလောဆယ်တော့ ပြန်လည်ထူထောင်ရေးတွေ စတင်လုပ်ကိုင်နေပါပြီ" ဟု ဒေသခံ ရေဘေးသင့်ပြည်သူ ဦးစိုးမြင့်အောင်က ပြောသည်။




"ရွာကကွက်သစ်မှာရှိတဲ့ ၄၅ အိမ်က နေလို့မရတော့ဘူး။ ဦးပဥ္စင်းတို့လည်း တတ်နိုင်သလောက် ကူညီနေပါတယ်။ ဝိုင်းနေရာချထားဖို့ ယာကွက်တစ်ကွက်ကို ငွေကျပ်သိန်း ၇၀ နဲ့ ငါးသောင်းနဲ့ အကြွေးဝယ်ထားပါတယ်။ ငွေကျပ် ၁၁ သိန်းပဲ ပေးချေနိုင်သေးတယ်။ ငါးဧကကျော်ကျော်တော့ရှိလိမ့်မယ်။ အခုဘူဒိုဇာနဲ့ မြေညှိနေပါပြီ။ ပြီးရင် ပေ (၄၀×၆၀) အကွက်ချကာ မဲနှိုက်ပြီး ပေးဝေလှူဒါန်းသွားမှာပါ။ ဒီမြေကွက်ထဲမှာပဲ ရွာလယ်ဓမ္မာရုံ၊ ဘုန်းကြီးကျောင်း၊ ဘုရားတည်ဖို့ မြေနေရာတွေပါပါတယ်။ ပိုတဲ့မြေနေရာကို စာကြည့်တိုက်တွေဆောက်ဖို့ ရည်ရွယ်ထားတယ်။ စရန်ငွေကျပ် ၁၁ သိန်းကလည်း အမျိုးဘာသာ သာသနာတော်ကို ချစ်မြတ်နိုးသူတွေ ဝိုင်းဝန်းလှူဒါန်းထားကြတာ။ အခုအလုပ်ကို ဦးပဥ္စင်း ဦးပဏ္ဍိတနှင့် ဦးတိက္ခတို့နှစ်ပါးက ဦးဆောင်ပြီးလုပ်တာပါ။ ငွေကလိုသေးတယ်။ လက်ရှိအခြေအနေမှာတော့ ရွာကရေဘေးသင့်ပြည်သူတွေက သူတစ်ပါးအိမ်မှာကပ်ပြီး မှီခိုနေရတယ်။ လှူဒါန်းလိုတဲ့ ဒါယကာ/ဒါယိကာမကိုလည်း ဖိတ်ခေါ်ပါတယ်။ ဘာမဆို ကူညီရေးဆိုတာကတော့ မြန်လေကောင်းလေပါပဲ။ လိပ်စာကတော့ ဦးပဏ္ဍိတနှင့် ဦးတိက္ခ ပွင့်ဖြူမြို့နယ် မဲဇလီရွာ ဆိုရောက်ပါတယ်။ ဖုန်း- ၀၉-၄၀၁၆၄၅၀၃၀ နဲ့ ၀၉-၄၀၁၆၈၀၄၇၅ တို့ဖြစ်ပါတယ်"ဟု ဦးတိက္ခက မိန့်ကြားသည်။

**ကောင်းသုတ (မင်းဘူး)**

## တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၅**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးတို့တွင်နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

### ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၅ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၃၈၉ | ၃၀၅၄၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၉၁၅ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၁၆၂၆ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၄၀၉ | ၆၁၄၅၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၈၂၁၈၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၄၈၃၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၁၀၅၇၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၅၉၃၆၂ | ၂၅၁၇၇၂ | ၂၀၉၉၇၁ | ၁၇၅၈၉ |
| စုစုပေါင်း | | ၁၄၆၉၅၁၉ | ၁၃၈၅၇၄၅ | ၁၁၀၉၉၅၉ | ၈၄၂၆၈၄ | ၄၁၀၂၄၉ |



## ကျေးရွာများအရောက် လိုက်ပါလှူဒါန်း

**ပုသိမ် စက်တင်ဘာ ၅**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝန်မြစ်ကူးတံတားအောက် စက်လှေဆိပ်၌ စက်တင်ဘာ ၅ ရက်က ပုသိမ်မြို့ စိတ်အားထက်သန်ပရဟိတမာန် သဟဓိကလူငယ်များအဖွဲ့က ဩဂုတ်လအတွင်း ဝန်မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးသင့်ခဲ့သော မြစ်ကမ်းဘေးကျေးရွာဖြစ်သည့် ကွင်းကြီးသဘော့ကျေးရွာအုပ်စုရှိ ရေဘေးသင့်အိမ်ထောင်စု ၄၀၀ အတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ဘာလချောင်ကြော်၊ အဝတ်အထည်၊ ဆေးနှင့် သောက်ရေသန့် စုစုပေါင်း ငွေကျပ် ၃၅ သိန်းဝန်းကျင်ကို ကျေးရွာအုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ကျေးရွာအရောက် လိုက်ပါလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၄၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၂၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၁၅' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၄၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၈၀' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၃၀' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၄၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၉၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၆၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၃၀' |
| ၁၄။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၁၅။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၁၆။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၇။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၂. ၁၃' |
| ၁၈။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၄၀' |
| ၁၉။ | စဥ့်ကူးချောင်းဝေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၆၀' |
| ၂၂။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၀' |
| ၂၃။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၄၀' |
| ၂၄။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

**(သတင်းစဉ်)**

# ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများကြံ့ခိုင်မှုစိစစ်ရေး ကျွမ်းကျင်ပညာရှင်များပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

မိုးတွင်းကာလမိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ကြံ့ခိုင်မှု အခြေအနေကိုစိစစ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှေးဟောင်းအဆောက်အအုံများ ကြံ့ခိုင်မှု စစ်ဆေးစိစစ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ရှေးဟောင်းအဆောက်အအုံများ ကြံ့ခိုင်မှုစစ်ဆေးစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ရှေးဟောင်းအဆောက်အအုံများ ကြံ့ခိုင်မှုစစ်ဆေးစိစစ်ရေးအဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပညာရှင်များ တက်ရောက်ကြသည်။

ပုဂံဒေသအတွင်းရှိ ဘုရားများ၏ ကြံ့ခိုင်မှုကိုသမိုင်းတန်ဖိုး၊ ဗိသုကာလက်ရာတန်ဖိုး၊ ရှေးဟောင်းသုတေသနဆိုင်ရာတန်ဖိုးများဖြင့် ဦးစားပေးအဆင့်အလိုက် စိစစ်ရွေးချယ်ပြီး ဘုရားများကို ဦးစားပေးအဆင့်အလိုက် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်၊ သက်တမ်းကြာမြင့်နေကာ သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် ထိခိုက်မှုရှိပြီး အရေးပေါ်ပြုပြင်ရန် လိုအပ်သောဘုရားများ (Monuments in Danger) ကို ဦးစားပေးဆောင်ရွက်ရန်၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးမှုအခြေအနေပေါ်မူတည်၍ သင့်လျော်သော ထိန်းသိမ်းရေးနည်းပညာနှင့် ပစ္စည်းများအသုံးပြုရန်၊ ယခုနှစ်ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုတစ်ခုတည်းထက် အနာဂတ်ကိုမျှော်မှန်းပြီး စီမံကိန်းပုံစံဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် လတ်တလောဆောင်ရွက်ရမည့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ဆွေးနွေးကြသည်။

ပုဂံသည် ၄၂ စတုရန်းမိုင်ကျယ်ဝန်းပြီး ဤဧရိယာအတွင်း၌ ရှေးဟောင်းဘုရားစေတီ ၁၇၄၅ ဆူ၊ ဘုန်းတော်ကြီးကျောင်းအုတ်တိုက် ၄၃၂ ကျောင်း၊ အုတ်လိုဏ်ဂူစသည့် သာသနိကအဆောက်အအုံ ၅၄ လုံးနှင့် အုတ်ကုန်းများ ၈၉၂ ကုန်း၊ စုစုပေါင်း အဆောက်အအုံ ၃၁၂၂ လုံးတို့ ပျံ့နှံ့တည်ရှိနေပြီး ငလျင်လှုပ်မှုအပါအဝင် သဘာဝဘေးဒဏ်များ၊ နှစ်ကာလကြာမြင့်မှုနှင့် လူတို့၏လုပ်ဆောင်မှုများ ယိုယွင်းပျက်စီးလာပြီး ဘုရားအများစုတွင် ထိခိုက်မှုများရှိနေသည်။

ထိုသို့ယိုယွင်းမှုများ ကြိုတင်ကာကွယ်နိုင်ရန်၊ ပြိုကျပျက်စီးမှုများမဖြစ်ပေါ်စေရန်အတွက် ဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်များမှ ရှေးဟောင်းအဆောက်အအုံဆိုင်ရာ ကျွမ်းကျင်သည့်ပညာရှင်များ၊ ဗိသုကာဒီဇိုင်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများပါဝင်သော ရှေးဟောင်းအဆောက်အအုံများ ကြံ့ခိုင်မှုစစ်ဆေးစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မော်လိုက်ဒေသ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



**မုံရွာ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဩဂုတ်လကုန်ပိုင်းက နေရာကွက်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေသည် စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီက မော်လိုက်မြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၂၃၀ ကို ကျော်လွန်ပြီး ၁၄၈၁ စင်တီမီတာသို့ ရောက်ရှိကာ မော်လိုက်မြို့ပေါ်ရှိ စွယ်တော်ရပ်၊ ကျောင်းတောင်ရပ်၊ ကျောင်းမြောက်ရပ်၊ တံတားဦးရပ်၊ ညောင်ပင်သာ ရပ်ကွက်နှင့် ဌာနဆိုင်ရာရုံးများဖြစ်သည့် မြို့နယ်စည်ပင်ရုံး၊ ခရိုင်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းရုံး၊ ဖောင်ဖွဲ့ရေးရုံးနှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနရုံးတို့၌ ရေများဝင်ရောက်လျက်ရှိသည်။

ရေဝင်ရောက်မှုအခြေအနေနှင့် ပတ်သက်ပြီး ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ မော်လိုက်မြို့ပေါ် ရပ်ကွက်တချို့မှာ လွန်ခဲ့တဲ့ သုံးရက်လောက်ကနေ ရေစဝင်တယ်။ နောက်ပြီး မော်လိုက်မြို့နယ်အတွင်း ချင်းတွင်းမြစ်အနီးမှာရှိတဲ့ ကျေးရွာတွေဖြစ်တဲ့ ကင်းတပ်၊ မော်လိုက်ကလေး၊ ခဝဲ၊ သဝန်၊ မှုန်ကြီး၊ အင်းပေါင်း၊ ညောင်ဝန်း၊ ညောင်သပြေ၊ ကြာအင်း၊ ဇီးကုန်း၊ အင်းတပေါင်း၊ ဖာတင်းစသည့် ကျေးရွာများမှာ ရေဝင်ရောက်မှုရှိတဲ့အတွက် သက်ဆိုင်ရာဒေသ အာဏာပိုင် အဖွဲ့အစည်းတွေက ရေလွတ်ရာ ကုန်းမြင့်တွေဖြစ်တဲ့ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတွေမှာ ပြောင်းရွှေ့နေထိုင်ကြဖို့ လိုက်လံအသိပေးနှိုးဆော်ကာကူညီပြောင်းရွှေ့ပေးနေပါတယ်။ ကင်းတပ်ရွာမှာ ဆိုလူနေအိမ်နှစ်လုံးဖျက်ပြီး ရွှေ့ရတယ်၊ မြစ်ကမ်းပါး တချို့နေရာတွေပြိုကျတော့ ပျိုးထောင်စိုက်ပျိုးထားတဲ့ ပျိုးခင်းအချို့လည်း ပျက်စီးဆုံးရှုံးမှုတွေရှိတယ်။ မနေ့က မြို့မဈေးထဲကို ရေစဝင်လာလို့ ပစ္စည်းတွေကို ရေလွတ်ရာကို ကူညီပြောင်းရွှေ့ပေးနေပါတယ်"ဟု ပြောကြားခဲ့သည်။

မော်လိုက်မြို့ ရေဝင်ရောက်မှုကြောင့် မြို့မဘုန်းတော်ကြီးကျောင်း၊ အမှတ်(၁)နှင့် အမှတ် (၂) မူလတန်းကျောင်း၊ ညောင်ပင်သာမူလတန်းကျောင်း၊ အား/ကာ ခန်းမ၊ အထကမော်လိုက်၊ ဒီပင်္ကရာဘုန်းတော်ကြီးကျောင်းတို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ရေဘေးသင့်ပြည်သူများကို နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ရေဘေးသင့်ဒေသများသို့ မီးစက်များလှူဒါန်း

**ပုသိမ် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တိုင်းဒေသကြီး ရေဘေးသင့်ဒေသများတွင် အသုံးပြုရန်လှူဒါန်းသော 3KV မီးစက် အစုံ ၁၀၀ ကို တပ်မတော်သုံး ကားလေးစီးဖြင့် ပုသိမ်မြို့သို့ စက်တင်ဘာ ၄ ရက်က ရောက်ရှိသည်။

အဆိုပါရောက်ရှိလာသော မီးစက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တေဇကျော်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်းနှင့်တာဝန်ရှိသူများက ပစ္စည်းများ စနစ်တကျလက်ခံနေမှုများ၊ အမိုးအကာအောက်ရောက်ရှိရေးနှင့် ရေဘေးသင့်ဒေသများသို့ အချိန်မီရောက်ရှိရေး စနစ်တကျ စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# စာရေးခုံ၊ ထိုင်ခုံများထောက်ပံ့ပေးနိုင်ရန် ပြုလုပ်လျက်ရှိ

**ဝါးခယ်မ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို စာရေးခုံ၊ ထိုင်ခုံများထောက်ပံ့ပေးနိုင်ရန် စက်တင်ဘာ ၄ ရက်က ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းသားများအတွက် လေးယောက်တွဲ အမြင့်စာသင်ခုံများနှင့် မူလတန်းကျောင်းများအတွက် လေးယောက်တွဲ အနိမ့်စာသင်ခုံများ ထောက်ပံ့ပေးရာ ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို စုစုပေါင်း တန်ဖိုးငွေကျပ် ၄၄ ဒသမ ၁၄၈ သန်းဖြင့် စာသင်ခုံအမြင့် ၄၁၂ ခုံ၊ စာသင်ခုံအနိမ့် ၆၈၃ ခုံ ထောက်ပံ့ပေးမည်ဖြစ်ပြီး စာသင်ခုံလိုအပ်သည့် ကျောင်းများကို ကျောင်းသားဦးရေအလိုက် ခွဲဝေချထားပေးမည်ဖြစ်ရာ သက်ဆိုင်ရာကျောင်းများသို့ အချိန်မီရောက်ရှိနိုင်ရန် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**လွမ်းသီဟ(ပြန်/ဆက်)**

# မော်လိုက်မြို့ မြို့မဈေးထဲသို့ မြစ်ရေများဝင်ရောက်လာမှုကြောင့် ဈေးပစ္စည်းများ ရေလွတ်ရာသို့ပြောင်းရွှေ့

**မော်လိုက် စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ရှိ မြို့မဈေးကြီးအတွင်းထဲသို့ ချင်းတွင်းမြစ်ရေများ ဝင်ရောက်လာမှုကြောင့် ပြည်သူများ၏ ရောင်းချအသုံးပြုသည့် ဈေးပစ္စည်းများ ဆုံးရှုံးနစ်နာမှုမဖြစ်ပေါ်စေရန် မော်လိုက်မြို့နယ်မှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာမှ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်း၍ စက်တင်ဘာ ၄ ရက်မှစ၍ ရေလွတ်ရာနေရာများသို့ ကားများ၊ သုံးဘီးများဖြင့် ဝိုင်းဝန်း ကူညီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**ကျော်ပွား (မော်လိုက်)**





# ဆွာချောင်းရေတိုက်စားမှုသက်သာစေရန် ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်

**ရေတာရှည် စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်းနှင့် ချောင်းဖြတ်ကွန်ကရစ်တံတားအထက်ပိုင်း ချောင်းအနောက်ဘက်ခြမ်း ရေတိုက်စားမှုများဖြစ်ပေါ်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ဆွာမင်းလမ်းကျေးရွာအုပ်စု ရေနီးကျေးရွာမှ ဒေသခံများစုပေါင်းကာ ချောင်းရေစီးကြောင်းပြောင်းလဲစေရန် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ "အရင်နေ့ညပိုင်းက မိုးကြီးတော့ ဆွာချောင်းရေနဲ့ သိုင်းချောင်းရေပေါင်းပြီး ကမ်းအပြည့်ရေတိုးတာ တံတားအထက်ဘက်မှာချထားတဲ့ ကျောက်တုံးတွေပါ ပါကုန်တယ်။ အဲဒါနဲ့ဒီနေ့ ကျွန်တော်တို့ ရွာသားတွေ စုပေါင်းလုပ်နေကြရတာ"ဟု ရေနီးကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ဆွာချောင်းတစ်လျှောက် ကိုင်းပင်များထူထပ်စွာ ပေါက်ရောက်နေသည့်နေရာများမှာ ရေတိုက်စားခြင်း ခံရမှုနည်းပါးပြီး ကိုင်းပင်မရှိသည့်နေရာများ၌ ကမ်းပါးများ ပြိုကျ၍ အချို့သောတောင်သူများ၏ စိုက်ခင်းများ တဖြည်းဖြည်း ရေတိုက်စားခံနေရကြောင်း ဒေသခံတောင်သူများက ၎င်းတို့ ကြုံတွေ့နေရသော အခက်အခဲကို ပြောပြသည်။

**ကိုလွင်(ဆွာ)**

# မြန်မာ-ဂျပန်အသင်း ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာ-ဂျပန်အသင်းက ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ် ဂုဏ်ပြုပွဲ (Myanmar- Japan Association Outstanding Student Award Japan Exchange Visit -2015) အခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ဂျပန် နိုင်ငံ လေ့လာရေးခရီးစဉ်- ၂၀၁၅ သွားရောက်ကြမည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများအနက် ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူ ၂၀ ကို ရွေးချယ်ခဲ့ကြောင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုကို ကျောင်းသားလူငယ်များမှတစ်ဆင့် တိုးမြှင့်ဖော်ဆောင်နိုင်ရန် ကျောင်းသားကျောင်းသူများအနေဖြင့် ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းကမ်းရှိမှု၊ စနစ်ကျနမှုနှင့် ကြိုးပမ်းအားထုတ်မှုများကို လေ့လာမှတ်သားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးH.E. Tateshi Higuchi တို့က ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ကမ္ဘောဇဘဏ် အမှုဆောင် ဒါရိုက်တာ ဒေါ်နန်းခန်းနောင့်က ကျေးဇူးတင် စကားပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်နှင့် တာဝန်ရှိသူတို့က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု လက်မှတ်များကို ပေးအပ်ချီးမြှင့်သည် ။

ယင်းနောက် ဂျပန်-မြန်မာ လေ့လာရေးခရီးစဉ် -၂၀၁၅အတွက် ကမ္ဘောဇဘဏ်က အမေရိကန်ဒေါ်လာ ၆၀၀၀၀၊ Mitsui & Co.,Ltd. က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Skynet Mediaက အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို မြန်မာ-ဂျပန်အသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများထံ အသေးသုံးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ စီကို မြန်မာ-ဂျပန်အသင်း နာယက ဦးအောင်ကိုဝင်း မိသားစုနှင့် Golden Pinya Investment တို့က ပေးအပ်ကြသည်။

ယင်းနောက် မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းက ၂၀၁၄ (ယခင်နှစ်) ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကိုယ်စား မသော်သော်ဟန်က ကျေးဇူးတင်စကား ပြောကြားသည်။

မြန်မာ-ဂျပန်အသင်း၏ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအနက် တိုင်းဒေသကြီး/ပြည်နယ်များမှ ဘက်စုံထူးချွန်သူ ၂၀ ကို ဂျပန်နိုင်ငံ လေ့လာရေးခရီးစဉ်အဖြစ် စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်ထိ ခုနစ်ညအိပ် ရှစ်ရက်ခရီး စေလွှတ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# နယူးဇီလန်ကစားသမားများ မြန်မာလူငယ်များအား သင်ကြား

**ရန်ကုန် စက်တင်ဘာ ၅**

နယူးဇီလန် လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၇ ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲမတိုင်မီ ယနေ့နံနက်ပိုင်းက မြန်မာလူငယ်ကစားသမားများကို ဘောလုံးအခြေခံ နည်းစနစ်များ သင်ကြားပေးခဲ့သည်။ နယူးဇီလန်အသင်းသည် ရန်ကုန်မြို့သို့ရောက်ရှိစဉ်အတွင်း မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

နယူးဇီလန် လက်ရွေးစင်အသင်းမှ အုပ်ချုပ်နည်းပြ



**ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်း၌ ကစားနေသည့် နယူးဇီလန်အသင်းခေါင်းဆောင် ဝင်စတန်ရိဒ် သင်ကြားပေးနေစဉ်။**

**■ သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

အဖွဲ့ဝင်များ အားကစားသမားများမှာ အား/ကာ သိပ္ပံ (ရန်ကုန်) သို့လာရောက်၍ လူငယ်ကစားသမားများအား လေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ အား/ကာ သိပ္ပံ (ရန်ကုန်)၌ ဘောလုံးအားကစားနည်းတွင် တက်ရောက် သင်ကြားလျက်ရှိသော လူငယ်ကစားသမားများ၊ ကျိုက်ဝိုင်းမိဘမဲ့ကျောင်းမှ လူငယ်လေးများ စုစုပေါင်း ၁၀၀ ခန့်ကို နံနက် ၁၀ နာရီမှ ၁၁နာရီထိ တစ်နာရီကြာ လေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။ ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းတွင် ပါဝင်ကစားနေသည့် နောက်ခံလူ ဝင်စတန်ရိဒ်ဦးဆောင်ကာ မြန်မာလူငယ်ကစားသမားများနှင့်အတူ ကစားပေးခဲ့ခြင်းဖြစ်သည်။ နယူးဇီလန် လက်ရွေးစင်အသင်းမှာ လေ့ကျင့်မှုများပြုလုပ်အပြီးတွင် ကစားသမားများကို အင်္ကျီများအမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ပြီး ကစားသမားများ လက်မှတ်ရေးထိုးထားသည့်အင်္ကျီကိုအား/ကာ သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးဦးစိုးအောင်ထံပေးအပ်သည်။

နယူးဇီလန်လက်ရွေးစင်အသင်းသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန်အပြင် ရန်ကုန်မြို့၌လေ့ကျင့်မှုများပြုလုပ်ရန် ဩဂုတ် ၃၁ ရက်ကတည်းက ရောက်ရှိနေခြင်းဖြစ်သည်။ နယူးဇီလန် လက်ရွေးစင်အသင်းတွင်ဥရောပအခြေစိုက် ကစားသမားများ အပါအဝင် နာမည်ကြီးကစားသမားများ အစုံအလင်ပါဝင်လာခဲ့ပြီး ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းနောက်ခံလူ ဝင်စတန်ရိဒ်လည်း ပါဝင်လာသည်။ နယူးဇီလန်အသင်းမှာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ သမုဒ္ဒရာပိုင်းဇုန်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုခြေစမ်းပွဲအတွက် ကစားသမား ၂၁ ဦး လိုက်ပါလာသည်။

❁ *ကျောဖုံးမှ*

ခါးနံပါတ်(၇) မေဘရဏီသော် (Miss Myanmar International 2014 ၏ 1st Runner Up)၊ ခါးနံပါတ်(၈) ပိုးပိုးရွှေရည် (Miss World Myanmar 2015 ၏ Top 5 FinaList)၊ ခါးနံပါတ်(၉) မွှေးသက်လွင်(Novice Fresh Lady)၊ ခါးနံပါတ်(၁၀) အိဖြိုးသွယ် (Winner, Miss Universe 2015 မော်လမြိုင်)၊ ခါးနံပါတ်(၁၁) အင်ကြင်းမေ (1st Runner Up , Miss Universe 2015 မော်လမြိုင်)၊ ခါးနံပါတ် (၁၂) ထက်ထက်ဝင်း(Miss Face of Myanmar 2015)၊ ခါးနံပါတ်(၁၃) ကေခိုင်မြင့်(ပြည်)၊ ခါးနံပါတ် (၁၄) ချိုချိုထွန်း(စစ်တွေ)၊ ခါးနံပါတ်(၁၅) နဒီလှိုင်း (မိုးကုတ်)၊ ခါးနံပါတ်(၁၆) ထက်ထက်ထွန်း(Miss Myanmar World 2014 ၏ 2nd Runner Up)၊ ခါးနံပါတ်(၁၇) ယုဇနထွန်း(ထားဝယ်)၊ ခါးနံပါတ်(၁၈) အွန်နန်စန်းလတ်မိုင်(မြစ်ကြီးနား)၊ ခါးနံပါတ်(၁၉) ဆုမြတ်နိုးရတနာ(Novice Fresh Lady)နှင့် ခါးနံပါတ်(၂၀) ဟန်လေး (မန္တလေး)တို့ကို Miss Universe Myanmar Organization ရွေးချယ်ခဲ့သည်။

ယနေ့ စတင်ရွေးချယ်ထုတ်ပြန်လိုက်သည့် အလှမယ် ၂၀ သည် Miss Universe Myanmar Organization ၏ ဦးဆောင်စီစဉ်မှုဖြင့် ယခုစက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး၌လူမှုရေးလှုပ်ရှားမှုလုပ်ငန်းများ လုပ်ဆောင်ပြီး ချောင်းသာကမ်းခြေတွင် သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲနှင့် ဟင်းချက်ပြိုင်ပွဲများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့ ရွှေဂုံတိုင် ကလေးပြုစုရေးဂေဟာမှ ကလေးငယ်များကိုလည်း အာဟာရကျွေးမွေးခြင်းနှင့် စိတ်ပျော်ရွှင်မှုအတွက် မြို့ပတ်ရထားနှင့်အတူ လိုက်ပါ စီးနှင်းခြင်းတို့ လုပ်ဆောင်သွားမည်ဖြစ်သည်။ စက်တင်ဘာ ၃၀ ရက်တွင် Gandamar Grand Ballroom ၌ National Costume ပြိုင်ပွဲနှင့် National Gift လေလံတင်ရောင်းချပွဲကိုကျင်းပပြီးလေလံတင်ရောင်းချရသည့် ငွေများကို လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် စခန်းသွင်းလေ့ကျင့်မှုများကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိလေ့ကျင့်သွားမည်ဖြစ်ပြီးMiss Universe Myanmar 2015 နှင့် 2016အတွက် နောက်ဆုံးဆန်ခါတင်ရွေးချယ်မှုကို အောက်တိုဘာ ၃ရက် ညနေ ၆ နာရီတွင် Gandamar Grand Ballroom ၌ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် Miss Universe Myanmar ပြိုင်ပွဲကြီးကို Miss Universe Myanmar Organization က ဦးဆောင်ပြီး ၂၀၁၃ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ပြီး Miss Universe Myanmar 2013 အလှမယ် မိုးစက်ဝိုင်၊ Miss Universe Myanmar 2014 အလှမယ် သျှားထွဋ်အိန္ဒြာတို့ကို နိုင်ငံကိုယ်စား ပြုသွားရောက်ယှဉ်ပြိုင်စေလွှတ်နိုင်ခဲ့ပြီး 2015 ခုနှစ်နှင့် 2016 ခုနှစ်တို့တွင်လည်း နိုင်ငံကိုယ်စားပြုစေလွှတ်နိုင်ရန် အလှမယ်နှစ်ဦးကို ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❁ *ကျောဖုံးမှ*

အခုက တံတားထိုးဖို့စီမံကိန်းကလည်း မသေချာတဲ့ ကောလာဟလသတင်းတွေအပြင်တစ်နိုင်ငံလုံးရဲ့အိမ်ခြံမြေကဏ္ဍကလည်းအေးစက်ခဲ့တာကြောင့် အရောင်းအဝယ်မဖြစ်တော့လောက်အောင် ဒလမြေဈေးကအေးနေပြီးခုဆိုရင် ဒလမြေဈေးကွက်ကို လုပ်ငန်းရှင်တွေ ဝယ်ယူရင်းနှီးမြှုပ်နှံမှုက အတော်နည်းပါးနေပါတယ်”ဟု ဒလအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဒလမြို့နယ်၏မြေဈေးအတက် အကျဖြစ်ပေါ်ခဲ့မှုများမှာ မကြာမီကာလများ၌ပြုလုပ်မည့် ရန်ကုန်မြို့သစ် စီမံကိန်းနှင့် နယ်နိမိတ်ချင်းဆက်စပ်နေခြင်း၊ ရန်ကုန်မြို့နှင့်နီးကပ်စွာရှိခြင်းတို့ကြောင့် လုပ်ငန်းရှင်များ၏ တိုးချဲ့စက်ရုံ၊ အလုပ်ရုံများပါဝင်သော စီးပွားရေးအခွင့်အလမ်းများ လုပ်ဆောင်နိုင်သောနေရာဖြစ်နေခြင်း၊ ရန်ကုန်မြစ်ဘေးတွင် တည်ရှိခြင်းများကြောင့် ပြည်တွင်း ပြည်ပ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများ လုပ်ကိုင်မည်ဆိုလျှင် ဆောင်ရွက်နိုင်စေရန်အသင့်ဖြစ်ခြင်းတို့ကြောင့် လုပ်ငန်းရှင်များ သဘောတွေ့ နှစ်ခြိုက်ခဲ့ကြခြင်းဖြစ်ကြောင်း ဒေသခံပြည်သူများက သုံးသပ်ပြောကြားသည်။

ဒလမြို့နယ်မှာ ရန်ကုန်မြို့နှင့် နီးကပ်စွာရှိသော်လည်း ဖွံ့ဖြိုးမှုနောက်ကျသောကြောင့် လယ်နှင့်အခြားသီးနှံစိုက်ပျိုးမှုများ အားနည်းခဲ့ပြီး မြို့ပေါ်ရပ်ကွက်များသည်ပင်လည်းသောက်သုံးရေပြည့်ဝစွာမရရှိဘဲကန်ရေကိုသာ သောက်သုံးနေကြရသဖြင့် နွေရာသီတွင်ရေရှားပါးမှုပြဿနာရှိကြောင်း သိရသည်။ မြို့နေပြည်သူအများစုသည် ရန်ကုန်မြို့ပေါ်သို့ နေ့စဉ်ကူးတို့ကူးကာ အလုပ်လုပ်နေကြရကြောင်း သိရသည်။

လက်ရှိအနေအထားအရ ဒလမြို့ပေါ်ရှိပါမစ်မြေ ပေ ၂၀×၆၀ မြေကွက်များမှာ ကျန်စစ်သားရပ်ကွက်တွင် ငွေကျပ်သိန်း ၆၀၀ ဝန်းကျင်၊ တပင်ရွှေထီးရပ်ကွက်တွင် ငွေကျပ်သိန်း ၄၅၀ ဝန်းကျင်၊ အုံ့ကြီးရပ်ကွက်၌ ငွေကျပ်သိန်း ၄၀၀ ဝန်းကျင်နှင့် သမ္မတကမ်းခြေဘက်တွင် ငွေကျပ်သိန်း ၇၀၀ အထက်ဈေးပေါက် နေပြီး တံတားစီမံကိန်းအနီး မော်စက်ရပ်ကွက်တွင် ငွေကျပ်သိန်း ၆၀၀ ကျော်၊ ညောင်ကုန်းရပ်ကွက်တွင် ငွေကျပ်သိန်း ၃၀၀ အထက်ဈေးပေါက်နေ၍ လက်ရှိ ဒလမြို့နယ်၏ အိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ်မလိုက်တော့ဘဲ ဈေးကွက်တည်ငြိမ်နေကြောင်း ဒလအိမ်ခြံမြေအကျိုးဆောင် အသိုင်းအဝိုင်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - တင်လှမောင်**



# လှိုင်သာယာ(၁၁)ရပ်ကွက်၌ နှစ်ကြိမ်မြောက် အိမ်ပေါ်တက်၍ လုယက်မှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ဒုစရိုက်မှုများ ဖြစ်ပွားလျက်ရှိရာ စက်တင်ဘာ ၂ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က အမှတ် (၁၁) ရပ်ကွက် စံပယ်လမ်း အိမ်အမှတ် (၁၇၄/က) ဇနီးမောင်နှံနေထိုင်သောအိမ်၌ အမျိုးသားမရှိခိုက် ဇနီးသည်တစ်ဦးတည်းရှိစဉ် လူငယ်တစ်ဦးက အိမ်ပေါ်သို့ တက်ကာ အကြမ်းဖက်တိုက်ခိုက်၍ လက်စွပ်နှင့်ငွေယူပြီး ထွက်ပြေးသွားကြောင်း သိရသည်။

"ကျွန်မအသက်က ၂၂ နှစ်ရှိပြီ။ ဇာတိက ဇလွန်ကပါ။ အိမ်ထောင်ကျတာ လေးလပဲ ရှိပါသေးတယ်။ စက်တင်ဘာ ၂ ရက် မနက် ၁ နာရီ ၁၅ မိနစ်မှာ သွေးအားနည်းရောဂါ အခံလည်းရှိတော့ ကိုယ်ဝန်နှစ်လရှိတဲ့အရှိန်ကြောင့် မူးပြီး အန်တာ နှစ်ရက်ရှိပြီ။ အဲ့ဒီညက အမျိုးသားက တက္ကစီမောင်းဖို့ အုံနာကြေးကိစ္စနဲ့ သူ့သူငယ်ချင်းအိမ်ကိုသွားတာ ပြန်မလာဖြစ်ဘူး။ အိမ်အတွင်းခန်းအဝမှာ လှဲနေတဲ့အချိန် အသက် ၁၆ နှစ်ကျော်လောက်ရှိ လူငယ်တစ်ဦး ငွေမင်ရောင်သုတ်ထားတဲ့ ခြောက်လက်မကျော် သစ်သားဓားကိုကိုင်ပြီး ဟနေတဲ့ အိမ်တံခါးဝကိုဖွင့်ပြီး ပြေးတက်လာတယ်။ ပြီးတော့ ကျွန်မရဲ့လည်ပင်းကို ညှစ်ပြီး ရင်ဝကို အပေါ်ကနေ ဒူးနဲ့ထောက်ထားတယ်။ ကိုယ်ဝန်နှစ်လရှိပြီဆိုတော့ ဗိုက်ကို ထိခိုက်မိမှာစိုးရိမ်လို့ ဘာမှပြန်မလုပ်ဘူး။ လက်ကို နောက်ပြန်ချည်တယ်။ ပါးစပ်ထဲကို စောင်ထိုးထည့်တယ်။ ပိုက်ဆံအိတ်ထဲက ငွေကျပ် ၃၀၀၀၀ နဲ့ မောင်းကွင်း လက်စွပ်ကိုယူတယ်။ ပြီးတော့လည်ပင်းကို လေး၊ ငါးမိနစ်နီးပါး ညှစ်တယ်။ နောက်ပြန်ချည်ထားတဲ့ ကြိုးစတစ်ဖက်ပြုတ်သွားလို့ သူ့ကိုကန်ထုတ်လိုက်တော့လဲသွားတယ်။ လည်ပင်းနာနေတော့ အော်လို့မရဘူး။ အဲ့ဒီကောင်လေးပြန်ထလာပြီး ခြင်ရိုက်တဲ့ဘက်တံနဲ့ ကျွန်မနဖူးကိုထုတော့ မေ့ချင်သလိုလို ဖြစ်သွားသေးတယ်။ မျက်နှာကို ခေါင်းအုံးနဲ့အုပ်ပြီး ဖိထားတယ်။ ပြန်တွန်းချပြီး ကန်လိုက်တော့ လဲသွားတယ်။ ခေါင်းအုံးဘေးနားက ကျောက်လှည့်ကို လက်ကကိုင်မိသွားချိန်မှာ ခေါင်းရင်းအိမ်က ပြတင်းပေါက်ဖွင့်တဲ့အသံလည်းကြားရော အိမ်ရှေ့ပေါက်ကနေ ဆင်းပြေးသွားတယ်။ ခေါင်းရင်းက ဆရာမကို အကူအညီတောင်းပြီးဆေးခန်းပြရတယ်။ မနက်မှ အမျိုးသားနဲ့ သောင်ကြီးရဲစခန်းမှာ အမှုဖွင့်တာ၊ ဒုရဲအုပ်ဇေယျာထွန်းက ဓာတ်ပုံတွေပြတော့ အိမ်ပေါ်တက်ပြီး လုသွားတဲ့ကောင်လေးဟာ ထွန်းထွန်းနိုင်(ခ) ငပိန်ဆိုတာ သိခဲ့ရတယ်။ ရွာမှာတစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး။ မြို့ပေါ်လူစည်ကားတဲ့ ရပ်ကွက်မှာ ဖြစ်သွားတယ်ဆိုတာ အံ့လည်းအံ့သြတယ်။ ကြောက်လည်း ကြောက်သွားတယ်" ဟု မသက်ငုံဖူးက ပြောသည်။

အခင်းဖြစ်ပွားရာ စံပယ်လမ်းသည် ကွန်ကရစ်လမ်းဖြစ်ပြီး လူနေထိုင်မှုသန့်ကာ သောင်ကြီးရဲစခန်းနှင့် ကိုက် ၆၀၀ ကျော်သာရှိ၍ အနော်ရထာလမ်းမကြီးနံဘေး၌ တည်ရှိသည်။ ထိုလုယက်ခံရသော အိမ်နှင့် သုံးအိမ်ကျော်ရှိ စက်ရုံဆင်းအမျိုးသမီးနှင့် မောင်ငယ်တို့နေထိုင်သော အိမ်၌လည်း ဇြေ ၂၈ ရက်က အဆိုပါ ထွန်းထွန်းနိုင်(ခ)ငပိန်ဆိုသော လူငယ်ကပင် နံနက် ၃ နာရီတွင် အိမ်ပေါ်တက်၍ ဓားဖြင့် ခြိမ်းခြောက်ကာ ငွေကျပ်နှစ်သိန်းတန် ဆွဲကြိုးကို လုယက်ခဲ့သောကြောင့် အမှုဖွင့်ထားကြောင်း ဆွဲကြိုးပါသွားသော မနော်လားဘွယ်ဆေးထံမှ သိရသည်။

"ကျွန်မက လင်မယားနှစ်ယောက် သန်းခေါင်ကျော်ကြီး ရန်ဖြစ်နေတယ်ထင်တာ။ ပြန်အိပ်ပျော်ခါနီး အသံပိုကျယ်လာတော့ ပြတင်းပေါက်တံခါး ထဖွင့်တော့မှ ကလေးမလေး ဒုက္ခရောက်နေတယ်ဆိုတာ သိရတာ။ အသံတောင်မထွက်နိုင်ဘူး။ အရင်တက္ကစီမောင်းတဲ့ အိမ်ငှားတွေတုန်းကလည်း အိမ်မှာရှိတဲ့ ပစ္စည်းတွေ ဖောက်ထွင်းခံရဖူးသေးတယ်။ ခြေရင်းအိမ်က ဒါနဲ့ဆိုရင် နှစ်ကြိမ်ရှိပြီ။ ညဘက်ဆိုရင် စိုးရိမ်စိတ်နဲ့ နေနေကြရတယ်" ဟု ကျောင်းဆရာမတစ်ဦးက ပြောသည်။

ထိုလမ်းထဲ၌ အိမ်ပေါ်တက်၍ အကြမ်းဖက်လုယက်မှု နှစ်ကြိမ်၊ ဖောက်ထွင်းမှုတစ်ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ပြစ်မှုကျူးလွန်သူကို ထိန်းသိမ်းနိုင်မှု မရှိသောကြောင့် အဆိုပါရပ်ကွက်မှ ပြည်သူများစိုးရိမ်လျက်ရှိသည်။

"လမ်းပေါ်တင်မဟုတ်ဘူး၊ အိမ်ထဲမှာပါ ပြည်သူတွေ လုံခြုံမှုမရှိဘူးဆိုရင် ကျွန်တော်တို့ ဘယ်သွားနေရမလဲ။ တစ်ခါမှ ဇနီးကို ညဘက်ထားခဲ့ပြီး အပြင်မသွားဖူးဘူး။ စီးပွားရေးအတွက်ကြောင့်သာ သွားရတာ။ ကိုယ်ဝန်ရှိနေတဲ့ အပြင် သွေးအားနည်း ရောဂါရှိတော့ အခုလိုဖြစ်သွားတာကို ဖြေလို့မရဘူးဖြစ်နေတယ်။ မီးလင်းနေတဲ့လမ်း၊ ခေါင်းရင်းခြေရင်း လူရှိနေတာတောင် အခုလို အကွက်ကျကျလုပ်ဆောင်မှုမျိုး အခြားလူတွေလည်း မခံစားစေချင်ဘူး။ လူမထိခိုက်လို့ တော်သေးတယ်။ သောင်ကြီးစခန်းနဲ့လည်းနီးတော့ အခုလိုဖြစ်တာ ပြည်သူတွေရဲ့ စိုးရိမ်စိတ်ကိုပိုပြီး တွန်းအားပေးသလိုဖြစ်နေတယ်။ တရားဥပဒေစိုးမိုးမှုအားနည်းနေဆဲပဲလို့ ယူဆလို့ရတယ်။ ကျန်တဲ့သူတွေလည်း ကျွန်တော်တို့လို မဖြစ်စေချင်ဘူး။ သောင်ကြီးရဲစခန်းမှာ အမှုဖွင့်ထားတယ်။ ထူးခြားရင် အကြောင်းကြားဆက်သွယ်မယ်လို့ ပြောတယ်" ဟု မသက်ငုံဖူး၏ အမျိုးသား ကိုနေဇင်မြင့်ဝင်းက ပြောသည်။

**မြင့်မြတ်သစ္စာ**

# ရန်ငြိုးရန်စကြောင့် နေအိမ်မီးရှို့မှုဖြစ်ပွား

**ကသာ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာမှ သန်းထွန်းဝင်း တစ်ဦးတည်းနေထိုင်သည့် သုံးပင်၊ နှစ်ခန်း သက်ငယ်မိုး ထရံကာ ပျဉ်ခင်းနေအိမ်ကို ၎င်းနှင့်ရင်းနှီးပြီး ရန်ငြိုးရန်စရှိသူ ဘိုမင်း (၃၅ နှစ်) က စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီခန့်က နေအိမ်တွင်လူမရှိခိုက် နေအိမ်အမိုးအား မီးခြစ်ဖြင့် မီးရှို့ ထွက်ပြေးသွားကြောင်း သိရသည်။ နေအိမ်မီးလောင်ရာသို့ မောင်းကုန်းကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများနှင့် အရန်မီးသတ်တပ်ဖွဲ့တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးရှို့ထွက်ပြေးသွားသူ ဘိုမင်းကို ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ဘောလုံးပွဲသွားကြည့်နေစဉ် ဗီရိုထဲက ငွေ ၃၆ သိန်းပျောက်ဆုံး

**ပုသိမ် စက်တင်ဘာ ၅**

ရေကြည်မြို့နယ် ကျောက်ချောင်းကျေးရွာအုပ်စု သပြေကွင်းကျေးရွာနေ ဦးချစ်ပန်းသည် စက်တင်ဘာ ၂ ရက်က စပါးရောင်းရငွေ စုစုပေါင်းကျပ် ၃၆ သိန်းကို နေအိမ်အတွင်းရှိ ဗီရိုထဲ၌ သော့ခတ်သိမ်းခဲ့ပြီး ကုန်းပြင် ကျေးရွာလူငယ်ဘောလုံးပွဲသို့ သွားရောက်ကြည့်ရှုပြီး နေအိမ်သို့ ပြန်လာစဉ် နေအိမ်မီးဖိုချောင်ကို ပိတ်ထားခဲ့သော ပျဉ်ချပ်မှာ မူလအတိုင်းမဟုတ်ဘဲ ပြောင်းပြန်ပိတ်ထားသည်ကို တွေ့ရသည်။ နေအိမ်အတွင်းရှိ ဗီရိုကို သွားရောက်ကြည့်ရှုရာ ဗီရိုတံခါးမှာ ပွင့်နေပြီး ငွေ ၃၆ သိန်း ပျောက်ဆုံးနေကြောင်း သိရသည်။ ၎င်း၏တိုင်တန်းချက်အရ ကုန်းပြင်နယ်မြေရဲစခန်းက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး စုံစမ်းရှာဖွေလျက်ရှိသည်။

**ပုသိမ်-လှကြည်**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၅**

ရခိုင်ပြည်နယ်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး "ခေညဝတီ စစ်ဆင်ရေး" စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ မူးယစ်တပ်ဖွဲ့စုနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘူးသီးတောင် အမြန်ရေယာဉ်ဆိပ်၌ စစ်ဆေးနေစဉ် ဘူးသီးတောင်သို့ ဆိုက်ကပ်လာသော မလိခအမြန်ရေယာဉ်ကိုရှာဖွေရာ ခရီးသည် မနန်းအေးစိန် သယ်ဆောင်လာသည့် ပီနံအိတ်လေးလုံး၌ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇၃ သိန်း၊ မြန်မာငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မောင်တောမြို့အဝင် မြို့ပတ်လမ်းဆုံ၌ မူးယစ်ဆေးဝါးများလက်ခံမည့် ရော်ဖူးအာဇက်ကို မော်တော်ဆိုင်ကယ်ဖြင့်လည်းကောင်း၊ မာမောက်စလာမ်နှင့် နူရူဟာဆောက်တို့ နှစ်ဦးကို ယာဉ်အမှတ် 1J/--- ဟိုက်ဂျက် အဖြူရောင် မော်တော်ယာဉ်ဖြင့်လည်းကောင်း ဖမ်းဆီးရမိသဖြင့် မနန်းအေးစိန် (၄၀နှစ်)၊ ရော်ဖူးအာဇက် (၂၄နှစ်)၊ မာမောက်စလာမ် (၁၈နှစ်) နှင့် နူရူဟာဆောက် (၁၈နှစ်) တို့ လေးဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




Yangon University of Distance Education
YUDE

သင်တန်းဖွင့်လှစ်မည့်ရက်
စက်တင်ဘာလ (၁၀)ရက်၊ ၂၀၁၅
ရန်ကုန်အဝေးသင်တက္ကသိုလ်ဝန်း၊
သထုံလမ်း၊ ကမာရွတ်။

Diploma → Second Year Computing Diploma → B.Sc (Hons) Business Information Technology (BIT)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန-ရန်ကုန်အဝေးသင်တက္ကသိုလ် နှင့်
KMD Computer Group တို့ပူးပေါင်းဖွင့်လှစ်သည့် Diploma သင်တန်း

KMD

Diploma in Business Information System

- တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများတက်ရောက်နိုင်ပါသည်။
- သင်တန်းကာလမှာ(၉)လကြာမြင့်ပါမည်။
- သင်တန်းပြီးဆုံးပါက ပညာရေး ဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သောဒီပလိုမာအောင်လက်မှတ် ရရှိပါမည်။
- လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် IT ကုမ္ပဏီကြီးများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိပါမည်။
- ကျောင်းသား/သူဟောင်းများ၊အစိုးရဝန်ထမ်း များ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများရယူနိုင်ပါသည်။



☎ - ဆက်သွယ်ရန်ဖုန်း- ၀၉-၈၃၀၃၇၇၅ ၊ ၀၁- ၅၀၁၂၄၃၊ ၂၉၁၉၂၅၊ ၅၀၂၂၃၃၊ ၃၈၅၈၇၇၊ ၅၄၁၃၂၈၊ ၅၄၆၆၀၀၊ ၂၂၀၅၅၅၊ ၆၆၀၈၈၇၊ ၅၀၅၃၉၉။



## ရေကြောင်းရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၉-၂၀၁၅ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၅-၉-၂၀၁၅ရက်

၄။ **ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက်** - ၁၆-၉-၂၀၁၅ရက်၊ ၁၆း၀၀နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၉-၂၀၁၅ရက်၁၀း၀၀ နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ် (၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိလိုပါက ဖုန်း-၀၆၇-၄၁၁၅၇၄၊ ၀၉-၅၀၈၅၅၉၇၊ ၀၉-၄၂၂၄၄၆၀၂၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့**



## လူပျောက်ကြော်ငြာ



အထက်ဖော်ပြပါဓာတ်ပုံရှင် ဒေါ်စန်းစန်းဝင်း အသက်(၅၈)နှစ် (ယာပါးမှဲ့ရှိ) သည် ၂-၉-၂၀၁၅ရက် ညနေခန့်တွင် အိမ်ပြန်မလာဘဲ ပျောက်နေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)

**ဆက်သွယ်ရန်ဖုန်း ၀၉-၅၀၃၀၅၇၇၊ ၀၉-၇၃၁၂၆၈၄၂**



## အမှားပြင်ချက်

အကြိမ်(၃၂၀)မြောက် ကိုးသုံးလုံး၊ မျိုးဆက်သစ်၊ ပန်ဆုအောင်၊ ဇမ္ဗူလင်း၊ မြတံခွန်၊ ရတနာသိန်းထိုက်အောင် သိန်းထီပေါက်စဉ်များတွင် ၁၀ သိန်းဆု ည-၇၂၅၅၁၆ အစား င-၇၂၅၅၁၆ဟု ပြင်တိုက်ပါရန်။

## သွေးသည် အသက်



## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြင့်စံ(ခ)ဒေါ်ခင်မြင့်စန်း ၁၂/မဂတ(နိုင်)၀၄၉၂၀၉ ပိုင်ဆိုင်သော မြေကွက်ကိစ္စများဆောင်ရွက်နိုင်ရန် ဦးစန်းဝေ ၁၂/တမန(နိုင်)၀၁၃၅၄၉သို့ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၂၉-၉-၂၀၁၄ ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၂၆၄၅၆/၂၀၁၄ ဖြင့် လွှဲအပ်ဆောင်ရွက်စေခဲ့ရာ ဦးစန်းဝေ၏ ဆောင်ရွက်ချက်မအောင်မြင်သဖြင့် ယနေ့မှစ၍ ဦးစန်းဝေအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းလိုက်ပြီဖြစ်ပါသည်။

**ဒေါ်ခင်မြင့်စံ (ခ) ဒေါ်ခင်မြင့်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်း(ဝါးခယ်မ)**
**တရားလွှတ်တော်ရှေ့နေ(၅၄၆၅)**
**၂၄/ခြောက်လွှာ၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊**
**ဖုန်း-၄၂၅၂၈၀၅၃၄**

# လှိုင်သာယာ သမကုန်းအပိုင်းတွင် နေ့စဉ်ယာဉ်ပိတ်ဆို့မှုကြောင့် အဝေးပြေးသို့ သွားသောယာဉ်နှင့် ခရီးသည်များ အခက်အခဲရှိ

**ရန်ကုန် စက်တင်ဘာ ၅**

စက်မှုမြို့ဖြစ်သော လှိုင်သာယာ မြို့နယ်တွင် ဒဂုံ-ဧရာအဝေးပြေးမှ တစ်ဆင့် ခရီးသွားပြည်သူများ ဧရာဝတီတိုင်းဒေသကြီးသို့ နေ့စဉ် သွားလာနေကြသကဲ့သို့ စက်မှုဇုန် များတွင် ဝင်ထွက်သွားလာနေသော ယာဉ်များဖြင့် ရန်ကုန်-ပုသိမ်လမ်း မကြီးသည် ယာဉ်ဖြတ်သန်းမှုများပြား လျက်ရှိသည်။ ဒဂုံ-ဧရာအဝေးပြေး ယာဉ်ရပ်နားကွင်းအနီးရှိ သမကုန်း အပိုင်းပတ်ထိပ်တစ်ဖက်တစ်ချက်စီ တွင် ခရီးသည်ယာဉ်များရပ်၍ ခရီး သည် အတင်အချပြုလုပ်မှုကြောင့် အပိုင်းကို ဖြတ်သန်းမည့် ယာဉ်များ တန်းစီ၍ စောင့်ဆိုင်းနေရသည့် အတွက် ယာဉ်ပိတ်ဆို့မှုဖြစ်ပေါ် လျက်ရှိသည့်အပြင် အဝေးပြေးရပ်နား ကွင်းသို့သွားသည့် ခရီးသည်များ အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းကို လှိုင်သာယာ ကနေ ၂၅ မိုင်ဝေးတယ်။ အဝေးပြေး ကို ရန်ကုန်မြို့ထဲကနေ တက္ကစီနဲ့ လာတာလမ်းမှာ ယာဉ်ကြောပိတ်လို့ ကြာတာလက်ခံပါတယ်။ အဝေးပြေး ရောက်ခါနီးမှ သမကုန်းအပိုင်း နေရာလေးမှာ ယာဉ်ကြောကြီး ပိတ် လို့ စောင့်နေရတာ ခရီးသွားတွေ အတွက် အဆင်မပြေဘူး။ မိုးရာသီမှာ ကုန်းလမ်းပေါက်နေတဲ့ဒေသကို သွား ရလာရတာ ရေလမ်းထက် လုံခြုံမှုရှိ လို့ ကားနဲ့သွားကြတာ။ ဒီနေရာမှာ ယာဉ်ကြောပိတ်တတ်တယ်ဆိုရင် ခရီး သွားတွေ အဆင်ပြေအောင် ဆောင် ရွက်ပေးသင့်တယ်" ဟု သမကုန်း အပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှု ကြောင့် ကားနောက်ကျခဲ့သော ခရီး သွားဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမင်းခန့် က ပြောသည်။

အဆိုပါ သမကုန်းအပိုင်းတွင် ဒဂုံ-ဧရာ အဝေးပြေးယာဉ်ရပ်နား ကွင်းမှ လိုင်းကားများ၊ ထန်းတပင်မှ လိုင်းကားများ အပိုင်းပတ်လမ်းထိပ်၌ ခရီးသည် အတင်အချပြုလုပ်ခြင်း၊ အနော်ရထာလမ်းမကြီးသို့ ဝင်ထွက် သော လိုင်းကားများ အပိုင်းထိပ်၌ ခရီးသည် အတင်အချပြုလုပ်ခြင်း တို့ကြောင့် နေ့စဉ်ယာဉ်ကြော ပိတ် ဆို့မှုဖြစ်ပေါ်လျက်ရှိကြောင်း သိရ သည်။ **သန်းထိုက်(လှိုင်သာယာ)**



## ကသာမြို့နယ်မိုးတားလေးကျေးရွာရောဝတီမြစ်ရေလှျံ၍နေအိမ်ခြောက်လုံး ပြောင်းရွှေ့

**ကသာ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မိုးတားလေးကျေးရွာတွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ဧရာဝတီ မြစ်ရေလျှံလာသဖြင့် ကမ်းပြိုခြင်း၊ရေတိုက်စားခြင်းရှိလာ၍ စိုးရိမ်ဖွယ်အနေအထားရှိသော နေအိမ်ခြောက်လုံးကို ဒေသခံများ၊ နယ်မြေခံ ရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် စုပေါင်း၍ ရေလွတ်ရာ ပြောင်းရွှေ့ပေးထားလျက်ရှိရာ စက်တင်ဘာ ၃ရက်က မြစ်ရေ ၉၇၂ စင်တီမီတာရှိနေချိန် ပြောင်းရွှေ့ပေးခဲ့ကြကြောင်း သိရသည်။

လူသားချင်းစာနာထောက်ထားမှုတစ်ရပ်အနေဖြင့် ကသာခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာများက တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ စီ ထောက်ပံ့ပေးခဲ့သည်။ ပြောင်းရွှေ့ရန် ကျန်ရှိ နေအိမ်ခုနစ်လုံးကိုလည်း မြစ်ရေတိုးလာပါက ပြောင်းပေးရန် စီစဉ်ထားကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ထန်းပင်ကန်ကျေးရွာနှင့် ဆည်တိုကျေးရွာအတွင်းရှိ ခိုင်းနွားအချို့ ခွာနာ၊ လျှာနာ ရောဂါဖြစ်၊ နွားပွဲဈေး ယာယီပိတ်ထား

**မလှိုင် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မလှိုင် မြို့နယ် ထန်းပင်ကန်ကျေးရွာနှင့် ဆည်တို ကျေးရွာအတွင်းရှိ ခိုင်း နွားအချို့နှင့် မွေးနွားအချို့တို့တွင် ခွာနာ၊ လျှာနာရောဂါများ ဖြစ်ပွား နေသဖြင့် မလှိုင်နွားပွဲဈေးကို ယာယီ တစ်လပိတ်ထားကြောင်း သိရသည်။

ထန်းပင်ကန်ကျေးရွာနှင့် ဆည် တိုကျေးရွာအတွင်းရှိ ခိုင်းနွားအချို့ နှင့် မွေးနွားအချို့တို့တွင် ဩဂုတ် ၂၃ ရက်မှစတင်၍ ခြေထောက်နာ ခြင်း၊ သရေကျခြင်း၊ သွားကြိတ် ခြင်း၊ အစားပျက်ခြင်း စသည့်သံသယ ဖြစ်ဖွယ် ခွာနာ၊ လျှာနာ ရောဂါ လက္ခဏာများ ဖြစ်ပွားနေသဖြင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်၊ မြို့နယ်မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အေးကိုနှင့် တာဝန်ရှိသူ များက ရောဂါဖြစ်ပွားရာနေရာများသို့ သွားရောက်၍ အချိန်နှင့်တစ်ပြေးညီ ဆေးကုသပေးခြင်း၊ ခွာနာ၊ လျှာနာ ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာန၊ နေပြည်တော်ရုံးချုပ် သုတေသနနှင့် ရောဂါထိန်းချုပ်ရေး ဌာနခွဲ၊ ခွာနာ၊ လျှာနာ ဌာနစိတ်မှ ဒေါက်တာစိန်လွင် ဦးဆောင်သော အဖွဲ့ကလည်း ရောဂါဖြစ်ပွားရာ ဒေသသို့ သွားရောက်၍ ခွာနာ၊ လျှာနာ ရောဂါလက္ခဏာများ ခံစား နေရသော နွားများကို ဆေးကုသ ပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်အတည်ပြု နိုင်ရန် ရောဂါနမူနာ ပစ္စည်းကောက် ယူခြင်း၊ ဆက်စပ်ကျေးရွာများမှ တိရစ္ဆာန်များကို ကာကွယ်ဆေးများ ထိုးနှံခြင်း၊ ဆေးကုသခြင်းနှင့် စောင့် ကြည့်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ခွာနာ၊ လျှာနာ ရောဂါသည် ခိုင်းနွားများနှင့် မွေးနွားများတွင် ဖြစ်လေ့ ဖြစ်ထရှိသော ရောဂါတစ်မျိုး ဖြစ်ပြီး အတူနေတိရစ္ဆာန်များကို အမြန်ဆုံးကူးစက် ပြန့်ပွားနိုင်သော ရောဂါဖြစ်သည်။

ထို့အပြင် ကူးစက်ပျံ့နှံ့မှုကြောင့် ရောဂါဖြစ်ပွားလျှင်လည်း ထိန်းချုပ် ရန် ခက်ခဲကြောင်း သိရသည်။ သို့ဖြစ်၍ မြို့နယ်အတွင်းရှိ အခြား ကျေးရွာများသို့ ရောဂါကူးစက်ပြန့် ပွားမှု မရှိစေရန်နှင့် ရောဂါထိန်းချုပ် နိုင်စေရန်အတွက် ထန်းပင်ကန် ကျေးရွာနှင့် ဆည်တိုကျေးရွာတို့မှ ခိုင်းနွားများနှင့် မွေးနွားများကို ကျေးရွာအုပ်စုအတွင်းမှ ပြင်ပသို့ သယ်ဆောင်ခြင်း မပြုလုပ်ရန်နှင့် ပြင်ပမှနွားများကိုလည်း သယ်ဆောင် လာခြင်းမပြုလုပ်ရန် တားမြစ်ထား သည်။ ထို့အပြင် ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေး လိုအပ်ချက်အရ ငါးရက်လျှင် တစ်ဈေးခင်းသည့်မလှိုင် နွားပွဲဈေးကိုလည်း ဩဂုတ် ၂၉ ရက် နေ့မှစတင်၍ ယာယီတစ်လပိတ် ထားကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**




**တိုက်ခန်းရောင်းမည်**

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပြည်လမ်းမပေါ် ၃၆ ပေ × ၄၅ ပေ၊ (၈)ထပ်
ကျယ်ဝန်းသောဧည့်ခန်းနှင့် ထမင်းစားခန်းများပါဝင်ပြီး
အိပ်ခန်း(၃)ခန်း၊ မီးဖိုခန်း (၁)ခန်း၊ ရေချိုးခန်း၊ အိမ်သာ(၂)ခန်း
အသင့်နေထိုင်နိုင်ပါသည်။
ဆက်သွယ်ရန် - 09-519 9697



**ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၃၅)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် ၆၁၄ တွင် ငါးထပ်တိုက် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍**

**ဦးမျိုးလွန်ဆွေ ၁၂/သဃက(နိုင်)၁၄၆၉၇၀ သိစေရန်**

ကျွန်ုပ်၏မိတ်ဆွေ ဦးစန်ငြိမ်း ၁၂/ဗဟန(နိုင်)၀၂၆၃၉၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးလိုသည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၃၅)ရပ်ကွက်၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၆၁၄)တွင် နှစ်ဦးသဘောတူ ငါးထပ်တိုက်သစ်ဆောက်လုပ်ရန်အတွက် သဘောတူကတိပြုစာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး အဆိုပါစာချုပ်တွင် သတ်မှတ်ထားသော စည်းကမ်းချက်များအနက် ကန်ထရိုက်တာသည် အဆောက်အအုံဆောက်လုပ်ရန် ကတိပြုစာချုပ် ချုပ်ဆိုပြီးသည့်အချိန်မှစ၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော ပုံစံနှင့် ရုံးကိစ္စအဝဝကို ကန်ထရိုက်တာ၏စရိတ်ဖြင့် ဆောင်ရွက်ပေးရမည်ဟု ဖော်ပြပါရှိသော်လည်း ကန်ထရိုက်တာ ဦးမျိုးလွန်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအားပေးသွင်းရမည့် ဆောက်လုပ်ခကြေးငွေကျပ် ၂၅၀၀၀၀၀ိ/- ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ ပေးသွင်းခြင်းမရှိသည့်အပြင် တိုက်ဆောက်လုပ်ခြင်းအတွက် လုပ်ငန်းလိုအပ်ချက် အပြီးသတ်ရန်အတွက် ဖုန်းဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း၊ ဆက်သွယ်မှုတစ်စုံတစ်ရာ မရရှိဘဲ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း ကျွန်ုပ်သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဦးစန်ငြိမ်းထံသို့ အမြန်ဆုံး လာရောက်ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် လာရောက်ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက လူကြီးမင်းထံသို့ လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကာ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ထို့အပြင် သတ်မှတ်ရက်အတွင်း လာရောက်ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက ဦးမျိုးလွန်ဆွေနှင့် ဦးစန်ငြိမ်း ပြုလုပ်ချုပ်ဆိုထားသော စာချုပ်အား မျက်ကွယ်ပြုလျက် ကန်ထရိုက်တာနှင့် မြေရှင်တို့အကြား ဥပဒေအရ အတိအလင်းပြတ်စဲပြီးဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ကျော်အောင်**
**LL.B, C.B.L**
**အထက်တန်းရှေ့နေ (SHWE HINN THAR LAW FIRM & REAL ESTATE CONSULTANT)**
**အမှတ် ၁၀၆၆၊ ပင်လုံလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၂၅၀၀၁၀၁၅၄**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းခရီးသည်များအား သမိုင်းဝင်ဂုတ်ထိပ်တံတားကြည့်ရှုလေ့လာနိုင်ရန် သံလမ်းပြေးယာဉ်ဖြင့် နောင်ချို-နောင်ပိန်၊ နောင်ပိန်-နောင်ချိုခရီးစဉ်တွင် မြန်မာ့မီးရထားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ခြင်း**
**(Expression of interest)**

၁။ မြန်မာ့မီးရထားသည် ပြည်တွင်း၊ ပြည်ပခရီးသည်များ သမိုင်းဝင်ဂုတ်ထိပ်တံတားကို ကြည့်ရှုလေ့လာနိုင်ရန်အတွက် ခရီးသည်(၂၀)ဦးစီးနင်းနိုင်သည့် သံလမ်းပြေးယာဉ် Rall Gang Car (RGC) ဖြင့် ပို့ဆောင်ပေးမည့် ဝန်ဆောင်မှုအစီအစဉ် (နောင်ချို-နောင်ပိန်/နောင်ပိန်-နောင်ချို)ခရီးစဉ်ကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စား၍ လုပ်ကိုင်လိုသူများသို့ အဆိုပြုလွှာ တင်သွင်းနိုင်ရေးဖိတ်ခေါ်အပ်ပါသည်။

၂။ နောင်ချို-နောင်ပိန်ခရီးစဉ်နှင့် နောင်ပိန်-နောင်ချိုခရီးစဉ်တို့အား RGC ဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာကြည့်ရှုနိုင်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို(၃)နှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ်စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပြုလွှာ (Expression of interest)များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ ၆-၁၀-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့သွားရန်နှင့် နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အဆိုပြုလွှာအတွက် အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/-ဖြင့် ၇-၉-၂၀၁၅ ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၃)တိုင်း-မန္တလေး၊ အမှတ်(၇) တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၁၃၊ ၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။



**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**မုံရွာမြို့**
**စစ်ကိုင်း-မင်းကွန်းဒေသ ဇုန်ဝင်ကြေးကောက်ခံခြင်းလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၀၁၆ခုနှစ် မတ် ၃၁ရက်အထိ ကာလအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း-မင်းကွန်းဒေသရှိ လိုင်စင်ကြေး ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်လိုသော လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်**-၇-၉-၂၀၁၅ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်(အချိန်)** -၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့) (၁၆း၀၀)နာရီ

၃။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၂၇၇၃၊ ၀၉-၄၇၀၆၄၁၁၅သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/အဘိရာဇာ၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၂ [ခ]၊ ဧရိယာ ၀ဒသမ၁၇၂ဧကရှိ ဦးခင်မောင်မြင့်အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးကျော်ငွေး ၉/တကန(နိုင်)၀၂၈၆၅၀ (ဘ) ဦးမောင်ကိုမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန် အမည်ပြောင်းလျှောက်ခြင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် AA/1709၊ Toyota Caldina ET 196, S/W (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၂/အစန(နိုင်)၁၁၇၃၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

# ရုံးလုပ်ငန်းများကို လွယ်ကူမြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပေးမည်

**တွေ့ဆုံမေးမြန်း-လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-ဇရုံကာသား**

ပြည်သူတို့၏ အခြေခံ လိုအပ်ချက်များအား ဖြည့်ဆည်းရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေး လာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်၊ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက် မေယုလမ်းဘေးရှိ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးဟောင်း)အောက်ထပ်၌ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းမှစ၍ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါရုံးက ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ၎င်းရုံးမှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်တွေ့ဆုံမေးမြန်းချက်များကို ရေးသားဖော်ပြလိုက်ပါသည်။



စစ်တွေမြို့ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ပြည်သူများအား ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။

**ဦးထွန်းနိုင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး စစ်တွေမြို့**

**မေး။ ။ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop -OSS)ဖွင့်လှစ်နိုင်အောင် ဘယ်အချိန်ကစပြီး ပြင်ဆင်ခဲ့ပါသလဲ။**

**ဖြေ။** ။ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ဖွင့်လှစ်နိုင်ဖို့အတွက် လွန်ခဲ့တဲ့ တစ်လလောက်ကစပြီး စီစဉ်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ မြို့နယ်တိုင်းမှာ ဖွင့်လှစ်ဖို့ညွှန်ကြားမှု၊ ပံ့ပိုးမှုတွေပေးခဲ့ပါတယ်။ တချို့မြို့နယ်တွေမှာလည်း ဖွင့်လှစ်သွားပြီးဖြစ်သလို၊ တချို့မြို့နယ်တွေကလည်း စီစဉ်နေကြတယ်လို့ သိရပါတယ်။ ကျွန်တော်တို့စစ်တွေမှာတော့ ခုမှဖွင့်လှစ်နိုင်တာပါ။

**မေး။ ။ ဆရာတို့အနေနဲ့ ဘယ်လိုလုပ်ငန်းမျိုးတွေကို ဆောင်ရွက်ပေးသွားမှာပါလဲ။**

ဖြေ။ ။ ကျွန်တော်တို့ (One Stop Shop -OSS) ရုံးအနေနဲ့ ဌာန ၁၀ ခုနဲ့ သက်ဆိုင်တဲ့ ပြည်သူ့ဝန်ဆောင်မှု ရုံးလုပ်ငန်းတွေကို တစ်နေရာတည်းမှာပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီဌာနတွေကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ဖြစ်ပါတယ်။

**မေး။ ။ One Stop Shop နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို နေ့ချင်းပြီးဆောင်ရွက်ပေးပါသလား။**

ဖြေ။ ။ လုပ်ငန်းအလိုက် ကာလအပိုင်းအခြား သတ်မှတ်ချက်တွေရှိမှာပါ။ ဥပမာအားဖြင့် မြေဂရန် လုပ်မယ့်ကိစ္စတွေလိုမျိုးဆိုရင် အချိန်ဘယ်နှစ်ရက်ကြာမယ်၊ လဝကနဲ့ဆိုင်တာမျိုးဆိုတော့ ဘယ်လောက်ကြာမယ် စသည်ဖြင့် ကဏ္ဍအလိုက် သတ်မှတ်ချက်တွေရှိမှာပါ။ တချို့ ဌာနနဲ့ဆိုင်တဲ့ ကဏ္ဍတွေကျတော့ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်သလို ချက်ချင်း ဆောင်ရွက်ပေးလို့ရတာတွေလည်းရှိမှာပါ။ ဒါကတော့ ပြည်သူတွေဆောင်ရွက်မယ့် ဝန်ဆောင်မှု လုပ်ငန်းတွေနဲ့ဆိုင်ပါတယ်။

**မေး။ ။ ဆရာတို့အနေနဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးရဲ့ ဆောင်ရွက်သွားမယ့်လုပ်ငန်းတွေကို ပြည်သူတွေသိရှိအောင် ဘယ်လိုဆောင်ရွက်သွားမှာပါလဲ။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးရဲ့ ဆောင်ရွက်ပေးမယ့်လုပ်ငန်းတွေကို ပြည်သူတွေ သိရှိနိုင်အောင် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေကတစ်ဆင့်ဖြစ်စေ၊ အများမြင်သာတဲ့ နေရာတွေမှာဖြစ်စေ ဗီနိုင်းတွေ၊ ကြော်ငြာတွေနဲ့ ဖြန့်ဝေပေးသွားပါမယ်။ လက်ကမ်းစာစောင်တွေလည်း ဖြန့်ဝေပေးထားပါတယ်။ OSS မှာပါတဲ့ သက်ဆိုင်ရာဌာနတွေရဲ့ ရုံးတွေမှာလည်း ဗီနိုင်းတွေနဲ့ ကြော်ငြာပေးထားပါပြီ။ ဘယ်လုပ်ငန်းမျိုးကို ဆောင်ရွက်ရန် ဘယ်လောက်ကြာမယ်။ အဖိုးအခအားဖြင့် ဘယ်လောက်ကုန်မယ်ဆိုတာကအစ ကြော်ငြာပေးမှာပါ။ ပြည်သူတွေအနေနဲ့ ရုံးလုပ်ငန်းတွေကို လွယ်ကူမြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေကို ရရှိမှာပါလဲ။**

ဖြေ။ ။ ဟုတ်ကဲ့ပါဆရာ၊ ပြည်သူတွေအတွက်ရရှိမယ့် အကျိုးကျေးဇူးတွေကတော့ အများကြီးပါပဲ။ လုပ်ငန်းတွေကို ရုံးအသီးသီးကိုမသွားဘဲနဲ့ တစ်နေရာတည်းမှာ ဝန်ဆောင်မှုတွေ ဆောင်ရွက်နိုင်တာရယ်၊ အများကြီးပါပဲ။ ဥပမာတစ်ခုပြောရရင် ကျွန်တော်တို့ ပွဲမိန့်တွေဆိုရင် သက်ဆိုင်ရာဌာနတွေရဲ့ ထောက်ခံချက်တွေပါရတော့ ပြည်သူတွေအနေနဲ့ ဟိုရုံးသွားလိုက်၊ ဒီရုံးသွားလိုက်စသည်ဖြင့် အချိန်အများကြီးကြာပါတယ်။ ရုံးတွေကလည်း နီးတဲ့ရုံးရှိသလို ဝေးတဲ့ရုံးတွေလည်းရှိကြပါတယ်။ ပြည်သူတွေအနေနဲ့ အချိန်အများကြီး လိုအပ်တာပေါ့။ ဒီလိုမျိုးတွေမဖြစ်စေဘဲ အချိန်တိုတိုနဲ့ ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်ပေးမှာဖြစ်လို့ အကျိုးကျေးဇူးတွေရကြမှာဖြစ်ပါတယ်။

**ဦးစောဝင်းမောင်(ကျန်းမာရေးမှူး-၁)**
**ပြည်သူ့ဝန်ဆောင်မှုရုံး၊ ကျန်းမာရေးရုံးတာဝန်ခံ**

**မေး။ ။ One Stop Shop ရုံးမှာ ပါဝင်ဆောင်ရွက်ပေးမယ့် ကျန်းမာရေးဦးစီးဌာနနဲ့ဆိုင်တဲ့ လုပ်ငန်းတွေကို သိပါရစေ။**

ဖြေ။ ။ ။ကျန်းမာရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်ပေးမယ့် လုပ်ငန်းတွေကတော့ ပုဂ္ဂလိကဆေးခန်းလိုင်စင်လျှောက်ထားမှု လက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နှစ်လွန်မွေးစာရင်း လျှောက်ထားမှု လက်ခံခြင်းဆိုင်ရာကိစ္စရပ်များ၊ ကူးစက်ရောဂါဖြစ်ပွားကြောင်း သတင်းအချက်အလက် လက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဖွား/သေ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ထောက်ခံချက်များ ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အစားသောက် စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေအနေနဲ့ ကျန်းမာရေးစစ်ဆေးမှုတွေကို ဒီရုံးမှာ ဆောင်ရွက်နိုင်ပါသလား။**

ဖြေ။ ။ ကျန်းမာရေးစစ်ဆေးမှုတွေကဓာတ်ခွဲစစ်ဆေးရမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ဆရာဝန်တစ်ဦးဦးရဲ့ လမ်းညွှန်ချက်နဲ့ ဓာတ်ခွဲခန်းတွေက ဆောင်ရွက်ရမယ့် ကိစ္စပါ။ ဆေးရုံ၊ ဆေးခန်းတွေက ဆောင်ရွက်ပေးနေပါတယ်။ ဒါပေမယ့် ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေကို ဒီရုံးကိုလာပြီး မေးမြန်းလို့ရပါတယ်။ ဘယ်လို ဆောင်ရွက်သွားရမယ်ဆိုတာကို လမ်းညွှန်ပေးသွားမှာပါ။

ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)တွင် ပါဝင်သော ဌာနများ၏လုပ်ငန်းများကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


**တစ်ဦးတည်းဖြစ်ပါကြောင်း**

လားရှိုးမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(G)မှ မောင်အောင်နိုင်ထွန်း၏ ဖခင်ဖြစ်သူ ဦးအောင်မြင့်(ခ)ဦးဆွမ်းချင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မြင့်(ခ)ဦးဆွမ်းချင်**

**မိခင်အမည်မှန်**

ပင်လောင်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(က)မှ နန်းမြဟန်လင်းမွန်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းမြအေး ၁၃/ပလန(နိုင်)၀၀၂၇၄၇ ဖြစ်ပါကြောင်း။

**ဒေါ်နန်းမြအေး**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

အမှတ် ၆၅၂/ခ၊ အေးရိပ်သာ ၂ လမ်း၊ ၄၃ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်ခင်အုန်းမြင့် ၁၂/ဗဟန(နိုင်)၀၅၇၄၂၆ ၏သား မောင်သော်ဇင် ၁၂/ဗဟန(နိုင်)၀၉၈၅၁၉ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှ မိမိသဘောဆန္ဒအလိုအလျောက် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား မိသားစုမှ တာဝန်ယူခြင်းမရှိပါ။

**မိခင် ဒေါ်ခင်အုန်းမြင့်**

**ကပစ အငြိမ်းစားများ လူမှုရေးအသင်း ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် တွေ့ဆုံပွဲ**

**ရက်စွဲ** - ၂၀၁၅ခုနှစ် စက်တင်ဘာလ ၁၃ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၃၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ
**နေရာ** - ကထပ တပ်တွင်းဓမ္မာရုံခန်းမ (ယခင် ဒိုဘီလိုင်း) တပ်တွင်းအိမ်ထောင်သည်လိုင်း၊ ချော်တွင်းကုန်း၊ အမှတ် (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကပစအငြိမ်းစားများနှင့် ကပစတာဝန်ထမ်းဆောင်ဆဲလူကြီးမင်းများ၊ အသင်းဝင်များနှင့် အသင်းဝင်မဟုတ်သူများခင်ဗျား၊ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် ဤအလှူပွဲနှင့် ပြန်လည်တွေ့ဆုံပွဲသို့ ပါဝင်ဆင်နွှဲကြပါစို့ဟု လေးလေးစားစား ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဖုန်း-၀၉-၇၃၁၄၆၇၆၉၊ ၀၉-၂၅၃၇၆၀၁၂၆**

**ပုသိမ်တက္ကသိုလ် သချ်ာမိသားစု မြတ်ဆရာကန်တော့ပွဲ နှိုးဆော်လွှာ**

ပုသိမ်ဒေသကောလိပ်၊ ဒီဂရီကောလိပ်တက္ကသိုလ် အဆင့်ဆင့်တို့တွင် ပညာသင်ကြားခဲ့သော သချ်ာကျောင်းသား ကျောင်းသူဟောင်းများမှ အငြိမ်းစားဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ပုသိမ်တက္ကသိုလ် ကန်သယာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးတွင် ရောက်ရှိနေကြသော သူငယ်ချင်းများအား အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျင်းပမည့်ရက်စွဲ** - ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)

**ဆက်သွယ်ရန်**

**ရန်ကုန်**
ဦးသိန်းလွင်(အာရှတော်ဝင်ဆေးရုံ) ဖုန်း-၀၉-၅၁၁၄၅၆၆
ဦးသိန်းအောင်(ဆောင်းရွက်လှကုမ္ပဏီ) ဖုန်း-၀၉-၅၁၇၁၁၆၆
ဦးချိုထွဋ် (ဘုရင့်နောင်) ဖုန်း-၀၉-၇၉၅၅၀၆၇၇၈

**ပုသိမ်**
ဒေါ်ခင်ဝင်း(ကထိက၊ သချ်ာ) ဖုန်း-၀၉-၅၂၀၀၂၃၆
ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၇၈၅၂၀၀၁၄၄
ဦးညွန့်လွင် ဖုန်း-၀၉-၅၃၁၂၉၇၃
ဒေါ်တင်မိုးဝေ ဖုန်း-၀၉-၄၂၂၄၇၀၃၃၃
ဦးသက်အောင် ဖုန်း-၀၉-၅၂၀၀၄၉၀
ဦးကိုကိုနိုင် ဖုန်း-၀၉-၅၂၀၁၉၅၅

**Bank account No. KBZ 1. 0331220016190**
**ရောဝတီ - 0041223010001559**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများရှိ စက်ယန္တရားများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါစက်အရန်ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁။ | Spare Parts for CIFA Batching Plant | 1 Lot | Italy | CIF(Yangon) |
| ၂။ | Spare Parts for Excavator | 1 Lot | Japan | CIF(Yangon) |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၉-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၁၀-၂၀၁၅ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၀၉-၈၆၁၁၆၂၉၊ ၀၉-၄၃၁၈၆၂၅၁၊ ၀၉-၈၆၃၆၁၈၅**

အပြောရောင်ကမ္ပည်းများရဲ့ရာဇဝင်



# နိုင်ငံအတွက် အရေးကြီးသော မှတ်တမ်းမှတ်ရာများကို ပုံနှိပ်ရာ နှစ်တစ်ရာကျော်သက်တမ်းရှိ ဗဟိုပုံနှိပ်စက်ရုံ



**ဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- YHT**

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်က ရန်ကုန်သည် ဗြိတိသျှကိုလိုနီတို့ ရုံးစိုက်ရာဒေသတစ်ခုဖြစ်ခဲ့ပြီး ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးသည်လည်း ကိုလိုနီခေတ်တစ်လျှောက် လျင်မြန်စွာ ပေါ်ထွန်းခဲ့သည်ကို သမိုင်းဝင် အဆောက်အအုံများမှ တစ်ဆင့် လေ့လာသိရှိနိုင်ပါသည်။

ထိုအဆောက်အအုံများထဲတွင် ဗိုလ်တထောင် မြို့နယ်အတွင်းရှိ ၁၉၀၉ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့ပြီး နိုင်ငံတော်၏ အရေးကြီးသော မှတ်တမ်းများ၊ ပြန်တမ်းများနှင့် သန်းခေါင်စာရင်းများကိုရိုက်နှိပ်ရာ ပုံနှိပ်စက်ရုံကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မြို့ပြယဉ်ကျေးမှု စတင်မိတ်ဆက်လာပြီးနောက် ရန်ကုန်မြို့တွင် သမိုင်းဝင်လက်ရာအသီးသီး ဖန်တီးကြမည့် ကိုလိုနီတို့အားထားရာ အနောက်တိုင်း ဗိသုကာပညာရှင်များထဲတွင် စကော့လူမျိုးဂျွန်ဘာ့ဂ်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ သမိုင်းမှတ်တမ်းများအရ ဂျွန်ဘာ့ဂ်လက်ရာ အဆောက်အအုံ အလုံး ၂၀ မနည်း ရန်ကုန်မြို့တွင် ရှိခဲ့ပြီး ထိုအထဲတွင် သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ဗဟိုပုံနှိပ်စက်ရုံကြီးသည်လည်း တစ်ခုဖြစ်ခဲ့ကာ ပြီးပြည့်စုံသည့် အစိုးရမင်းများ ရုံးစိုက်ရာ အဆောက်အအုံတစ်ခုကို ဂျွန်ဘာ့ဂ်က တည်ဆောက်ထားခဲ့ပုံရသည်။

ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံများကို လေ့လာကြည့်ပါက မြန်မာနိုင်ငံ၏ ရာသီဥတုအနေအထား၊ လူနေမှုစရိုက်တို့နှင့် ကိုက်ညီမှုရှိပြီး ယနေ့တိုင် အသုံးဝင်နိုင်မည့် အဆောက်အအုံဒီဇိုင်းတို့ကို အမြော်အမြင်ကြီးစွာ ထည့်သွင်းတွက်ချက် တည်ဆောက်ထားပုံကို မြင်တွေ့ရသည်။

ယင်း အဆောက်အအုံကြီးကို ၁၉၀၉ခုနှစ်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံမှာ ရုံးဌာနတာဝန်များကို ဆောင်ရွက်ရာ အဆောင်ဆောင်အခန်းခန်းတို့ကို ခေတ်မီအသုံးအဆောင်များဖြစ်ခဲ့သော ဓာတ်လှေကားများ၊ ကျယ်ဝန်းပြီး နေရာခွဲခြားထားသည့် အဆင့်ဆင့်သော လှေကားဒီဇိုင်းတို့မှာ ခံ့ညားထည်ဝါမှုနှင့် မျက်စိပသာဒဖြစ်မှုတို့ကို အလေးထားဟန်ရသည်။

ထို့အပြင် ရုံးဌာနတွင် အလုပ်ဝင်ရောက်ကြမည့် ဝန်ထမ်းများအတွက် အိမ်ရာများနှင့် မြင်းဇောင်းများကိုပါ ထည့်သွင်းတည်ဆောက်ခြင်းဖြင့် ပြီးပြည့်စုံသော ရုံးစိုက်ရာနေရာတစ်ခုကို စနစ်တကျဖန်တီးပေးထားခြင်းဖြင့် ဂျွန်ဘာ့ဂ်၏ မျက်နှာစာဒီဇိုင်းကို ပိုမိုကောင်းမွန်စေခဲ့ကြောင်း မှတ်သားရသည်။

၁၉၁၂ ခုနှစ်တွင် ယင်းအဆောက်အအုံကြီးကို တည်ဆောက်ပြီးစီးခဲ့ပြီး မူလအစတွင် အိန္ဒိယမှ တင်သွင်းလာခဲ့သည့် စာရေးကိရိယာများနှင့် အချက်အလက်များကို ဖြန့်ချိရန်အတွက် အဓိကအသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် ဗြိတိသျှအစိုးရ၏ သန်းခေါင်စာရင်းများနှင့် ပြန်တမ်းများ၊ အချက်အလက်များကို ပုံနှိပ်ရာအဖြစ် အစဉ်အဆက်သုံးစွဲခဲ့ကြကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ မှတ်တမ်းများအရ သိရှိရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဗဟိုပုံနှိပ်စက်ရုံကြီးကို ထပ်မံတိုးချဲ့မွမ်းမံခဲ့ပြီး ခေတ်အဆက်ဆက် အစိုးရဝန်ကြီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းအသီးသီးတို့က လိုအပ်သည့် အချက်အလက်များ၊ စာရွက်စာတမ်းများနှင့် ပြန်တမ်းများကို တာဝန်ကျေပွန်စွာအချိန်နှင့် တစ်ပြေးညီပုံနှိပ်မှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၁၉၁၂ ခုနှစ်မှ ယခုအချိန်အထိ နှစ်ပေါင်း ၁၀၃နှစ်ခန့် သက်တမ်းရှိ အဆိုပါအဆောက်အအုံသည် ယနေ့တိုင် ရှေးမူလက်ရာမပျက် အခိုင်အခံ့တည်ရှိနေဆဲပင်ဖြစ်သည်။

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို ဖွဲ့စည်းပြီးနောက်တွင်လည်း ခေတ်မီပုံနှိပ်စက်များကို မှာယူတင်သွင်းကာ ပုံနှိပ်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်ထိလည်း ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ကြီးရုံးအဖြစ် ဆက်လက်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အစိုးရဝန်ကြီးဌာနများစွာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဗဟိုပုံနှိပ်စက်ရုံအဆောက်အအုံကြီးကိုလည်း ပြန်လည်မွမ်းမံ ပြင်ဆင်ခြင်းဖြင့် စာအုပ်ဆိုင်များ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများအတွက် အချက်အချာကျသည့် နေရာတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုကို ကြိုဆိုကြောင်းအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

> ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အစိုးရဝန်ကြီးဌာနများစွာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဗဟိုပုံနှိပ်စက်ရုံအဆောက်အအုံကြီးကိုလည်း ပြန်လည်မွမ်းမံပြင်ဆင်ခြင်းဖြင့် စာအုပ်ဆိုင်များ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများအတွက် အချက်အချာကျသည့် နေရာတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုကို ကြိုဆိုကြောင်း အဖွဲ့မှ သတင်းထုတ်ပြန်ထား

"ပုံနှိပ်ရေးနဲ့ စာအုပ်ထုတ်ဝေရေးတွေလို စာအုပ်စာပေနဲ့ ပတ်သက်ဆက်နွှယ်တဲ့ လုပ်ငန်းတွေအတွက် နေရာစီစဉ်ဖန်တီးပေးနိုင်ဖို့ ပြန်ကြားရေးဝန်ကြီးဌာနက အစပျိုးလုပ်ဆောင်နေတာကို ကျွန်တော်တို့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြိုဆိုပါတယ်။ ဒီစီမံချက်က စာအုပ်ဆိုင်ပိုင်ရှင်တွေနဲ့ စာဖတ်သူတွေလက်ရှိရင်ဆိုင်နေရတဲ့ အဓိကအခက်အခဲတွေကို ကူညီဖြေရှင်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု အဖွဲ့၏ အမှုဆောင်တစ်ဦးဖြစ်သူ ဒေါက်တာသန့်သော်ကောင်းကလည်း ပြောကြားသည်။

ယခုအခါ ပြန်လည်မွမ်းမံပြင်ဆင်မည့် ဗဟိုပုံနှိပ်စက်ရုံကြီးတွင် ဩဂုတ် ၉ ရက် နံနက်က ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားကို တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့်အဖွဲ့တို့ ပူးပေါင်းမှုဖြင့် ပုံနှိပ်မှုတစ်ခေတ်ဆန်းလာတော့မည်ဖြစ်သည်။

အပြာရောင်ကမ္ပည်းပြား တပ်ဆင်မှုကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က လုပ်ဆောင်နေသော စီမံချက်တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆက်လက်လုပ်ဆောင်သွားရန်ရှိပြီး ရန်ကုန်မြို့ပြသမိုင်းကြောင်းတွင် အရေးပါခဲ့သော အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအား အထိမ်းအမှတ်ပြုပေးခြင်းဖြစ်ကာ တပ်ဆင်ပေးခြင်းဖြင့် အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများသည် ရန်ကုန်သမိုင်းကို လွယ်ကူစွာ လေ့လာနိုင်ခြင်းနှင့် တန်ဖိုးသိခြင်းတို့ကို အကျိုးကျေးဇူးအဖြစ်ရလာနိုင်မည်ဟု မျှော်လင့်ထားသည်။

"ရှေးဟောင်း အဆောက်အအုံတွေအကြောင်းကို စနစ်တကျ ပြုစုမှတ်တမ်းတင်ရတာ မလွယ်ကူပါဘူး။ အဆင့်ဆင့် ရှာဖွေစုဆောင်းရတယ်။ အချက်အလက်မှန်ကန်ရေးအတွက် အချိန်တွေပေးရသလို ကမ္ပည်းပြားတပ်ဆင်ရာမှာလည်း အဆင့်ဆင့်တင်ပြရတာတွေနဲ့ အလေးချိန်ရှိတဲ့ ကမ္ပည်းပြားတွေကို မှာယူတင်သွင်းရတာ အချိန်ပေးရပါတယ်။ ထပ်မံပြီး တပ်ဆင်သွားဖို့ရှိပါတယ်"ဟု အဖွဲ့၏ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးမန်နေဂျာရွှေယင်းမာဦးက ပြောကြားသည်။

ယင်းအဖွဲ့၏ ကြိုးပမ်းမှုအပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း ရှေးဟောင်းအဆောက်အအုံပေါင်း ၁၈၉ ခုကို စာရင်းပြုစုကာ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယင်းအဆောက်အအုံများ၏ သမိုင်းကြောင်း၊ အချက်အလက်များနှင့် ထိန်းသိမ်းမှုအခြေအနေ၊ လက်ရှိကြုံတွေ့နေရသည့် အနေအထားများကို လေ့လာမှတ်တမ်းများ ပြုစုလျက်ရှိသည်။

## ခရီးသွားဆောင်းပါး




# ရှေးခေတ်လက်ရာများဖြင့် ပြည့်လျှမ်းနေသော ကော့ဂွန်းဂူသို့ တစ်ခေါက်

သတင်းဆောင်းပါး ➢ မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ ➢ မောင်ချစ်ကြည်

*ဘားအံမြို့က ကျွန်တော်နှင့် မစိမ်း၊ အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည်။ ကရင်ပြည်နယ်မြို့တော်ဖြစ်၍ နေရာတိုင်းတွင် သစ်လွင်သော နေအိမ်တိုက်တာများ၊ ဟိုတယ်နှင့် အဆောက်အအုံများကို မြင်တွေ့ရသည်။ တစ်ကြိမ်နှင့် တစ်ကြိမ်ပင် မြင်ကွင်းကမတူ၊ ပြောင်းလဲဆန်းသစ်မှုတွေရှိမြဲပင်။ ဘားအံမြို့ပေါ်နှင့် ဝန်းကျင်ရှိ စိတ်ဝင်စားဖွယ်နေရာများကိုလည်း ရောက်ခဲ့၊ လေ့လာဖြစ်ခဲ့သည်။ တာဝန်ဖြင့် သွားရောက်ခြင်းဖြစ်သော်လည်း အချိန်ရသမျှ သွားရောက်ခဲ့ခြင်းဖြစ်ရာ နေရာစုံသလောက်ရှိသည်။ သို့သော် ထူးခြားသည်က ဘားအံမြို့အနီးရှိ ရှေးဟောင်းကော့ဂွန်းဂူသို့ မရောက်ဖြစ်သေး။ သွားမည်ဟုကြံရွယ်တိုင်း အကြောင်းတစ်မျိုးမျိုးဖြင့် အထမမြောက်ခဲ့ရာ ယခုတစ်ခေါက်တွင် ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူသို့ ရောက်အောင်သွားကာ လေ့လာခဲ့သည်။*

ဘားအံမြို့မှ နံနက်စောစောထွက်လာခဲ့သော ကျွန်တော်တို့ ရာသီဥတုသာယာသဖြင့် ခရီးတွင်သည်။ သံလွင်မြစ်၏ မြောက်ဘက် ဘားအံမြို့မှ ခြောက်မိုင်ခန့်အကွာ ကော့ဂွန်းဂူရွာသို့ အချိန်တိုအတွင်း ရောက်ရှိခဲ့သည်။ ကော့ဂွန်းရွာ၏ အနောက်ဘက်သို့ ဆက်ထွက်ခဲ့ရာ ခြောက်ဖာလုံခန့်အကွာတွင် ကော့ဂွန်းဂူသို့ ရောက်ရှိလေသည်။ဘားအံမြို့နှင့် မလှမ်းမကမ်း၌ရှိပြီး ထူးခြားသော ကော့ဂွန်းဂူသို့ ပြည်တွင်းပြည်ပခရီးသည်အချို့ လာ



ရောက်လေ့လာကြသည်ကို တွေ့မြင်ရသည်။ ကရင်ပြည်နယ်တွင် ခရီးသွားဧည့်သည်များအတွက် ထူးခြားသော ခရီးစဉ်တစ်ခုအဖြစ် ပီပီပြင်ပြင် ထွက်ပေါ်လာမည့်နေရာတစ်ခုပင်ဖြစ်သည်။

"သမိုင်းဝင်ရှေးဟောင်း ကော့ဂွန်းဂူတော်ကြီး" ဟူသောအစိမ်းရင့်ရောင်အောက်ခံပေါ်၌ အဖြူရောင်ဖြင့် ရေးသားထားသော ဆိုင်းဘုတ်ကိုမြင်တွေ့ရသည်။ ဆိုင်းဘုတ်အောက်နားတွင် ခရစ်နှစ် ၇-ရာစုဟုလည်း ရေးထားသည်။ ဆက်လက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ၁၉၇၅ ခုနှစ်မှ တာဝန်ယူ ထိန်းသိမ်းထားကြောင်းလည်း ရေးသားထားသည်ကို တွေ့ရသည်။ ထိုသို့ရေးသားထားသဖြင့် ကော့ဂွန်းဂူကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိန်းသိမ်းထားသည်မှာ နှစ်ပေါင်း ၄၀ ကျော်ခန့်ရှိခဲ့ပြီဟု တွေးဆနေမိသည်။

ကော့ဂွန်းဂူ အဝင်ပေါက်တွင် ကျောက်စာတိုင်ကို တွေ့ရသည်။ ကော့ဂွန်းဂူနှင့်ပတ်သက်ပြီး ခရစ်နှစ် ၇-ရာစုခန့်က ဂူဖြစ်ကြောင်း ထူးခြားသော ရှေးခေတ်လက်ရာနှင့် နံရံရုပ်တုများရှိကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိန်းသိမ်းထားကြောင်း စသည်တို့ကို ရေးထိုးထားခြင်းဖြစ်သည်။

ကျွန်တော်တို့ ကော့ဂွန်းဂူအတွင်းသို့ စတင်ဝင်ရောက်ခဲ့ကြသည်။ ကော့ဂွန်းဂူသည် သီးခြားတည်ရှိနေသော ကျောက်တောင်ကြီး၏ အရှေ့ဘက်စောင်းတွင် တည်ရှိနေခြင်းဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်အမြင့် ၁၁၆ ပေခန့်၌ တည်ရှိနေသော သဘာဝ လိုဏ်ဂူတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ကော့ဂွန်းဂူအတွင်းဝင်လိုက်သည်နှင့် လာရောက်လေ့လာသူနှင့် ဘုရားဖူးဧည့်သည် တစ်ဦးစ၊ နှစ်ဦးစကို တွေ့မြင်ရပြီး ဗုဒ္ဓရုပ်ပွားတော်များ၊ ဂူနံရံများပေါ်မှ လက်ရာများကို စိတ်ဝင်စားစွာ စူးစမ်းလေ့လာနေသော ကမ္ဘာလှည့်ခရီးသွားနှစ်ဦးကိုလည်း လှမ်းမြင်ရသည်။ မှတ်စုစာအုပ်တွင် ရေးမှတ်လိုက်၊ ဓာတ်ပုံများရိုက်လိုက်နှင့် တစ်ဦးနှင့်တစ်ဦးစကားမပြောနိုင်အောင် စိတ်ဝင်တစားရှိနေကြသည်ကို သတိပြုမိသည်။ ကမ္ဘာလှည့်ခရီးသွားများအတွက် စူးစမ်းလေ့လာစရာ၊ မှတ်တမ်းတင်စရာအကောင်းဆုံးနေရာတစ်ခုပင်။

ကြွေပြားခင်းထားသော လိုဏ်ဂူအဝင်လမ်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်လာခဲ့ရာ ထူးခြားသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များက အရွယ်အစားမျိုးစုံ။ အချို့နေရာများတွင် စေတီတော်များနှင့် လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်အချို့ကိုလည်း ဖူးတွေ့ရသည်။ အလျားပေ ၂၀ ခန့်ရှိသော လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်နှင့် ပုံသဏ္ဌာန်မတူသော ထိုင်လျက်ဗုဒ္ဓရုပ်ပွားတော်များအားလုံးမှာ ကျောက်ထွင်းရှေးခေတ်လက်ရာဖြစ်သည်ကို တွေ့ရသည်။ လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များမှာ ပုဂံခေတ်လက်ရာများနှင့် တူညီလျက်ရှိကြောင်း သတိပြုမိသည်။

ကော့ဂွန်းဂူအတွင်း အထူးခြားဆုံးကား ဂူနံရံများပေါ်တွင် အလွန်သေးငယ်သော ဗုဒ္ဓရုပ်ပွားတော်များကို ထွင်းထုထားခြင်းပင်ဖြစ်သည်။ ဂူနံရံအပေါ်ပိုင်းတွင် အစိမ်းနုရောင်ခြယ်ထားသော ဗုဒ္ဓရုပ်ပွားတော်လေးများ၊ နီညိုရောင်အဆင်းရှိသော ဗုဒ္ဓရုပ်ပွားတော်လေးများကို အတန်းလိုက်ပြုလုပ်ထားခြင်းမှာ ထူးခြားနေသည်။ အချို့ ဗုဒ္ဓရုပ်ပွားတော်လေးများမှာ ဆေးရောင်စုံအဖြစ် မြင်တွေ့ရပြီး အချို့မှာ အရောင်လွင့်ပျယ်စပြုကာ အရောင်ခွဲခြားမရတော့သည့် အနေအထားအဖြစ် ဖူးတွေ့ရသည်။

ကျွန်တော်တို့ ဂူနံရံပေါ်မှ ဗုဒ္ဓရုပ်ပွားတော်လေးများကို စိတ်ဝင်စားစွာ လေ့လာနေခိုက် ခြေထောက်ကို တစ်စုံတစ်ဦး လာရောက်ထိတွေ့သည့် ခံစားမှုကြောင့် ငုံ့ကြည့်လိုက်ရာ မျောက်လေးများကိုမြင်တွေ့လိုက်ရသည်။ ပြေးလွှားနေသော မျောက်လေးများကြောင့် ကိုယ်တွင်ပါလာသောပစ္စည်းများနှင့် အစားအစာများကို ဂရုစိုက်လိုက်ရသည်။ သို့ရာတွင် မျောက်လေးများက အန္တရာယ်တစ်စုံတစ်ရာမပေးသဖြင့် စိတ်သက်သာရာရမိသည်။ ဂူအတွင်းနှင့် ဂူဝန်းကျင်တွင် နေထိုင်ကျက်စားကာ ယဉ်ပါးနေသော မျောက်လေးများပင်ဖြစ်သည်။

ကျွန်တော်တို့ ဂူအတွင်း ဆက်လက်လေ့လာနေမိသည်။ ကော့ဂွန်းဂူသည် ဝင်ပေါက်တစ်ပေါက်သာရှိပြီး ဂူနံရံအပေါ်မြောက်ဘက်တွင် အပေါက်တစ်ပေါက်ရှိရာ ယင်းအပေါက်မှ အလင်းရောင်ဝင်သဖြင့် ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော်များကို ထင်ရှားစွာမြင်တွေ့ရသည်။ သဘာဝအလင်းရောင်ရရှိရန် ရှေးခေတ်ပညာရှင်တို့၏ တွေးခေါ်မှုကို လေးစားမှု ဖြစ်ရသည်မှာ အမှန်ပင်။

ကော့ဂွန်းဂူအတွင်း ကျောက်သားကို ထွင်းထုထားသော ထိုင်လျက်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ထူးခြားစွာ ဖူးတွေ့ရသည်။ ရုပ်ပွားတော်အောက်ခြေတွင် စာတန်းရေးထိုးထားသဖြင့် ဖတ်ကြည့်ရာ "အကြွေးကြေဘုရား" ဟု တွေ့ရသည်။ ကိုယ်နေဟန်ထား အချိုးကျစွာ ထုလုပ်ထားသော အဆိုပါ ကျောက်ဆင်းတုဘုရားတွင် ဆုတောင်းပါက အကြွေးများကျေကြောင်း ဒေသခံများ အယူရှိကြသည်ဟုအတူလိုက်ပါလာသူ ဘားအံမြို့သား ကိုစောထူးဖိုးက ပြောပြသည်။ "ကျွန်တော်ကိုယ်တိုင်လည်း လာပြီး ဆုတောင်းဖူးတယ်"ဟု ကိုစောထူးဖိုးက ယုံကြည်မှုအပြည့်ဖြင့် ဆက်ပြောသဖြင့် မိမိလည်း ကြည်ညိုမှုဖြင့် ဦးချလိုက်သည်။ ဒေသခံများအပြင် ဘုရားဖူးများလည်း အကြွေးကြေရုပ်ပွားဆင်းတုတော်တွင် လာရောက် ဆုတောင်းလေ့ရှိကြောင်း သိရသည်။

ကော့ဂွန်းဂူနံရံတွင် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်လေးများမှာ အတန်းလိုက် ထွင်းထုထားခြင်းဖြစ်ရာ အချို့ရုပ်ပွားတော်များမှာ ၂၁ဆူအတန်းလိုက်ရှိပြီး အချို့မှာ ၂၈ ဆူရှိသည်။ အချို့မှာ ၁၁ ဆူအတန်းလိုက်ရှိပြီး အချို့နေရာများတွင် ရုပ်ပွားတော် ၁၂ ဆူ အတန်းလိုက်ရှိနေသည်ကို တွေ့ရသည်။ အတန်းလိုက် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များ နောက်ခံမှာ အများအားဖြင့် နီညိုရောင်ဖြစ်သော်လည်း အချို့နေရာများတွင် အရောင်လွင့်စပြုနေသည်ကို မြင်တွေ့ရသည်။

ရှေးဟောင်းသုတေသနပညာရှင်များက ကော့ဂွန်းဂူသည် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀၀ ခန့်က တည်ရှိခဲ့သော လိုဏ်ဂူတစ်ခုဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်ဟု သိရသည်။ ရုပ်ပွားတော်များမှာ ပုဂံခေတ်ပုံသဏ္ဌာန်ဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ကြသည်။ ရှေးလက်ရာများသည် ယခုအချိန်အထိ ပျက်စီးမှုနည်းနည်းဖြင့် တည်ရှိခြင်းမှာ ထိန်းသိမ်းမှုကောင်းခြင်းကြောင့်လည်း ဖြစ်သည်။ မူလကတည်းက ခိုင်မာတောင့်တင်းခြင်းကြောင့်လည်းဖြစ်သည်။

ကော့ဂွန်းဂူအတွင်း ရှေးခေတ်ဗုဒ္ဓရုပ်ပွားတော်များအပြင် အခြားတွေ့ရှိရသည့် ရုပ်တုများမှာ ဗိဿနိုးနတ်ရုပ်တု၊ တောင်စောင့်နတ်ရုပ်တု၊ ဘီလူးရုပ်တု၊ တောင်စောင့်မောင်တော် နှမတော်များ ရုပ်တုများကို မြင်တွေ့ရသည်။ ကျောက်ကို ထုဆစ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်ပေါင်းများစွာကို ထွင်းထုထားသည်မှာ စံတင်လောက်သည့် ဗိသုကာပညာရှင်၏ လက်ရာများပင်ဖြစ်မည်။ ဂူနံရံအပေါ်ပိုင်းနေရာအများအပြားတွင် ခက်ခဲစွာပြုလုပ်ပူဇော်ထားခြင်းဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*





## ဂူနံရံအပေါ်ပိုင်းတွင် အစိမ်းနရောင်ခြယ်ထားသော ဗုဒ္ဓရုပ်ပွားတော်လေးများ၊ နီညိုရောင်အဆင်းရှိသော ဗုဒ္ဓရုပ်ပွားတော်လေးများကို အတန်းလိုက်ပြုလုပ်ထားခြင်းမှာ ထူးခြားနေ. . .

*စာမျက်နှာ ၁၆ မှ*

ကျွန်တော်တို့ ဖြည်းဖြည်းချင်း လှည့်ပတ်ကြည့်ရှုလေ့လာလျက်ရှိရာ ဂူနံရံအချို့နေရာများတွင် စေတီငယ်တစ်ဆူစ၊ နှစ်ဆူစတည်ထားသည်ကို တွေ့မြင်ရသည်။ ရဲတိုက်ပုံသဏ္ဍာန်ထုဆစ်ထားသော ကျောက်တိုင်ထိပ်တွင် စေတီငယ်တစ်ဆူတည်ထားသည့် အပြင် စေတီကိုယ်ထည်ကို ရွှေရောင်ဝင်းပစွာ ဖူးတွေ့ရသည်။ ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အများအပြားကိုယ်ထည်တွင်ရွှေရောင် တောက်ပလျက်ရှိသည်ကိုသတိပြုမိသည်။ ရှေးခေတ်လက်ရာများ ဖြစ်သော်လည်း ပျက်စီးယိုယွင်းမှုဆိုးရွားစွာ မရှိသေးကြောင်း မြင်တွေ့ရသည်။

ကော့ဂွန်းဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်လက်ရာများမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀၀ ခန့်က ပြုလုပ်ခဲ့သော ရုပ်ပွားတော်များဖြစ်သဖြင့် ပုဂံခေတ်လက်ရာများထက်နောက်ကျကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက သုံးသပ်ခဲ့ကြသည်။ ပုဂံခေတ်အငွေ့အသက်များကို မြင်တွေ့ရပြီး ပုဂံခေတ်လက်ရာများ ဖုံးလွှမ်းလျက်ရှိသည်။ ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အရွယ်အစားစုံတို့မှာ ပျက်စီးယိုယွင်းခြင်းမရှိသေးဘဲ မူလအတိုင်းရှိနေဆဲဖြစ်ရာ တာဝန်ရှိသူများထိန်းသိမ်းမှုနှင့် လာရောက်ဖူးမြော်လေ့လာကြသည့် ဧည့်သည်များ စည်းကမ်းရှိမှုတို့ကြောင့်ပင်ဖြစ်သည်ဟု တွေးနေမိသည်။

ကော့ဂွန်းဂူအတွင်း အချိန်အတန်ကြာလေ့လာခဲ့ပြီးနောက် ဂူပေါက်ဝမှ ပြန်လည်ထွက်ခွာခဲ့သည်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အချိန်မီထိန်းသိမ်းနိုင်ခဲ့သဖြင့် ဂူအတွင်းရှေးခေတ်လက်ရာများ ထိခိုက်ပျက်စီးမှု ဆိုးဆိုးရွားရွားမရှိသေးပေ။ ကရင်ပြည်နယ်အတွင်း ခရီးသွားခရီးစဉ်များအဖြစ် ဇွဲကပင်တောင်၊ ကော့ဂွန်းဂူတို့မှာ ခရီးသွားများအတွက် ဆွဲဆောင်မှုအပြည့်ရှိသည့် အကောင်းဆုံး လေ့လာစရာနေရာများပင်ဖြစ်သည်။

ကော့ဂွန်းဂူ အပြင်ဘက်ရောက်သည်နှင့် ဂူဘက်သို့ ပြန်လှည့်ကြည့်မိသည်။ ကော့ဂွန်းဂူသည် အမြင့်ပေ ၂၀၀ ခန့်ရှိပြီး အရှည်ပေ ၃၀၀ ခန့်ရှိကာ သဘာဝအလင်းရောင်ကောင်းစွာရရှိစေသည့်အတွက် ခရီးသွားဧည့်သည်များ ကောင်းစွာဖူးမြော်လေ့လာနိုင်သည့်နေရာကောင်းတစ်ခုပင်ဖြစ်သည်။ ဂူအတွင်း ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များမှာ ဟံသာဝတီခေတ်ကာလ အေဒီ ၁၅ ရာစုခန့်က လက်ရာများဖြစ်နိုင်ကြောင်း အချို့ရှေးဟောင်းသုတေသနပညာရှင်များက သုံးသပ်ကြသည်။



ကော့ဂွန်းဂူအပြင်ဘက်သို့ ပြန်ထွက်လာသော ကျွန်တော်တို့နှင့် မလှမ်းမကမ်းသို့ ဆိုင်ကယ်နှစ်စီးဖြင့် လူငယ်အချို့ ရောက်ရှိလာသည်။ သထုံမြို့မှဖြစ်ပြီး ကော့ဂွန်းဂူသို့ လာရောက်လေ့လာ ဘုရားဖူးမြော်ခြင်းဖြစ်ကြောင်း သိရသည်။ မွန်ပြည်နယ် သထုံမြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ကားလမ်းအတိုင်း လာရောက်ခဲ့ကြခြင်းဖြစ်ပြီး ယင်းမှ ကော့ဂွန်းဂူအထိ မောင်းနှင်လာခဲ့ကြခြင်းဖြစ်သည်။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိရာ မွန်ပြည်နယ်မှ ဒေသခံများ ကော့ဂွန်းဂူသို့ လာရောက်လေ့ရှိကြကြောင်း သိရသည်။

ကော့ဂွန်းဂူသို့ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ပါက ခရီးသွားများအနေဖြင့် ဘားအံမြို့မှ အလွယ်တကူ သွားရောက်နိုင်မည်ဖြစ်ရာ ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိစေမည်ဖြစ်သည်။ ရှေးခေတ်လက်ရာအများအပြားတည်ရှိနေသော ကော့ဂွန်းဂူကား ကရင်ပြည်နယ်အလှတရားကို ဖြည့်ဆည်းပေးနေသည့် စွဲဆောင်မှုရှိသော နေရာတစ်ခုပင်ဖြစ်သည်။

ကော့ဂွန်းဂူမှ အပြန်လမ်းတစ်လျှောက် ဂူနံရံများပေါ်တွင် ပြုလုပ်ထားသော ရှေးခေတ်ရုပ်ပွားတော်များ၊ ရုပ်တုများကို စိတ်အာရုံအတွင်း တစ်ရစ်ဝဲဝဲ မြင်ယောင်နေမိသည်က အမှန်ပင်။ ။ **(မြန်မာ့အလင်း)**

# ရှေ့နာမ် နောက်နာမ်(၂)

**|မောင်ခင်မင်(ဓနုဖြူ)|**

"ဘဘ၊ သမီးတစ်ခုမေးပါရစေ"

"မေးလေ၊ သမီး"

"ခုဘဘရှင်းပြလို့သမီးရှင်းသွားပါပြီ။ 'ဝါးလက်ခုပ်' ကို တချို့က 'လက်ခုပ်နှင့် တူသောဝါး'လို့အဓိပ္ပာယ်ဖွင့်ပြီး 'လက်ခုပ်'က 'ဝါး'ကို အထူးပြုတာလို့ ယူဆတာတွေ့ရပါတယ်။ အဲဒါဘာဖြစ်လို့ အဲဒီလိုယူဆရတာလဲဘဘ"

"ဘာဖြစ်လို့ယူဆသလဲဆိုတော့ မရှင်းလို့ပေါ့ကွယ်။ ရှင်းရှင်းလင်းလင်း သဘောမပေါက်လို့ပေါ့။ သမီးတောင် ဇဝေဇဝါဖြစ်နေသေးတာမဟုတ်လား"

"ဟုတ်ပါတယ်ဘဘ"

"ဒီမှာဘဘပြောမယ်။ ဝါးဘူးဆိုတာ ဘာလဲ"

"ဝါးနဲ့လုပ်ထားတဲ့ဘူးပါ"

"ဒီလို ဆို ရင် ဝါးဘူးဆို တာဝါးတစ်မျိုးလား၊ ဘူးတစ်မျိုးလား"

"ဘူးတစ်မျိုးပါဘဘ"

"ဒီလိုဆိုရင် ဝါးဘူးဟာဘူးပေါ့"

"ဟုတ်ပါတယ်ဘဘ"

"ရှင်းနေတာပဲလေ။ ဝါးဘူးဟာဘူးဖြစ်တဲ့အတွက် ဘူးကပဓာနကျတာပေါ့။ ဝါးကဘူးကိုအထူးပြုတာပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘဘ"

"အဲဒီလိုပဲ၊ ဝါးလက်ခုပ်ဆိုတာ ဝါးနဲ့လုပ်တဲ့လက်ခုပ်ပဲပေါ့။ ဩော်. . . . လက်ခုပ်ဆိုလို့ လက်ဝါးနှစ်ဖက်ကို ခွက်ထားတဲ့ပုံကို ပြောတာမဟုတ်ဘူးနော်။ အဲဒီပုံနဲ့ တူအောင်လုပ်ထားတဲ့ တူရိယာပစ္စည်းကိုခေါ်တာ။ လက်ခုပ်တီးသလို တီးရတဲ့တူရိယာပစ္စည်းလို့လည်းဖွင့်နိုင်ပါတယ်။ သမီးတူရိယာငါးပါးဆိုတာသိမှာပေါ့"

"သိပါတယ်ဘဘ။ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ပါ"

"ဟုတ်တယ်။ လက်ခုပ်ဆိုတာကလည်း တူရိယာကို ဆိုလိုတာ။ ဝါးနဲ့ လုပ်လုပ်၊ သစ်သားနဲ့လုပ်လုပ်၊ ဘာနဲ့လုပ်လုပ်၊ လက်ခုပ်ပုံလုပ်ထားတဲ့ တူရိယာ ပစ္စည်းကို ခေါ်တာလေ။ ဆိုပါစို့ကွယ်။ ဝက်ရဲ့အူနဲ့တူတဲ့ သံချောင်းကလေးကို ဝက်အူလို့ ခေါ်တာမျိုးပေါ့။

"ဟုတ်ကဲ့ပါ"

"ဒီတော့ရှင်းရှင်းလေးပဲလေ။ အဲဒီတူရိယာပစ္စည်းကို သစ်သားနဲ့လုပ်ရင် သစ်သားလက်ခုပ်ပေါ့။ ဝါးနဲ့လုပ်ရင် ဝါးလက်ခုပ်ပေါ့ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ပါ။ ဝါးလက်ခုပ်ဆိုတာ လက်ခုပ်တူရိယာတစ်မျိုးလို့ ပြောရမှာပေါ့နော် ဘဘ"

"မြန်မာစာအဖွဲ့ကထုတ်ထားတဲ့ မြန်မာအဘိဓာန်မှာလည်း 'ဝါးလက်ခုပ်' ကို 'လက်နှစ်ဖက်ဖြင့် ကိုင်၍ လက်ခုပ်ကဲ့သို့ ရိုက်တီးရသော ဝါးတူရိယာ'လို့ ဖွင့်ထားတယ်လေ။ တကယ်လို့သာ 'လက်ခုပ်' က'ဝါး'ကို အထူးပြုတယ်ဆိုရင် အဘိဓာန်မှာ လက်ခုပ်နှင့်တူသောဝါးတစ်မျိုးလို့ ဖွင့်မှာပေါ့။ ခုတော့ဝါးတူရိယာလို့ ဖွင့်ထားတာကြည့်ရင် ဝါးလက်ခုပ်ဟာ ဝါးကိုဆိုလိုတာမဟုတ်ဘူး။ လက်ခုပ်နဲ့တူတဲ့၊ ဒါမှမဟုတ် လက်ခုပ်တီးသလိုတီးရတဲ့ တူရိယာဆိုတာ ထင်ရှားပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ"

"မြန်မာအင်္ဂလိပ်အဘိဓာန်မှာတော့ ရှင်းရှင်းကလေး ဖွင့်ထားတယ်ကွဲ့။

" 'ဝါးလက်ခုပ်'ကို bamboo clappers တဲ့။ ဝါးနဲ့ လုပ်တဲ့လက်ခုပ် တူရိယာပဲပေါ့"

"ဟုတ်ကဲ့ပါ"

"ပြောလက်စနဲ့ပြောဦးမယ်။ ဘဘတို့မြန်မာစကားကို ပညာရှင်တွေက ပူးတွဲဘာသာစကား (agglutinative Language)လို့ခေါ်ကြတယ်။ စကားလုံးတွေကို အလွယ်တကူ ပူးတွဲပြီးသုံးနိုင်လို့လေ"

"ဟုတ်ကဲ့ပါ"

"သမီးမေးတဲ့ ရှေ့နာမ်နဲ့ နောက်နာမ်အထူးပြုတဲ့တွဲပုံမျိုးအပြင် တခြားတွဲပုံမျိုးတွေလည်း ရှိသေးတယ်ကွဲ့။ ဆိုပါစို့။ 'လယ်ယာ'ဆိုတဲ့စကားမှာ'လယ်'ကလည်း နာမ်ပဲ၊ 'ယာ'ကလည်း နာမ်ပဲ။ ကဲ. . . ဒီနာမ်နှစ်ခု ဘယ်နာမ်က ဘယ်နာမ်ကို အထူးပြုတာလဲကွယ်"

"ဟုတ်ကဲ့။ လယ်ကယာကိုမဟုတ်ဘူး၊ အင်း . . . ယာက လယ်ကို၊ ဒါလည်းမဟုတ်သေးဘူး။ ဘဘ။ ဘယ်နာမ်ကဘယ်နာမ်ကိုမှ အထူးမပြုဘူးလို့ထင်ပါတယ် ဘဘ"

"ဟုတ်တာပေါ့ သမီးတော်တယ်။ လယ်နဲ့ယာက တစ်ခုကတစ်ခုကို အထူးပြုတဲ့သဘော မဟုတ်ပါဘူး။ အဲဒီနာမ်နှစ်ခုတန်းတူပေါင်းစပ်ထားတဲ့သဘောပါ။ အပြိုင်ပေါင်းစပ်ထားတာလို့ ခေါ်နိုင်ပါတယ်။ 'လယ်ယာ'လိုပဲ 'ဆိပ်ကမ်း' တို့ 'မိဘ'တို့၊ 'သားသမီး'တို့ ၊ 'လင်မယား'တို့၊ 'ညီအစ်ကို'တို့'နည်းလမ်း'တို့ အပြိုင်ပေါင်းစပ်ထားတာတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အပြိုင်ပေါင်းစပ်တာဟုတ်မဟုတ်၊ ကြားထဲမှာ'နှင့်' ဆိုတဲ့စကားလုံးထည့်ကြည့်ပြီး စမ်းသပ်နိုင်တယ်။'လယ်နှင့်ယာ'၊ 'သားနှင့်သမီး'ဆိုတာမျိုး သုံးနိုင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘဘ။ ဘဘပြောသလိုတခြားတွဲစပ်ပုံတွေလည်း သိပါရစေ ဘဘ"

"သမီးစိတ်ဝင်စားရင်ပြောပြရတာပေါ့။ ဒီပြင်တွဲစပ်ပုံတွေမပြောခင် ပြောစရာတစ်ခုရှိတယ်။ အဲဒါကတော့ မြန်မာစကားမှာ ရှေ့ကအ-တွဲတဲ့နာမ်တွေ အများကြီးရှိတယ်ဆိုတဲ့အကြောင်းပဲ"

"ဟုတ်ကဲ့။ အက၊ အစား၊အပြော ဆိုတဲ့နာမ်မျိုးတွေလားဘဘ"

"ဟုတ်တာပေါ့ကွယ်။ သမီးသိတဲ့အတိုင်းအဲဒီအ-တွေကို အသံအပြည့်မထွက်ရဘူး၊ အသံတစ်ဝက်ပဲထွက်ရတယ်လေ"

"အဲဒါဘာပြောတာပါလဲဘဘ"

"ဩော်. . . အသံအပြည့်ထွက်တယ်ဆိုတာက 'လူအပဲ'တော်တော်အတဲ့ ကောင်ဆိုတဲ့ စကားတွေမှာ'အ' ကိုအသံအပြည့်ထွက်ရတယ်လေ။ အဲ. . . . သမီးပြောတဲ့အကတို့၊ အစားတို့၊ အပြောတို့မှာတော့ အ-ရဲ့ အသံကိုတစ်ဝက်ပဲ ထွက်ရတာကို ပြောတာပါ"

"ဟုတ်ကဲ့ပါ"

"အဲဒီအသံတစ်ဝက်ပဲထွက်ရတဲ့ အ-တွေကို 'ကြားသရ'၊ 'အလယ်သရ'၊ 'မတြာဝက်သရ' ဆိုပြီး အမျိုးမျိုးခေါ်တယ်။ စကားလုံးရှေ့က ဆက်ရတာမို့ 'ရှေ့ဆက်' လို့ခေါ်တာပေါ့။ 'ရှေ့ဆက်ပစ္စည်း'လို့လည်းခေါ်တယ်။ ဒါထက် သမီးခုနပြောတဲ့ 'အက၊ အစား၊ အပြော' တို့မှာပါတဲ့ 'က၊ စား၊ ပြော' ဆိုတဲ့ စကားလုံးတွေကို သဒ္ဒါအနေနဲ့ ဘာလို့ခေါ်သလဲသမီး"

"ကြိယာလို့ခေါ်ပါတယ်ဘဘ"

"အေး. . . . အဲဒီလို ကြိယာတွေကို အ-ရှေ့ဆက်တွဲလိုက်ရင် ဘာတွေဖြစ်သွားသလဲ"

"နာမ်တွေဖြစ်သွားပါတယ်ဘဘ"

"ဟုတ်တယ်။ 'အဆိုအကအရေးအတီး' ဆိုတာတွေကစပြီး 'အလှူ၊ အနီ၊ အဖြူ၊ အသေ၊ အရှင်'စသည်ဖြင့်ပေါ့။ ဘယ်ကြိယာကိုမဆို အ-ရှေ့ဆက်တွဲလိုက်ရင် နာမ်တွေဖြစ်သွားရောလေ"

"ဟုတ်ကဲ့ပါဘဘ"

"နောက်တစ်မျိုးရှိသေးတယ်။ ကဲ. . . ဘဘမေးမယ်။ 'အသံ၊ အသက်၊ အရွက်၊ အခန်း၊ အပင်' ဆိုတဲ့ စကားတွေကရော သဒ္ဒါအနေနဲ့ဆိုရင် ဘာစကားလုံးတွေလဲသမီး"

"နာမ်တွေပါပဲ ဘဘ"

"ဟုတ်ပြီ။ အဲဒီနာမ်တွေမှာလည်း အ-ရှေ့ဆက်တွေပါတယ်မဟုတ်လား"

"ပါပါတယ်ဘဘ"

"အဲဒီအ-ရှေ့ဆက်တွေက ဘယ်စကားလုံးတွေရဲ့ ရှေ့ကတွဲတာလဲ"

"ဟုတ်ကဲ့။ 'သံ' 'သက်' 'ရွက်' 'ခန်း' 'ပင်' ဆိုတဲ့ စကားလုံးတွေရဲ့ ရှေ့ကတွဲ တာပါဘဘ"

"အဲဒီစကားလုံးတွေကိုရော ဘာတွေလို့ခေါ်မလဲ"

"သမီး မပြောတတ်ပါဘူးဘဘ။ 'အက'တို့ 'အဆို' တို့မှာပါတဲ့ 'က'တို့ 'ဆို' တို့လို ကြိယာတွေတော့မဟုတ်ပါဘူး"

"ကြိယာမဟုတ်ရင်ဘာဖြစ်နိုင်သလဲ"

"နာမ်ဖြစ်မယ်ထင်ပါတယ်ဘဘ။ ဒါပေမယ့်. . . "

"ဘာဖြစ်သလဲ သမီး"

"ဘဘ၊ 'အသံ' ဆိုရင် နာမ်ဖြစ်ပေမယ့်။ အ-မပါဘဲ 'သံ'တစ်လုံးတည်းကို နာမ်လို့ခေါ်လို့ရပါ့မလားဘဘ"

*စာမျက်နှာ ၂၂ သို့*

# မြန်မာ့ရိုးရာခြင်းလုံးအားကစား အာရှသာမက ကမ္ဘာသို့ပါ ထိုးဖောက်နိုင်ရန်ကြိုးပမ်းလျက်ရှိ

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

**အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံပြီး စည်းလုံးညီညွတ်မှု၊ ကူညီရိုင်းပင်းစိတ်ရှိမှုကို အရင်းခံမူတည် ကစားရသည့် မြန်မာ့ရိုးရာခြင်းလုံး ဝိုင်းဖွဲ့ကစားနည်းသည် ယခုအခါ အာရှနိုင်ငံများအတွင်းသာမက ကမ္ဘာသို့ပါထိုးဖောက်စိမ့်ဝင်နိုင်ရန် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်တို့က ပူးပေါင်းကြိုးစားဆောင်ရွက်နေပြီဖြစ်သည်။**

## မြန်မာ့ရိုးရာအားကစား



မြန်မာ့ရိုးရာ ခြင်းလုံးခတ် အားကစားနည်းသည် ရှေးယခင်ကတည်းပင် မြန်မာနိုင်ငံတစ်ဝန်း ပေါ်ပေါက်ခဲ့သည့် ရိုးရာအားကစားနည်း တစ်မျိုးဖြစ်ပြီး မြန်မာတို့နှင့်အရင် ပျူတို့ခြင်းလုံးကိုအသုံး ပြုကစားခဲ့ပြီး အာရှတိုက် ဆူမားတြားကျွန်း ကြီးမှတစ်ဆင့် အခြားကျွန်းငယ်များသို့ ပျံ့နှံ့ကာ ခြင်းလုံးအစပျူခေတ်က ခြင်းလုံး ပေါ်စ မြန်မာကဟုပင် ရှေးခြင်းလုံး ပညာရှင်များ၏ အဆိုအမိန့်များတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ ရိုးရာခြင်းလုံးခတ်အားကစားနည်း မူလအစကို နောက်ခံသမိုင်းသက်သေ အထောက်အထားသာဓကများဖြင့် တိကျခိုင်လုံစွာတင်ပြထားသည်ကို ထောက်ရှုလေ့လာ သုံးသပ်ခြင်းအားဖြင့် မြန်မာ့ရိုးရာခြင်းလုံးနှင့် ခြင်းလုံးခတ်အားကစားနည်းသည် ရှေးနှစ်ပေါင်းများစွာက မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့တွင် ကနဦးပေါ်ထွန်းခဲ့ကြောင်း ခြင်းလုံးအကြောင်းအရာ မှတ်တမ်းမှတ်ရာများတွင် အထင်အရှားဖော်ပြထားသည်။ ရိုးရာခြင်းလုံးကို ရှေးယခင် ရိုးရာပွဲများတွင် အားကစားအသွင်တစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပခဲ့သည်မှာ ဘိုးတော်မင်းလက်ထက်ကပင် အမိန့်တော် ချမှတ်ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတစ်ဝန်း ခေတ်အဆက်ဆက် ရှေးမူမပျက် အစဉ်အလာထိန်းသိမ်းခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ မြန်မာနိုင်ငံ အိုလံပစ်အားကစားပွဲတော်ကြီးကျင်းပခဲ့သည့် ၁၉၄၈ ခုနှစ်ကလည်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့သည်။ ထိုစဉ်က ခြင်းခတ်ပေါက်သတ်မှတ်ချက်ဥပဒေများ မပေါ်ပေါက်သေးပေ။ ခြင်းခတ်ပေါက် သတ်မှတ်ချက် အခြေခံဥပဒေကို ၁၉၅၃ ခုနှစ်က ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံ ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီက မြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းလုံးအားကစားညီလာခံကြီးကို ကျင်းပကာ နိုင်ငံတစ်ဝန်းရိုးရာခြင်းလုံး ပညာရှင်များ စုစည်းပြီး ညှိနှိုင်းရေးဆွဲပြဋ္ဌာန်းခဲ့သည်။

ထို့နောက် ပထမဦးဆုံး ခရိုင်ပေါင်းစုံ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကြီးကို ၁၉၆၂ ခုနှစ်က မြင်းခြံမြို့၌ စတင်ကျင်းပခဲ့ပြီး နှစ်စဉ် တစ်နှစ်ကို မြို့တစ်မြို့ပြောင်းစနစ်ဖြင့် ခရိုင်ပေါင်းစုံတွင် ကျင်းပခဲ့ရာ ၁၉၇၃ ခုနှစ်အထိပင်ဖြစ်သည်။ ၁၉၇၄ ခုနှစ်နောက်ပိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများကို အမျိုးသားတံခွန်စိုက်ခြင်းခတ်ပြိုင်ပွဲကြီးအဖြစ် ပြောင်းလဲကျင်းပခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ ယခုနောက်ပိုင်း အဖွဲ့ချုပ်သစ်အနေဖြင့် နှစ်ပေါင်း ၆၀ ကျော်အတွင်း ပြည်ပသို့ မထိုးဖောက်နိုင်ခဲ့သည့် ရိုးရာခြင်းလုံးခတ် ကစားနည်းကို ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်နိုင်ရန်နှင့် အထူးသဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ဆံ့ထိုးဖောက်ယှဉ်ပြိုင်နိုင်ရန် နိုင်ငံတကာ နည်းဥပဒေအတိုင်း ပြင်ဆင်ရေးဆွဲ ကြိုးပမ်းခဲ့မှုကြောင့် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာအားကစားနည်းတစ်ရပ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေး ပြိုင်ပွဲဝင်နိုင်ငံများအား စည်းရုံးနိုင်ခဲ့သည်။ ထို့အပြင် အာရှဖိတ်ခေါ် ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲကိုပင် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၅ရက် အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့သည်။ ယခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင်လည်း ဒုတိယအကြိမ် အာရှဖိတ်ခေါ်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ အာရှတွင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အိမ်ရှင်မြန်မာနှင့် အာရှတွင်းနိုင်ငံမဟုတ်သည့် ဘရာဇီးနိုင်ငံကပင် ပထမအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်အထိ အောင်မြင်ခဲ့သည်။ ယခု ဒုတိယအကြိမ်တွင်လည်း ပါကစ္စတန်နိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ရန် ကမ်းလှမ်းလာသဖြင့် အာရှသာမက ကမ္ဘာသို့ပါ ရိုးရာခြင်းလုံးအနေဖြင့် ပျံ့နှံ့ထိုးဖောက်ရန် အခွင့်ကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားပြီ ဖြစ်သည်။




မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်။

"ရိုးရာခြင်းလုံးကို ပြည်တွင်းသာမက နိုင်ငံတကာပြိုင်ပွဲတွေဖြစ်တဲ့ အရှေ့တောင်အာရှပြိုင်ပွဲမှာပါဝင်ဖို့ ကနဦး လုပ်ဆောင်ခဲ့တယ်။ အောင်မြင်တယ်။ တော်တော်လည်း ဘက်ပေါင်းစုံကနေပြီး ကြိုးစားခဲ့ရတယ်။ ဒါတင်မကသေးဘူး ဆီးဂိမ်းပြီး ၂၀၁၄ ခုနှစ်မှာ အာရှရိုးရာခြင်းလုံးဖိတ်ခေါ်ပြိုင်ပွဲကိုပါ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့တယ်။ အခုလာမယ့် ဒီဇင်ဘာ ၂၇ ရက်မှာလည်း ဒုတိယအကြိမ် ကျင်းပဖို့ရှိပါတယ်။ အခု ကျွန်တော်တို့ရိုးရာခြင်းလုံးကို အာရှသာမက ကမ္ဘာ့နိုင်ငံအများစုကပါ လက်ခံကြိုဆိုလာကြတယ်။ နောင်လည်း အတတ်နိုင်ဆုံး ကမ္ဘာ့အဆင့်ထိ အောင်မြင်အောင် ကြိုးစားလုပ်ဆောင်သွားမှာပါ"ဟု မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် အမျိုးသားရေးအားကစားနည်းတစ်ရပ်အသွင် ဖော်ဆောင်နေသည့် ရိုးရာခြင်းလုံး စိမ့်ဝင်ပျံ့နှံ့စေရန် အရှေ့တောင်အာရှတွင်းနိုင်ငံများသာမက အာရှတွင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဂျပန်၊ ပါကစ္စတန်များအထိ စည်းရုံးအောင်မြင်နိုင်ခဲ့သည့်အပြင် အမေရိကမှ ဘရာဇီးနိုင်ငံကပါ စိတ်ဝင်စားလာပြီး ရိုးရာခြင်းလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်ရေးအထိ ကူညီလုပ်ဆောင်ပေးနိုင်ခဲ့သည်။

အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး(၂)၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးတာဝန်ခံ ဦးပြည့်စုံမြင့်ကလည်း "အခုလာမယ့် ဒုတိယအကြိမ် အာရှရိုးရာခြင်းလုံးဖိတ်ခေါ်ပြိုင်ပွဲကို အရင်ကတော့ အောက်တိုဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ စီစဉ်ခဲ့တယ်။ ဒါပေမယ့် အာရှရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ရွေးကောက်ပွဲရေးအခက်အခဲဖြစ်မှုကိုငဲ့ပြီး နောက်ဆုံးကျင်းပဖို့ အကြံပြုစာပေးပို့ခဲ့တာမို့ အခုလာမယ့် ဒီဇင်ဘာ ၂၇ ရက်ကို ပြောင်းလဲကျင်းပဖို့ သဘောတူခဲ့တာပါ။ ဒီဒုတိယအကြိမ်မှာ အမျိုးသမီးအသင်းတွေ အရင်ပထမအကြိမ်ထက် ပိုများလာဖို့ရှိပါတယ်။ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့လည်း အကြောင်းကြားစာတွေ ပေးပို့ထားပြီးပါပြီ။ ပါကစ္စတန်ကလည်း သူတို့ ဒီပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ဖို့ ကမ်းလှမ်းထားပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်သည် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ဝိုင်းဖွဲ့ကစားနည်းကို ကမ္ဘာသို့ ထိုးဖောက်နိုင်ရေး မျိုးဆက်သစ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ဖော်ထုတ်ပေးနေပြီး အရည်အသွေးမြင့်မားရေးအတွက်လည်း ပြိုင်ပွဲများဆက်လက်လုပ်ဆောင်ပေးလျက်ရှိသည်။ ထို့အပြင် အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်အားကစားနည်းတစ်ရပ်အသွင်ဖြင့် အောင်မြင်စွာထည့်သွင်းနိုင်ခဲ့မှုကြောင့် ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့ထိုးဖောက်နိုင်မည့် အခွင့်အရေးတစ်ရပ်သို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။




**မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်သည် မြန်မာ့ရိုးရာခြင်းလုံးခတ် ဝိုင်းဖွဲ့ကစားနည်းကို ကမ္ဘာသို့ ထိုးဖောက်နိုင်ရေး မျိုးဆက်သစ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ဖော်ထုတ်ပေးနေပြီး အရည်အသွေးမြင့်မားရေးအတွက်လည်း ပြိုင်ပွဲများ ဆက်လက်လုပ်ဆောင်ပေးလျက်ရှိ**



# လူငယ်နှင့်အင်္ဂလိပ်စာ



ချစ်နိုင်(စိတ်ပညာ)

ပညာကွာခြား

***သမိုင်းတွင် မကြုံစဖူးသောအပြောင်းအလဲများ၏ နောက်ကွယ်တွင် အရင်းခံအကြောင်းတရားတစ်ရပ်သည် အမြဲရှိနေ၏။ ယင်းမှာအတတ်ပညာ၊ နည်းပညာနှင့် အသိပညာဗဟုသုတပင်ဖြစ်လေသည်။ နှစ်ပေါင်းထောင်ချီကာစိုက်ပျိုးရေးအဓိကနိုင်ငံအဖြစ် ကိုယ့်မင်းကိုယ့်ချင်းရပ်တည်ခဲ့သော မြန်မာလူမျိုးတို့သည် မြောက်ဘက်က မိမိထက် အင်အားအဆမတန်သာလွန်သော လူမျိုးတို့နှင့်လည်း စစ်ဖြစ်ဖူး၏။ အရှေ့တောင်ဘက်တွင်ရှိသော လူမျိုးတို့နှင့်လည်း စစ်ပွဲပေါင်း ရှစ်ကြိမ်လောက် သမိုင်းတစ်လျှောက်တွင်ဖြစ်ပွားဖူး၏။ မြန်မာသည် မိမိတို့၏အချုပ်အခြာအာဏာကိုကား မပျက်ပြားအောင်ကာကွယ်နိုင်ခဲ့၏။***

စက်မှုတော်လှန်ရေးအရေးတော်ပုံကြောင့် ကုန်ထုတ်စွမ်းအားမြင့်မားနေသော ဥရောပနိုင်ငံများ၊ ဒီမိုကရေစီစနစ်နှင့် ပါလီမန်အုပ်ချုပ်ရေး ဖြစ်ထွန်းနေပြီဖြစ်သော အင်္ဂလိပ်၊ ပြင်သစ်စသော ရေတပ်အင်အားကောင်းသည့်နိုင်ငံများ၏ အလုအယက် စားကျက်လုပွဲတွင်မူ ၁၉ ရာစု မြန်မာနိုင်ငံသည် နှစ်ပေါင်း ၆၀ ကျော်မျှ အညှာမခံ အလံမလှဲ ခုခံကာကွယ်ခဲ့ပါသော်လည်း ကျရှုံးခဲ့ရပါတော့သည်။

**နယ်ချဲ့ခံရ**

အရှေ့တောင်အာရှတစ်လွှားသို့ ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်တို့က ကုန်သွယ်ရာမှ နယ်ချဲ့သိမ်းပိုက်ကြသဖြင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားစသည့် နယ်မြေများ ကိုလိုနီလက်အောက်ခံဘဝကျရောက်ခဲ့ကြရသည်။ ပြင်သစ်နှင့် ဗြိတိသျှအင်္ဂလိပ်တို့၏ အပြိုင်အဆိုင်နယ်ချဲ့လာကြရာတွင် မြန်မာပြည်သည် ၁၈၂၄ တစ်ကြိမ် (နှစ်နှစ်ကြာစစ်ပွဲ)၊ ၁၈၅၄ တစ်ကြိမ်( ရှစ်လကြာစစ်ပွဲ)၊ ၁၈၈၅ မှာတစ်ကြိမ် (တစ်လခွဲကြာစစ်ပွဲ) ကျူးကျော်သိမ်းပိုက်ခြင်းကိုခံရကာ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင်ကား ဗြိတိသျှကိုလိုနီလက်အောက်ခံဘဝသို့ လုံးလုံးကြီး ကျရောက်သွားခဲ့ရပါ၏။

၁၈၂၄ မှ ၁၈၈၆ ခုအထိ ၆၂ နှစ်ကြာအောင် လက်နက်ချင်းမယှဉ်သာသည့်ကြားမှ စီးပွားရေး၊ အုပ်ချုပ်ရေးစနစ်ချင်း ယှဉ်လျှင်ခေတ်နောက်ကျနေသည့်ကြားမှ မျိုးချစ်စိတ်ပြင်းထန်စွာ တွန်းလှန်ကာကွယ်ခဲ့သော လူမျိုးဖြစ်ပါ၏။ ကမ္ဘာပေါ်မှာ ဤမျှတာရှည်အောင် ခုခံနိုင်သောနိုင်ငံဟူ၍ မရှိခဲ့ပါ။

**လွတ်လပ်ရေး**

၁၈၈၆ မှ ၁၉၄၈ ခုအထိ သူ့ကျွန်ဘဝတွင် ခေါင်းငုံ့ငြိမ်ခံမနေဘဲ အဆက်မပြတ်လက်နက်ကိုင်တော်လှန်ရေးနှင့် ပြောက်ကျားစစ်တိုက်ပွဲ၊ သပိတ်တိုက်ပွဲ၊ လူထုအုံကြွမှုဆန္ဒပြပွဲ၊ အလုပ်သမားချီတက် ဆန္ဒပြပွဲ၊ နိုင်ငံရေးတိုက်ပွဲများဖြင့် ၆၂ နှစ်ကြာအောင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ ပြုလုပ်ကာ လွတ်လပ်ရေးကို အသက်ပေါင်းများစွာစတေးခံကာ ရယူနိုင်သည့်လူမျိုးဖြစ်၏။

ပြည်ထောင်စုမြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့သည်မှာ ယခုဆိုလျှင် ၆၆ နှစ် ကျော်ခဲ့ပေပြီ။ နိုင်ငံတကာတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် မိမိတို့နိုင်ငံ၏ လူမှုစီးပွားဘဝသည် နိမ့်ကျနေဆဲပင်။

**နိုင်ငံခြား**

လယ်သမားအများစုကလည်း ဆင်းရဲနွမ်းပါးကြ၏။ အလုပ်သမားအများ ထုကလည်း ဆင်းရဲနိမ့်ကျနေကြဆဲပင်ဖြစ်၏။ မြန်မာပြည်၏ လုပ်ခလစာသည် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဂျပန်တို့နှင့် နှိုင်းစာလျှင် နိမ့်ကျနည်းပါးနေသေး၏။ ထို့ကြောင့် လူငယ်လူရွယ်များသည် နိုင်ငံခြားသို့ သွားရောက်ကာ အလုပ်ရှာကြသည်။ ရရာအလုပ်ကိုဝင်လုပ်ကြရသည်။ အကောင်းအဆိုးအမျိုးမျိုးကိုကြုံကြရ၏။ ပြည်ပတွင် အလုပ်လုပ်နေကြသူများဦးရေ လေးသန်းခန့်ရှိမည်ဟု အချို့က ခန့်မှန်း၏။

အချို့ရွာတွေမှာ ကောက်စိုက်သူရှားပါး၏။ အချို့သောကျေးလက်မှာ ယာအလုပ်သမား၊ ထန်းအလုပ်သမား အလွန်ရှား၏။ မွေးရပ်ကျေးရွာများကို စွန့်ခွာလျက် ရေခြား၊ မြေခြားသို့ထွက်ကာ ဝမ်းစာအတွက် စီးပွားရှာကြသည်။ သို့ပါသော်လည်း-

အတတ်ပညာဘာမှပါမသွား။

အသိပညာဗဟုသုတလည်းနည်းပါး။

**ဘာသာစကား**

ဘာသာစကားပြောဆိုဆက်ဆံတတ်အောင် သင်ကြားမည်ဆိုလျှင် ခြောက်လ၊ တစ်နှစ်အတွင်း ထမင်းစားရေသောက်ပြောတတ်လောက်၏။

ငွေကြေးမတတ်နိုင်သဖြင့် ထိုင်းစာလည်းမသင်ခဲ့ရ၊ ထိုင်းစကားလည်း မတတ်။ မလေးစာလည်း မသင်ခဲ့ရ၊ မလေးမာလာယုစကားလည်းမတတ်။ မြန်မာပုံကျ အလုပ်သမား အလုပ်သမတို့သည် အအပမာ အနှိမ်ခံရ၏။

နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်မည်ဆိုလျှင် အင်္ဂလိပ်စာအရေး၊ အပြော၊ အဖတ်၊ နားထောင်၊ အတန်အသင့် ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူသွားသင့်ပါ၏။ ဒီပဲယင်းမြို့နယ်ထဲမှ တောလက်ကျေးရွာနေ လူငယ်တွေ မလေးရှားနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံများသို့ အလုပ်သွားလုပ်ကြသည်။ ရော်ဘာစိုက်ခင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဂေါက်ကွင်းစသည်တို့မှာ အလုပ်လုပ်ကြရသည်။ မြန်မာပြည်မှာရှိစဉ် အင်္ဂလိပ်စာသင်ယူလေ့ကျင့်သွားသည့်လူက လစာနှစ်ဆနီးပါး ပိုမိုရရှိနေလေသည်။ ကြိုတင်ပြင်ဆင်သူက ကျေးဇူးခံစားရ၏။

ဘာသာစကား Communication Skill ရေးတတ်ပြောတတ်ခြင်း၏ ကောင်းကျိုးတရားများမှာ ဖော်ပြ၍ မကုန်နိုင်ပါ။ သာဓကပြစရာ နမူနာ လူပုဂ္ဂိုလ်တွေလည်း ပေါများလှပါသည်။

**တက္ကသိုလ်**

ဆရာကြီးဦးဖေမောင်တင် အသက် ၂၄ နှစ်အရွယ်မှာပင် ရန်ကုန်တက္ကသိုလ် မှာ အရှေ့တိုင်းပညာပါမောက္ခအဖြစ် တာဝန်ပေးခံရခြင်းကား စာပေပညာထူးချွန်ခဲ့ခြင်းကြောင့် မဟုတ်ပါလား။ ဆရာကြီးဦးဖေမောင်တင်သင်ကြားမွေးဖွားပေးလိုက်သော ဦးစိန်တင်(သိပ္ပံမောင်ဝ)၊ ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးဝန် (မင်းသုဝဏ်)၊ ဦးအေးမောင်(တက္ကသိုလ်မောင်သန့်စင်) အစရှိသည့် လူချွန်၊ လူမွန်ပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် မြန်မာစာစကားပြေနှင့် ကဗျာများ ၂၀ ရာစုတွင် အဆင့်အတန်းမြင့်မားခဲ့ရသည် မဟုတ်ပါလား။

ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၏ မအိပ်မနေစာကြိုးစားခြင်းနှင့် လုံ့လပြင်းထန်စွာနိုင်ငံရေးစာပေမျိုးစုံကို (အင်္ဂလိပ်လို) နှံ့စပ်ကျွမ်းကျင်စွာ လေ့လာဆည်းပူးခြင်းကြောင့် အသက် ၂၇ နှစ် အရွယ်မှာပင် ဗိုလ်ချုပ်အောင်ဆန်း(ဗိုလ်တေဇ)အဖြစ် ဗြိတိသျှနယ်ချဲ့ကို တွန်းလှန်တိုက်ထုတ် မောင်းနှင်ပစ်လိုက်နိုင်ခဲ့သည် မဟုတ်လား။

ရန်ကုန်တက္ကသိုလ်ကျောင်းသား မောင်သန့် နောင်အခါ ဝါးခယ်မနှင့် ပန်းတနော်အထက်တန်းကျောင်းဆရာဦးသန့်၊ ထို့နောက် ပြန်ကြားရေးအတွင်းဝန်၊ ကုလသမဂ္ဂသံအမတ်၊ နောက်ဆုံးတွင် သက်တမ်းနှစ်ကြိမ် (၁၀ နှစ်ကြာ) ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို နိုင်ငံတကာက လေးစားချီးကျူးရအောင် ထမ်းဆောင်ခဲ့သူကား မြန်မာစာ၊ အင်္ဂလိပ်စာ၊ အမြဲမပြတ်ဖတ်ရှုလေ့ကျက်ကာ ထူးချွန်စွာပြောဆိုနိုင်၊ ဆုံးဖြတ်နိုင်သူဖြစ်ခဲ့သည် မဟုတ်လား။

**စဉ်းစားဆုံးဖြတ်ပါ**

လူငယ်များ အင်္ဂလိပ်စာမကြိုးစားသင့်ပေဘူးလား။ စေ့စေ့စဉ်းစား၍ ဆုံးဖြတ်ကြပါ။

ပညာကိုအရင်းခံပြီး ဟိုတစ်ဖက်ကမ်းသို့ ခုန်ကူးကြရမည်မဟုတ်ပါလား။ ဘာသာစကားတတ်ကျွမ်းမှု ပေါင်းကူးတံတားထိုးမှ ရမည်မဟုတ်လား။ လူမှုရေးခုန်ကူးပြောင်းလဲမှု Social mobility ရှိဖို့ရာအတွက် အင်္ဂလိပ်စာ၊ တရုတ်စာ၊ ဂျပန်စာ၊ အနည်းဆုံးဘာသာတစ်ခုခု တတ်မြောက်ကျွမ်းကျင်ရမည်ဟူသော အချက်ကို သဲသဲကွဲကွဲ ထင်ထင်ရှားရှား လူငယ်များမြင်ကြစေလိုပါ သည်။ အင်္ဂလိပ်စာက အလှမ်းမဝေးလှပါ။ အလွယ်ဆုံးက အင်္ဂလိပ်စာပါ။ ရဲရဲသုံးရမှာ။ ကျောင်းမှာအခြေခံရခဲ့သည်။ ရွံ့နေစရာမလိုပါ။

**ကိုယ်တွေ့**

အင်္ဂလိပ်စာ၏ အရေးပါမှုကို သတိပြုမိခဲ့သဖြင့်စာရေးသူသည် လုပ်သား ပြည်သူ့နေ့စဉ် (Working People Daily) မှာပါသော ခေါင်းကြီးကို နေ့စဉ်မပျက်မကွက် မှန်မှန်ကူးရေး၏။ မသိသောစကားလုံးကို အင်္ဂလိပ်မြန်မာ အဘိဓာန်မှာရှာပြီး ရေးကူးကျက်မှတ်၏။ ဝေါဟာရတိုး၏။ ဤသို့ဖြင့် ၁၀ နှစ်မျှကြာသောအခါ မိမိနှင့်ရွယ်တူ၊ တန်းတူအရာရှိများထက် အင်္ဂလိပ်စာ ပိုတော်နေခဲ့၏။

နိုင်ငံခြားပညာသင်တစ်နှစ်စေလွှတ်ရန် ဗိုလ်မှူး ၄၀ ကို မဏ္ဍာမရွေးချယ်စစ်ဆေး၏။ မိမိပါဝင်၏။ ၁၀ ဦးသာရွေး၏။ မိမိအောင်ခဲ့၏။ အမေရိကန် သံရုံး၊ ဗြိတိသျှသံရုံးမှ စစ်ဆေးလွှာများဖြင့် ထပ်မံစစ်ဆေး၏။ မိမိက အမှတ်အများဆုံးရသည်။ ၁၉၉၁-၁၉၉၂ တစ်နှစ်ကြာမျှ မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူမှာ ဦးစီးတက္ကသိုလ်တက်ရောက်ရန် တစ်ယောက်တည်း ရွေးချယ်စေလွှတ်ခြင်းကို ခံရ၏။ ဟိုမှာ အင်္ဂလိပ်လိုပြောရ၊ ရေးရ၊ ဖြေရ၊ စာတမ်းတင်ရ၏။ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းမှုက လက်တွေ့အသုံးကျခဲ့၏။

အမေရိကန် ဗိုလ်မှူးလည်းပါ၏။ ဗြိတိသျှဗိုလ်မှူးလည်းပါ၏။ သြစတြေးလျ၊ နယူးဇီလန်စသည့် နိုင်ငံများမှလည်းပါ၏။ မြန်မာနိုင်ငံ မြန်မာ့တပ်မတော်ကို ဂုဏ်မြင့်စေရန် နေ့စဉ်စာကြိုးစားရ၏။ စစ်ပညာကိုလည်း ကြိုးစားရ၏။ အားကစား၊ ပေါင်းသင်းဆက်ဆံရေး၊ ခေါင်းဆောင်မှုအရည်အသွေး၊ အစစအရာရာ ယှဉ်ပြိုင်ရ၏။

တက္ကသိုလ်မှာ စိတ်ပညာကို အင်္ဂလိပ်လိုပါ လေ့လာဖြေဆိုခဲ့ရခြင်းကြောင့် အခြေခံရခဲ့၏။ အသုံးချစိတ်ပညာသင်တန်း အင်္ဂလိပ်လို သင်ကြားလေ့လာခဲ့ရသဖြင့် အလေ့အကျင့်ရခဲ့၏။ မိမိကိုယ်တိုင် စိတ်ပါဝင်စားသဖြင့် အင်္ဂလိပ်စာ ကို ကြိုးစားခဲ့မိ၏။ ထို့ကြောင့် သူတစ်ပါးထက်အောက် မကျခဲ့ပေ။

**နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်မည်ဆိုလျှင် အင်္ဂလိပ်စာအရေး၊ အပြော၊ အဖတ်၊ နားထောင်၊ အတန်အသင့်ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူ သွားသင့်ပါ၏။ ဒီပဲယင်းမြို့နယ်ထဲမှ တောလက်ကျေးရွာနေ လူငယ်တွေ မလေးရှားနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံများသို့ အလုပ်သွားလုပ်ကြသည်။ ရော်ဘာစိုက်ခင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဂေါက်ကွင်းစသည်တို့မှာ အလုပ်လုပ်ကြရသည်။ မြန်မာပြည်မှာရှိစဉ် အင်္ဂလိပ်စာသင်ယူလေ့ကျင့်သွားသည့်လူက လစာနှစ်ဆနီးပါး ပိုမိုရရှိ ...**

**ဂျက်မား**

အင်္ဂလိပ်စာတတ်ကျွမ်းသဖြင့် သာမန်ဆင်းရဲသားမိဘများက မွေးဖွားခဲ့သော်လည်း ယခုအခါ တရုတ်နိုင်ငံတစ်ခုလုံး (လူဦးရေ သန်း ၁၅၀၀)တွင် အမေရိကန်ဒေါ်လာဘီလီယံ ၂၀ ချမ်းသာကြွယ်ဝနေသော ဂျက်မား(ခေါ်) မာယွန်းဆိုသူအကြောင်း ဖော်ပြပါရစေ။

ဂျက်မား(ခေါ်) မာယွန်းသည် ဇီကျန်းပြည်နယ်၊ ဟန်ဂူးဒေသတွင် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာမွေးဖွားခဲ့သူဖြစ်သည်။ ယခု အသက် ၅၁ နှစ်ရှိပြီ။ ဆင်းဆင်းရဲရဲနှင့် ကြီးပြင်းခဲ့ရသော သူ့ဘဝတွင် ငယ်ရွယ်စဉ်ကပင် အင်္ဂလိပ်စာကို လေ့လာချင်သည်။ မတတ်တတတ်နှင့် အနောက်တိုင်းတိုးရစ်တွေနှင့် စကားပြောလေ့ကျင့်သည်။ သင်ယူသည်။ မှန်မှန်မှားမှား ရဲရဲပြော၏။ သူမသိသေးတာတွေ များစွာရှိနေကြောင်း သိလာ၏။ သူနေထိုင်ရာ တောရွာမှ ခုနစ်မိုင်မျှစက်ဘီးစီးရသော ဟိုတယ်သို့နေ့စဉ်သွားကာ ကမ္ဘာ့လှည့်ခရီးသွားများကို အင်္ဂလိပ်လိုအခမဲ့ ဧည့်လမ်းညွှန်လုပ်သည်။ စကားသင်ရတာအမြတ်ဟု ခံယူသည်။ ပိုက်ဆံမရလည်းဂျက်မားက မပျက်စေရ။

တက္ကသိုလ်ဝင်တန်းအောင်တော့ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာ နှစ်ကြိမ်ကျခဲ့၏။ တက္ကသိုလ်နှစ်ခုက ငြင်းပယ်ခံခဲ့ရ၏။ ဟန်ဂူး ဆရာအတတ်အသင်လျှောက်မှ တက်ခွင့်ရသည်။ အင်္ဂလိပ်စာဘာသာယူပြီး ဘွဲ့ရသည်။ နောက်ပိုင်း ဟန်ဂူးဒန်ဇီတက္ကသိုလ်တွင် အင်္ဂလိပ်စာပြကထိက အလုပ်ရသည်။ ကျောင်းဆရာဘဝကလည်း အကျိုးရှိ၏။

ဟောင်ကောင်သူဌေးလီကာရှင်း ၂၀၀၂ ခုနှစ်က တည်ထောင်သော ချွန်ကောင်တက္ကသိုလ်တွင် ဘွဲ့လွန်စီးပွားရေးပညာဘွဲ့ရလာခဲ့သည်။ စီးပွားရေး အမြင်ရရှိလာသည်။ ဝက်ဘ်ဆိုက်ထူထောင်ရန် ကြိုးစားသည်။

ဖုန်းလိုင်းနှင့်ချိတ်ဆက်၍ ဝက်ဘ်ဆိုက်လုပ်ရန် အကြိမ်ကြိမ်ကြိုးစားရာ သုံးနာရီခွဲကြာသည့်တိုင် အထမမြောက်ခဲ့ပေ။ စာမျက်နှာတစ်ဝက်စာရဖို့အရေး လေးနာရီလောက်ကြာလေသည်။ ခေတ်မမီသေး။

နိုင်ငံတကာ ကုန်သွယ်ရေးစင်တာများက ထူထောင်ထားသော အိုင်တီကုမ္ပဏီများတွင် ဝင်ရောက်အလုပ်လုပ်သည်။ အခက်အခဲအမျိုးမျိုးကြားမှပင် သူသည် အလီဘာဘာအုပ်စု (Alibaba Group) ကုမ္ပဏီကို ဦးဆောင်ထူထောင်နိုင်ခဲ့သည်။ လုပ်ရင်းလုပ်ရင်းနဲ့ မုဆိုးစိုင်သင်တိုးတက်ရသည်။

**အောင်မြင်လာ**

အလီဘာဘာစီးပွားရေးအုပ်စုကြီးသည် ယခုအခါ ကုမ္ပဏီခွဲ ကိုးခုရှိနေပြီး အောင်မြင်စွာလည်ပတ်လှုပ်ရှားနေကြပေသည်။ ဂျက်မားက ကုမ္ပဏီဥက္ကဋ္ဌ အမှုဆောင်အရာရှိချုပ်ဖြစ်၏။ တရုတ်ပြည်တွင် အချမ်းသာဆုံးအိုင်တီကုမ္ပဏီသူဌေးအဖြစ်သာမက အလှူအတန်း အပေးအကမ်းအရက်ရောဆုံး၊ စေတနာ အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် ကမ္ဘာကျော်လေသည်။

နိုင်ငံတကာတက္ကသိုလ်များမှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့များ၊ ဂုဏ်ပြုဆုများ၊ ချီးကျူးဂုဏ်ပြုဆုများ မရေမတွက်နိုင်အောင်ပင် ဂျက်မားရရှိသည်။ ငယ်စဉ်က ဆင်းရဲသားလေးတစ်ယောက်သည် ကမ္ဘာပေါ်မှာ လူဦးရေသန်း ၁၀၀၀ အသုံးပြုနေသော အင်္ဂလိပ်စာကို ကျွမ်းကျင်တတ်မြောက်ခဲ့ခြင်းကြောင့် သူ့ဘဝကြီး လျင်မြန်သောအဟုန်ဖြင့် ချမ်းသာကြွယ်ဝခဲ့လေသည်။ တရုတ်ဘာသာမိခင်စကားပြောသူရေးသူက ကမ္ဘာမှာ သန်း ၁၅၀၀ ရှိပြီးသား၊ ထို့ကြောင့် အင်္ဂလိပ်စာကျွမ်းကျင်သူ ဂျက်မားသည် အင်္ဂလိပ်စာအသုံးပြုလျက် အင်တာနက်စီးပွားရေးဖြင့် ဘုရင်တစ်ဆူ အောင်မြင်ခဲ့ပါတော့သည်။ ကြိုးစားလျှင် အောင်မြင်၏။

အင်္ဂလိပ်စာကို နေ့စဉ်ဖတ်ပါ။ ကျက်ပါ၊ ကူးရေးပါ၊ နားထောင်လေ့ကျင့်ပါ၊ ပီပီ-မပီပီ၊ များများပြောပါ၊ အသံထွက် ပိုကောင်းအောင် အိုင်ဖုန်းမှာပါသော သင်ခန်းစာများဖြင့် လေ့ကျင့်ပါ။ အင်္ဂလိပ်စာကို (Grammer) သဒ္ဒါလေ့လာပါ။

စကားလုံး (Vocabulary) များအောင်ကျက်ပါ။ ဝါကျတွေလည်းကျက်ပါ။ (Idiom) အီဒီယံတွေကိုလည်း အသုံးဝါကျနှင့်တကွကျက်ပါ။ မိခင်ဘာသာစကားမှ မဟုတ်ဘဲ မကျက်လျှင် မရပါ။ ကျက်မှတ်မှပိုင်နိုင်မည်။

**နိဂုံး**

မိမိဘဝတိုးတက်သာယာလိုလျှင်၊ ပိုမိုအောင်မြင်ချင်လျှင် အင်္ဂလိပ်စာဟူသော **"ဘဏ္ဍာသိုက်ကိုဖွင့်သောသော့"** အား ပိုင်ဆိုင်မှုရပါလိမ့်မည်။ လူငယ်တိုင်းအတွက် အင်္ဂလိပ်စာသည် အသုံးချစရာတစ်ရပ်အဖြစ် အရေးကြီးနေကြောင်း လက်ခံစေလိုပါသည်။ အတင်းအကျပ်တိုက်တွန်းလှုချေတကားဟု မထင်မှတ်စေလိုပေ။ ချစ်လို့ပြောတာမှတ်ပါ။ လူငယ်များကို အားကိုးပါသည်။

# သမိုင်းဝင် ချင်းရှောင်းနန်းတော်

**ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၁၃၁)တွင် တည်ရှိသည့် ကမ္ဘောဇရိပ်သာဟု ထင်ရှားသောချင်းရှောင်းနန်းတော်သည် မကြာမီသက်တမ်းနှစ်တစ်ရာပြည့်တော့မည်ဖြစ်သည်။ ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည့် ချင်းရှောင်းနန်းတော်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ၂ (က) အရ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကိုက်ညီမှုရှိသဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် သတ်မှတ်ခဲ့သည်။**

**မောင်သာ(ရှေးဟောင်းသုတေသန)**

ယခုအခါတွင် ကမ္ဘောဇရိပ်သာ (ချင်းရှောင်းနန်းတော်)သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင်ရှိကာ အနုပညာဦးစီးဌာနက အနုပညာအထက်တန်းကျောင်း ဖွင့်လှစ်ထားသည်။

ချင်းရှောင်းနန်းတော်ကို မြန်မာနိုင်ငံတွင် အခြေချနေထိုင်ခဲ့သည့် တရုတ်လူမျိုး မစ္စတာလင်ချင်းရှောင်း (Mr. Lim Chin Tsong)က ၁၉၁၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ အနီရောင်အုတ်များ၊ အစိမ်းရောင်အုတ်ကြွပ်များဖြင့် တည်ဆောက်ထားသည့် အထပ်ငါးထပ်ပါဝင်သော ပေ ၁၂၀ မြင့်သည့် ချင်းရှောင်းနန်းတော်အဆောက်အအုံသည် တရုတ်နိုင်ငံ၊ ပေကျင်းမြို့ရှိ Yihe Yuan နွေရာသီနန်းတော်မှ Fu Xiang ပွဲကြည့်ဆောင်နှင့် ပုံသဏ္ဌာန်ဆင်တူသည်။ ချင်းရှောင်းနန်းတော်သည် အရှေ့တိုင်းနှင့် အနောက်တိုင်း ဗိသုကာဒီဇိုင်းများကို ပေါင်းစပ်တည်ဆောက်ထားသည့် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံဖြစ်သည်။ ကောင်းကင်အမြင့်မှ ကြည့်လျှင် ကြယ်ပွင့်ပုံသဏ္ဌာန်မြင်ရသည့် ချင်းရှောင်းနန်းတော်ကို နှစ်နှစ်ကျော်ကြာတည်ဆောက်ခဲ့ရပြီး ရူပီးငွေ နှစ် ဒသမ နှစ်သန်းကျော် ကုန်ကျခဲ့ကာ ၁၉၁၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။

ချင်းရှောင်းနန်းတော်သည် အောက်ပိုင်းကို အင်္ဂလိပ်အိမ်ကြီးရခိုင်ပုံစံယူထားပြီး အပေါ်ပိုင်းကို တရုတ်ဘုရားကျောင်းပုံစံယူကာ အထက်သို့ချွန်လျက် တည်ဆောက်ထားသည်။ အဆောက်အအုံတစ်ခုမှာပင် အနောက်တိုင်းနှင့် အရှေ့တိုင်းပုံစံနှစ်မျိုးကို ထူးထူးခြားခြား ယှဉ်တွဲထားသည့် ပုံစံဖြစ်သည်။ နန်းတော်အထက်တွင် အင်္ဂလိပ်ပုံစံရာသီဥတုနှင့် လေတိုက်နှုန်းညွှန်းတံဇာမဏီငှက်ရုပ်လေး တစ်ခုတပ်ဆင်ထားကာ အဆောက်အအုံတွင် ပြတင်းပေါက်အများအပြား ထည့်သွင်းထားသည်။ (၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ယခုအခါတွင် ထိုငှက်ရုပ်ကလေးမရှိတော့ပါ)။ နန်းတော်ရှေ့ပန်းဥယျာဉ်အား သန့်ရှင်းသပ်ရပ်သော အင်္ဂလိပ်ပုံစံ ပန်းခြံအဖြစ်ဖန်တီးထားသည်။ ဒုတိယထပ်တွင် ဥယျာဉ်တစ်ခုလုံးကို ပတ်ပတ်လည်မြင်နိုင်သည့် လသာဆောင်ကို ထည့်သွင်းတည်ဆောက်ထားသည်။

မစ္စတာလင်ချင်းရှောင်းသည် နန်းတော်ဟု တင်စားခေါ်ဆိုသည့် သူ၏နေအိမ်ကြီးကို တရုတ်နှင့်အီတလီနိုင်ငံမှ မှာယူခဲ့သော ပစ္စည်းများဖြင့် အလှဆင်ခဲ့သည်။ အဆောက်အအုံအတွင်းပိုင်း ဒီဇိုင်းများပြုလုပ်ရန် အင်္ဂလန်နိုင်ငံမှ ထင်ရှားသည့်အင်္ဂလိပ်လူမျိုးပန်းချီဆရာ Ernest Procter နှင့် ဇနီးဖြစ်သူ ပန်းချီဆရာမ Dod Procter တို့ကို ဖိတ်ခေါ်ခဲ့သည်။ အဆောက်အအုံအတွင်းပိုင်း နံရံပန်းချီများကို ယင်းအင်္ဂလိပ်ပန်းချီဆရာမောင်နှံက ရေးဆွဲခဲ့သည်။

လင်ချင်းရှောင်းသည် သူ၏ ချင်းရှောင်းနန်းတော်တွင် ဧည့်ခံပွဲများစွာ ကျင်းပပြုလုပ်ခဲ့ရာ၁၉၂၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှသို့ ခရီးထွက်လာသော ပြင်သစ်ဝန်ကြီးချုပ် Georges Clemenceau မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့စဉ် လင်ချင်းရှောင်းက ပြင်သစ်ဝန်ကြီးချုပ်အား ချင်းရှောင်းနန်းတော်သို့ ဖိတ်ခေါ်ဧည့်ခံခဲ့သည်။ ကမ္ဘာကျော်စာရေးဆရာ မောရစ်ကောလစ်သည် လင်ချင်းရှောင်း ကွယ်လွန်ပြီးနောက် ချင်းရှောင်းနန်းတော်သို့ လာရောက်လည်ပတ်ခဲ့ဖူးသည်။ မောရစ်ကောလစ်က ချင်းရှောင်းနန်းတော်၌ တရုတ်ကြွေထည်များ၊ ပါရှန်းကော်ဇောများ၊ ကြေးသွန်းစည်ကြီးများ၊ ပြောင်လက်နေသောကြမ်းခင်းများ၊ အဖြူရောင်အမွေးပွ ခွေးလေးတစ်ကောင်တို့နှင့်အတူ မြန်မာပန်းချီဆရာကြီး ဦးဘဉာဏ်၏ လက်ရာပန်းချီကားကို တွေ့ရှိခဲ့ရကြောင်း သူ၏နေဝင်ဘုရင်များစာအုပ်တွင် ရေးသားခဲ့သည်။

လင်ချင်းရှောင်းသည် တရုတ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်ပြီး ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ဆီလုပ်ငန်း၊ ဆန်ကုန်သွယ်ရေး၊ သတ္တုတူးဖော်ခြင်းနှင့် ဘဏ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ လင်ချင်းရှောင်းအား တရုတ်နိုင်ငံ ဖူကျန့် (Fujian) ပြည်နယ်မှ မြန်မာနိုင်ငံသို့ ၁၈၆၁ ခုနှစ်တွင် ပြောင်းရွှေ့အခြေချခဲ့သည့် တရုတ်လူမျိုး လင်ဆူဟင်း (Lim Soo Hean) က ၁၈၆၇ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ လင်ချင်းရှောင်း၏ ဖခင်သည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီးနောက် ဆန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ယင်းအချိန်သည် ဗြိတိသျှ တို့က အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် အထက်မြန်မာနိုင်ငံကို ဆက်လက်သိမ်းပိုက်ရန် ကြံစည်နေချိန်ဖြစ်သည်။ လင်ဆူဟင်းသည် အင်္ဂလိပ်များနှင့် စီးပွားရေးယှဉ်ပြိုင်လုပ်ကိုင်ခဲ့ရာတွင် အဓိက ရင်ဆိုင်ခဲ့ရသည့် အခက်အခဲတစ်ခုဖြစ်သည့် ပညာရေးအားနည်းမှုကို ကောင်းစွာ သဘောပေါက်သိရှိခဲ့သဖြင့် မိမိ၏သားဖြစ်သူ လင်ချင်းရှောင်းကို ရန်ကုန်မြို့ရှိ စိန့်ပေါလ်ကျောင်း (ယခု ဗိုလ်တထောင် အထက ၆) နှင့် ရန်ကုန်ကောလိပ်တို့တွင် အင်္ဂလိပ်စာကောင်းစွာ တတ်မြောက်စေရန် ပညာသင်ယူစေခဲ့သည်။

၁၈၈၅ ခုနှစ်တွင် လင်ဆူဟင်းကွယ်လွန်သွားသည့်အခါ အသက် ၁၈ နှစ်သာရှိသေးသည့် လင်ချင်းရှောင်းသည် ဖခင်၏ စီးပွားရေးလုပ်ငန်းများကို ဆက်ခံလုပ်ကိုင်ခဲ့သည်။ ထိုနှစ်မှာပင် သီပေါမင်းနှင့်မိဖုရားတို့ ပါတော်မူကာ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့လက်အောက်သို့ ကျရောက်ခဲ့သည်။ ထို့ကြောင့် လင်ချင်းရှောင်းသည် အင်္ဂလိပ်များနှင့် စီးပွားရေးယှဉ်ပြိုင်လုပ်ကိုင်ခဲ့ရသည်။

ငယ်ရွယ်တက်ကြွသော လင်ချင်းရှောင်းသည် ပင်လယ်ကူးသင်္ဘောများဝယ်ယူကာ သူ၏ စီးပွားရေးလုပ်ငန်းကို စင်ကာပူ၊ ပီနန်၊ ဟောင်ကောင်၊ ကွမ်တုံနှင့် အမွိုင်တို့အထိ တိုးချဲ့လုပ်ဆောင်ခဲ့သည်။ လန်ဒန်တွင် အခြေစိုက်သည့် ရေနံကုမ္ပဏီကြီးဖြစ်သော ဘားမားရေနံကော်ပိုရေးရှင်း (BOC)က လင်ချင်းရှောင်းအား ၁၈၉၁ ခုနှစ်တွင် ဒေသတွင်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့သည်။ ထို့ကြောင့် လင်ချင်းရှောင်းသည် မြန်မာနိုင်ငံအတွင်း ရေနံဖြန့်ဖြူးရေးကို လုပ်ကိုင်ခဲ့ရုံသာမက ပီနန်၊ စင်ကာပူ၊ ဟောင်ကောင်နှင့် အမွိုင်ဒေသများအထိ ရေနံဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။ ရေနံလုပ်ငန်းကြောင့် လင်ချင်းရှောင်းသည် အလွန်ကြွယ်ဝလာခဲ့ကာ ရေနံတင်သင်္ဘောများကို ပိုင်ဆိုင်ခဲ့သည်။ ရော်ဘာ၊ ဂွမ်း၊ ဆီစက်၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ ပင်လယ်ရပ်ခြားတွင် အခြေစိုက်သည့် အချမ်းသာဆုံးတရုတ်လူမျိုး လုပ်ငန်းရှင်တစ်ဦး ဖြစ်လာခဲ့သည်။ လင်ချင်းရှောင်းသည် မြန်မာအမည် ပိုးဥခေါ် Tan Guat Tean နှင့် လက်ထပ်ခဲ့ကာ သားသမီးရှစ်ဦး ထွန်းကားခဲ့သည်။

လင်ချင်းရှောင်းသည် ထည်ထည်ဝါဝါနေထိုင်သူ တစ်ယောက်ဖြစ်သကဲ့သို့ ပရဟိတလုပ်ငန်းများတွင်လည်း သဒ္ဓါတရားထက်သန်စွာ လှူဒါန်းသူ တစ်ယောက်ဖြစ်သည်။ ရန်ကုန်မြို့တွင် အင်္ဂလိပ်စာသင်ကြားရေးကျောင်းများနှင့် အမျိုးသမီးဆေးရုံတစ်ရုံ ဆောက်လုပ်ရန် ငွေများလှူဒါန်းခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် သူနှင့် သူ၏စီးပွားဖက်များက ရန်ကုန်မြို့တွင် အင်္ဂလိပ်နှင့် တရုတ်ကပြားယောကျ်ားလေးများနှင့် မိန်းကလေးများအတွက် Anglo Vernacular ကျောင်းများ တည်ထောင်ခဲ့သည်။ နောက်နှစ်နှစ်အကြာ ၁၉၀၇ ခုနှစ်တွင် လင်ချင်းရှောင်းကျောင်းဟု ထင်ရှားသည့် ကိုယ်ပိုင်ကျောင်းကို တည်ထောင်ခဲ့သည်။ အဆိုပါကျောင်းမှ အင်္ဂလိပ်ဘာသာဖြင့် လေ့ကျင့်သင်ကြားပေးထားသည့် ပညာတတ်အမြောက်အမြားပေါ်ထွက်ခဲ့ပြီး ရန်ကုန်မြို့တွင် လာရောက်ပညာသင်ယူကြသည့် ဟောင်ကောင်နှင့် မကာအိုမှ ကျောင်းသားများလည်း ပါဝင်သည်ဟု ဆိုပေသည်။

လင်ချင်းရှောင်းသည် မြန်မာနိုင်ငံ ဥပဒေပြုကောင်စီ၏အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ၁၉၁၉ ခုနှစ်တွင် ပထမကမ္ဘာစစ်အတွင်းက အစိုးရကို ငွေကြေးထောက်ပံ့မှုများပေးခဲ့သဖြင့် ဗြိတိသျှအင်ပါယာ ဂုဏ်ထူးဆောင်ဘွဲ့ (OBE) ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၂၁ ခုနှစ်တွင် ဗြိတိသျှအစိုးရက အိန္ဒိယနိုင်ငံမှအပ အခြားနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချခြင်းကို ပိတ်ပင်လိုက်သည့်အခါ မြန်မာနိုင်ငံ၏ ဆန်ဈေးကွက်ပျက်ခဲ့ရကာ လင်ချင်းရှောင်း၏ စီးပွားရေးလုပ်ငန်းများ ရပ်တန့်ခဲ့သည်။ လင်ချင်းရှောင်း၏ ဆန်ရောင်းဝယ်မှုလုပ်ငန်းလည်း ပျက်စီးသွားခဲ့သည်။ ရုတ်ခြည်းစီးပွားကျဆင်းခဲ့ကာ သူ၏ရိုးရှိုက်စ်ကားများအပါအဝင် ပိုင်ဆိုင်မှုများကို ရောင်းချခဲ့ရပြီး မိတ်ဆွေများထံမှ ငွေချေးငှားရသည့် အနေအထားသို့ ရောက်ရှိသွားခဲ့သည်။ ထိုအချိန်မှာပင် ပင်လယ်ကူးမီးသင်္ဘောနစ်မြုပ်မှုများနှင့် ထပ်မံရင်ဆိုင်ရပြန်သည်။ လင်ချင်းရှောင်းသည် မိမိနှင့်ပူးပေါင်းလုပ်ကိုင်ခဲ့သူတို့၏ လိမ်လည်မှုများ၊ မှားယွင်းစွာချုပ်ဆိုမိခဲ့သော စာချုပ်များကြောင့် သူ၏ကုမ္ပဏီသည် အကြွေးများဖြင့် ပတ်လည်ဝိုင်းခဲ့သည်။

တစ်ချိန်က အလွန်ချမ်းသာကြွယ်ဝခဲ့သော တရုတ်သူဌေးကြီး လင်ချင်းရှောင်း၏ နောက်ဆုံးနေ့ရက်များတွင် ဆင်းရဲသားလူမွဲတစ်ယောက်အဖြစ် ဘဝနိဂုံးချုပ်ခဲ့ရသည်။ လင်ချင်းရှောင်းသည် ချင်းရှောင်းနန်းတော်ကြီး ဖွင့်လှစ်ပြီး သုံးနှစ်အကြာ ၁၉၂၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် အိပ်ပျော်နေစဉ် နှလုံးရောဂါဖြင့်

*စာမျက်နှာ ၂၁ သို့*

**ချင်းရှောင်းနန်းတော်သည် ဂျပန်လူမျိုး ကြွေးရှင်တစ်ယောက်၏လက်သို့ ပထမဆုံးရောက်ရှိသွားပြီး ၁၉၄၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း မြန်မာနိုင်ငံကို ဂျပန်တို့ အုပ်စိုးထားစဉ် ရေဒီယိုအသံလွှင့်ဌာနအဖြစ် အသုံးပြုခဲ့ ...**



နိုင်ငံတကာရေးရာသတင်းဆောင်းပါး

# ခေတ်သစ်ရွှေ့ပြောင်းသူတို့အတွက် အလွန်အရေးပါသည့် ရိက္ခာ၊ ခိုလှုံစရာနှင့် စမတ်ဖုန်း

သုခန



လွန်ခဲ့သည့်သီတင်းပတ်များက ဥရောပအရှေ့တောင်ပိုင်း ဘော်လ်ကန်ဒေသသို့ လှိမ့်ဝင်လာသည့် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းအခြေချနေထိုင်သူများအတွက် ကမ္ဘာတစ်ဝန်းစစ်ပွဲများကြောင့် အိုးအိမ်စွန့်ခွာလာရသူများကဲ့သို့ စားနပ်ရိက္ခာ၊ ရေနှင့်ခိုလှုံစရာအမိုးအကာများ လိုအပ်ခဲ့သည်။ ရွှေ့ပြောင်းလာသူများအတွက် စားနပ်ရိက္ခာ၊ ခိုလှုံစရာအပြင် နောက်ထပ်မရှိမဖြစ်လိုအပ်သောအရာမှာ ဖုန်းအားသွင်းရန်နေရာတစ်ခု ဖန်တီးပေးရခြင်းပင်ဖြစ်သည်။

" နိုင်ငံသစ်တစ်ခုကိုရောက်တိုင်း ကျွန်တော်ဆင်းကတ်တစ်ခုဝယ်။ နောက်ပြီး အင်တာနက်ချိတ်။ ကိုယ်ရောက်နေတဲ့ တည်နေရာပြမြေပုံကို ဒေါင်းလုဒ်ဆွဲပါတယ်" ဟု ဆားရီးယားနိုင်ငံမှ အသက် (၃၂)နှစ်ရှိ ဂီတဆရာ အိုစမာအယ်လ်ဂျာဆမ်က ဆားဘီးယားနိုင်ငံ ဘဲဂရိတ်မြို့ ပန်းခြံတွင်းက ခုံတန်းတစ်ခုပေါ်တွင်ထိုင်လျက် ၎င်း၏စမတ်ဖုန်းကို စိုက်ကြည့်ကာ သူသွားမည့် ဥရောပမြောက်ပိုင်းမြေပုံကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောပြသည်။ "ကျွန်တော်သွားမယ့်နေရာရောက်ဖို့ စမတ်ဖုန်းမရှိဘဲ ဘယ်လိုမှမရောက်နိုင်ဘူးဗျ။ ဖုန်းဘက်ထရီအားနည်းသွားပြီဆိုရင်ပဲ ကျွန်တော်စိတ်ပူနေရပြီလေ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ဆီးရီးယားလူမျိုးတွေက လူအလူနတွေ မဟုတ်ကြပါဘူးဗျ"ဟု နိုင်ငံပေါင်း ငါးနိုင်ငံသို့ ရောက်ရှိနေသည့် မွေးချင်းညီအစ်ကိုမောင်နှမ ၂၁ ယောက်ကို အင်တာနက်မှတစ်ဆင့် အဆက်အသွယ်ပြုလုပ်နေသည့် အယ်လ်ဂျာဆမ်က ပြောကြားသည်။ သူ ဆီးရီးယားနိုင်ငံထဲက ထွက်လာသည်နှင့် တစ်ပြိုင်တည်း ပထမဆုံးပြုလုပ်ရသည်မှာ စမတ်ဖုံးအသစ်တစ်လုံးဝယ်ယူရေးဖြစ်ပြီး ဆီးရီးယားနိုင်ငံတွင်း၌ ဖုန်းကိုင်ပြီးခရီးသွားရသည်မှာ အလွန်အန္တရာယ်များသည်ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် ဆီးရီးယားအစိုးရတပ်များ၏ စစ်ဆေးရေးဂိတ်များနှင့် အိုင်အက်စ်စစ်ဆေးရေးဂိတ်များတွင် စမတ်ဖုန်းတွေ့ရှိပါက ဖေ့ဘွတ်ခ်ပတ်စ်ဝက်ဒ်တောင်းပြီး ပရိုဖိုင်ကိုကြည့်ကာ စစ်ပွဲတွင် မည်သည့်အဖွဲ့အစည်းအား သစ္စာခံသူဖြစ်သည်ကို ဆုံးဖြတ်သတ်မှတ်သောကြောင့်ဖြစ်သည်။ "ဖေ့ဘွတ်ခ်ပတ်စ်ဝက်ဒ်တောင်းလို့ မပေးဘူးဆိုရင်တော့ ခင်ဗျားအရိုက်အနှက်ခံရမှာပဲ။ နောက်ပြီး ခင်ဗျားဖုန်းကိုလည်း တစ်စစီဖြစ်အောင် ဖျက်ဆီးလိုက်ကြမှာပဲ"ဟု အယ်လ်ဂျာဆမ်က ပြောကြားသည်။

တိုးတက်လာသည့်နည်းပညာများက ၂၁ ရာစု ဒုက္ခသည်ပြဿနာကို အသွင်ပြောင်းလဲပေးလိုက်ပြီး လူသန်းပေါင်းများစွာအတွက် ရွှေ့ပြောင်းသွားလာရန်ပိုမိုလွယ်ကူစေခဲ့ပြီဖြစ်သည်။ ခေတ်သစ်ရွှေ့ပြောင်းသွားလာမှုတွင် စမတ်ဖုန်းမြေပုံများ၊ ကမ္ဘာ့တည်နေရာပြ အပလီကေးရှင်းများ၊ ဆိုရှယ်မီဒီယာနှင့် WhatsApp တို့မှာ မရှိမဖြစ်လိုအပ်သော ကိရိယာများဖြစ်လာသည်။ ရွှေ့ပြောင်းသွားလာသူများက ယင်းတို့ကိုအမှီပြုပြီး သွားလာမည့် ခရီးလမ်းအခြေအနေ၊ အတားအဆီးများ၊ နယ်ခြားစောင့်တပ်ဖွဲ့များ၏ ရွှေ့ပြောင်းလှုပ်ရှားမှုများ၊ ရောက်ရှိမည့်နေရာဒေသများတွင် နေရေးထိုင်ရေးနှင့် ကုန်ဈေးနှုန်းများကိုပါ သိရှိနိုင်မည့်အပြင် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်လည်း အဆက်အသွယ်ပြုလုပ်နိုင်သည်။

**ခေတ်သစ် ရွှေ့ပြောင်းသွားလာမှုတွင် စမတ်ဖုန်းမြေပုံများ၊ ကမ္ဘာ့တည်နေရာပြ အပလီကေးရှင်းများ၊ ဆိုရှယ်မီဒီယာနှင့် Whats App တို့မှာ မရှိမဖြစ်လိုအပ်သော ကိရိယာများ ဖြစ်လာသည်**

ဆီးရီးယားနိုင်ငံမှ လူလတ်တန်းစားထောင်ပေါင်းများစွာသည် ပြည်တွင်းစစ်ဒဏ်ကြောင့် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းရသူများဘဝသို့ တွန်းပို့ခံနေရသည်။ အာဖရိက၊ အရှေ့အလယ်ပိုင်း၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူများအားလုံးသည် ရွှေ့ပြောင်းသွားလာရာတွင် စမတ်ဖုန်းကို အသုံးပြုလျက်ရှိကြသည်။ လူကုန်ကူးသူများသည် ခရီးသွားအေဂျင်စီများကဲ့သို့ သွားရောက်မည့်မြို့များ၏ ဓာတ်ပုံများဖြင့် ဖေ့ဘွတ်ခ်စာမျက်နှာပေါ်တွင် ဝန်ဆောင်မှုများပေးကာ ကမ်းလှမ်းခဲ့ကြသည်။

ဥရောပသို့ လူကုန်ကူးသည့် အာရေဗျဘာသာစကားသုံး ဖေ့ဘွတ်ခ်အဖွဲ့တစ်ဖွဲ့၏စာမျက်နှာတွင် လူကုန်ကူးသူတစ်ဦးက ငါးနှစ်အောက်ကလေးငယ်များကို ၅၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ပို့ဆောင်ပေးမည်ဟု ကမ်းလှမ်းထားသည်။ အဆိုပါဖေ့ဘွတ်ခ်စာမျက်နှာတွင် အဖွဲ့ဝင် ၆၀၅၇ ဦးရှိသည်။ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှ ဂရိနိုင်ငံအထိခရီးစဉ်ကို ယူရို ၁၇၀၀ ရှိသည်ဟု သိရသည်။ ဆီးရီးယားလူမျိုးများက ဖေ့ဘွတ်ခ်စာမျက်နှာများ တည်ထောင်၍ ရွှေ့ပြောင်းသွားလာသူများကို ကူညီခဲ့ကြသည်။ ယင်းစာမျက်နှာများတွင် "အီးယူသို့ လူမှောင်ခိုကူးကြစို့" ဖေ့ဘွတ်ခ်စာမျက်နှာတွင် အဖွဲ့ဝင် ၂၃၉၅၃ဦး၊ "ဥရောပကို ဘယ်လိုကြသွားမလဲ" စာမျက်နှာတွင် အဖွဲ့ဝင် ၃၉၃၀၄ ဦးရှိပြီး ခရီးလမ်းကြောင်းအတွက် ဆွေးနွေးခြင်း၊ အကြံပေးခြင်းများအပြင် ခရီးလမ်းကြောင်းတစ်လျှောက် စမတ်ဖုန်းဖြင့် ရိုက်ကူးထားသည့် ဓာတ်ပုံများ၊ ဗီဒီယိုများကိုလည်း ပြန်လည်မျှဝေခဲ့ကြသည်။

ယင်းကဲ့သို့ ဖေ့ဘွတ်ခ်စာမျက်နှာများနှင့် ဖေ့ဘွတ်ခ်အဖွဲ့များသည် တစ်ဦးတည်း ရွှေ့ပြောင်းသွားလာလိုသူများအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာလျက်ရှိသည်။ ယခုကဲ့သို့ လွယ်ကူစွာသွားလာနိုင်ရေးအတွက် အထောက်အကူပြုသည့် စမတ်ဖုန်းနှင့် အပလီကေးရှင်းများကြောင့် လူမှောင်ခိုလုပ်ငန်းများကို ထိခိုက်ဖွယ်ရှိသည်။ "ဖေ့ဘွတ်ခ်ရဲ့ကျေးဇူးကြောင့် အခုဆိုရင် လူတွေဟာ တစ်ယောက်တည်း ရွှေ့ပြောင်းသွားလာနေပြီဖြစ်တဲ့အတွက် လူမှောင်ခိုသမားတွေ အလုပ်မဖြစ်တော့ဘူး"ဟု ဆားဘီးယားနိုင်ငံ ဘဲဂရိတ်မြို့ ကယ်ဆယ်ရေးအေဂျင်စီတွင် အလုပ်လုပ်နေသော အသက်(၃၈)နှစ်ရှိ မိုဟာမတ်ဟက်ဂျ်အလီက ပြောကြားသည်။ ဆီးရီးယားနိုင်ငံသား မိုဟာမတ်ဟက်ဂျ်အလီသည် ဆားဘီးယားနိုင်ငံသို့ ရောက်ရှိနေသည်မှာ သုံးနှစ်ရှိပြီဖြစ်သည်။ ၎င်းက ရွှေ့ပြောင်းလာသူများကို အကူအညီပေးရင်းနှင့် ရွှေ့ပြောင်းလာသူတို့၏ ဒုက္ခ၊ သုခဇာတ်လမ်းအဖုံဖုံကို နားထောင်နေရသူဖြစ်သည်။ ဆားဘီးယားနိုင်ငံသည် ဥရောပသို့ ရွှေ့ပြောင်းလာသူများ၏ ခရီးတစ်ထောက်နားရာ အဓိကနေရာဖြစ်သည်။

"ဆီးရီးယားနိုင်ငံမှာ ပဋိပက္ခတွေဖြစ်ခါစလောက်တုန်းကနဲ့ နှိုင်းယှဉ်ကြည့်ရင် အခုချိန်မှာ လူကုန်ကူးဈေးနှုန်းက တစ်ဝက်လောက်ကျသွားတယ်။ တူရကီကနေ ဂရိကိုဖြတ်ကူးတဲ့ ခရီးစဉ်တစ်ပိုင်းလောက်သာ ရွှေ့ပြောင်းသူတွေဟာ လူကုန်ကူးသူတွေကို ပိုက်ဆံပေးနေရဆဲပါ။ အချို့လူတွေကလည်း ပိုက်ဆံမပေးကြဘဲ ဖုန်းမှာပါတဲ့ ဂျီပီအက်စ်စနစ်နဲ့ သွားလာနေတာလည်းရှိပါတယ်။ 'ပိုက်ဆံပေးစရာမလိုဘဲ ဥရောပသို့ ကိုယ့်ဘာသာကိုယ်လူကုန်ကူးကြစို့' ဆိုတဲ့ ဖေ့ဘွတ်ခ်စာမျက်နှာဟာ လူသိများပါတယ်"ဟု မိုဟာမတ်ဟက်ဂျ်အလီက ပြောကြားသည်။

ခေတ်သစ်နည်းပညာများသည် ဒုက္ခသည်များကို ပြောင်းလဲပေးလိုက်သကဲ့သို့ နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများအတွက်လည်း အပြန်အလှန်အကျိုးသက်ရောက်မှုရှိစေသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်န်အိတ်ချ်စီအာရ်)က ဂျော်ဒန်နိုင်ငံရှိ ဆီးရီးယားဒုက္ခသည်များကို ဆင်းကတ် ၃၃၀၀၀ ဖြန့်ဝေပေးခဲ့ပြီး ဖုန်းအားသွင်းရန် ဆိုလာမီးအိမ် ၈၅၇၀၄ လုံးကိုလည်း တပ်ဆင်ပေးခဲ့သည်။ "ဒါဟာ ယူအင်န်အိတ်ချ်စီအာရ်အနေနဲ့ အကျိုးရှိရှိ ထောက်ပံ့



ကူညီပေးတဲ့ အပြောင်းအလဲတစ်ခုဖြစ်တယ်လို့ နားလည်ထားပါတယ်"ဟု ဂျီနီဗာမြို့ရှိ ယူအင်န်အိတ်ချ်စီအာရ်ရုံးမှ ခရစ္စတိုဖာအာနေးက ပြောကြားသည်။

"စမတ်ဖုန်းတွေဟာ ဒုက္ခသည်တွေအတွက် သတင်းအချက်အလက် ဖလှယ်နိုင်သလို နိုင်ငံတကာအကူအညီပေးရေး အေဂျင်စီတွေအတွက်လည်း အကျိုးရှိပါတယ်။ ဇူလိုင်လတုန်းက ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့မှာ ရေပေးဝေမှုပြတ်တောက်သွားတဲ့အခါ နိုင်ငံတကာကြက်ခြေနီကော်မတီက ဖေ့ဘွတ်ခ်ပေါ်ကနေ သောက်ရေသန့်ရရှိနိုင်တဲ့နေရာကို မြေပုံနဲ့ညွှန်ပြ အကူအညီပေးခဲ့ရပါတယ်"ဟု နိုင်ငံတကာကြက်ခြေနီကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ပေါလ်ကာဇီအိခ်က ပြောကြားသည်။ ဖေ့ဘွတ်ခ်လေ့လာစောင့်ကြည့်သူများ၏အဆိုအရ အလက်ပိုမြို့ သောက်ရေသန့် ရရှိနိုင်မည့်နေရာများနှင့်ပတ်သက်၍ နိုင်ငံတကာကြက်ခြေနီကော်မတီက ဖော်ပြခဲ့သည့် ဖေ့ဘွတ်ခ်စာမျက်နှာကို ကြည့်ရှုသူ ၁၃၃၁၈၇ ဦး၊ ကြိုက်နှစ်သက်သူနှင့် မှတ်ချက်ပေးသူ ၄၈၅၉ ဦးရှိသည်ဟု သိရသည်။ ထို့ပြင် ဆီးရီးယားနိုင်ငံတွင် မော်တာကျည်ဆံများ ကျရောက်ပေါက်ကွဲနိုင်သည့် နေရာများကိုလည်း လူသိများသည့် ဖေ့ဘွတ်ခ်စာမျက်နှာတစ်ခုက ဖော်ပြသတိပေးနေသည့်အတွက် သုံးစွဲသူများအနေဖြင့် လွတ်ရာကျွတ်ရာသို့ ရှောင်တိမ်းနိုင်လျက်ရှိသည်ဟု သိရသည်။

*စာမျက်နှာ ၂၀ မှ*

ကွယ်လွန်ခဲ့သည်။ ၁၉၂၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ချင်းချောင်းနန်းတော်ကို ဒေဝါလီခံ ကြွေးသိမ်းပစ္စည်းအဖြစ် ကြေညာခဲ့သည်။

ချင်းချောင်းနန်းတော်သည် ဂျပန်လူမျိုး ကြွေးရှင်တစ်ယောက်၏လက်သို့ ပထမဆုံးရောက်ရှိသွားပြီး ၁၉၄၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း မြန်မာနိုင်ငံကို ဂျပန်တို့အုပ်စိုးထားစဉ် ရေဒီယိုအသံလွှင့်ဌာနအဖြစ် အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် အိန္ဒိယလူမျိုးစီးပွားရေးသမားများလက်အောက်သို့ ရောက်ရှိသွားပြီး ၁၉၅၁ ခုနှစ်တွင် နိုင်ငံတော်ပိုင် ကမ္ဘောဇရိပ်သာဖြစ်လာခဲ့ကာ ၁၉၈၈ ခုနှစ်အထိ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်အဖြစ် ဖွင့်လှစ်ခဲ့သည်။ ၁၈၈၈ ခုနှစ် နောက်ပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိန်းသိမ်းထားခဲ့သည်။

ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)သည် ဆယ်စုနှစ် ဆယ်ခုနီးပါး မြန်မာနိုင်ငံ၏ သမိုင်းအဆက်ဆက်ကို ဖြတ်သန်းခဲ့သည့် သမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်သဖြင့် ယင်းအဆောက်အအုံကို ယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုန်( Ancient Monumental Zone) အဖြစ် သတ်မှတ်နိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက ဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိနေသည်။ သို့ဖြစ်ပေရာ ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံကြီးအား ရေရှည်တည်တံ့နေစေရန် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြခြင်းဖြင့် မြန်မာ့အတိတ်သမိုင်းသက်သေတစ်ခုကို စောင့်ရှောက်ရာရောက်မည်သာဖြစ်ပေသည်။

# အခကြေးငွေပေးရေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

*ယမန်နေ့မှအဆက်*

(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အလုပ်သမားအတွက် ပေးသွင်းသည့် ထည့်ဝင်ကြေးများ၊
(၅) နေထိုင်ခနှင့်စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့်အခွန်အခများ၊
(၆) ဆေးကုသစရိတ်နှင့် အပန်းဖြေခများ၊
(၇) အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေးများ၊
(၈) ပင်စင်လစာနှင့် အငြိမ်းစားလုပ်သက်ဆုငွေ၊
(၉) ဝန်ကြီးဌာနက ဤဥပဒေပါ အခကြေးငွေနှင့် မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော အခြားငွေကြေးများ။

( ခ) **အလုပ်ရှင်** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏ အမွေဆက်ခံသူနှင့် တရားဝင်ကိုယ်စားလှယ်တို့ ပါဝင်သည်။

( ဂ) **အလုပ်သမား** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ကာယဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်ကို လုပ်ကိုင်၍ ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့် ပညာသင်များ၊ စာရေးနှင့် ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပ အလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ လုံခြုံရေးဝန်ထမ်းများ၊ သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေး အလုပ်သမား၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သားတို့ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနကို ဆိုသည်။

( င) **ဝန်ကြီး** ဆိုသည်မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

( စ) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

### အခန်း(၂)
### အခကြေးငွေပေးရမည့် နည်းလမ်းများနှင့် အချိန်ကာလ

၃။ အလုပ်ရှင်သည် -

(က) မိမိ၏ လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေဖြင့်ဖြစ်စေ၊ ဗဟိုဘဏ်မှ သတ်မှတ်ရောင်းဝယ်နေသည့် နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်သဘောတူညီမှုဖြင့် ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

(ခ ) ဤဥပဒေ၌ ဖော်ပြထားသည့် အခကြေးငွေဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်၌ မပါရှိသည့် သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများအတွက် ငွေကြေးပေးရန်ရှိပါက ဒေသ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမား အများစု၏ ဆန္ဒအရ ဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ၊ သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်ထားသော ပစ္စည်းတချို့တစ်ဝက်တွဲဖက်၍ ဖြစ်စေပေးနိုင်သည်။

(ဂ) အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ် သတ်မှတ်ပြီး ရက်ပေါင်း (၆၀)အတွက် အခကြေးငွေထုတ်ပေးရမည်။

၄။ အလုပ်ရှင်သည် -

(က ) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုအတွက် အခကြေးငွေကို ထိုအလုပ် ပြီးဆုံးသည်နှင့် အလုပ်သမားအားပေးရမည်။ သို့ရာတွင် ထိုအလုပ်တစ်ခုခုအတွက် အခကြေးငွေကို လစဉ်ပေးရန် အလုပ်သမားက သဘောတူလျှင် သတ်မှတ်ထားသည့်ကာလအတွင်း ပေးရမည်။

(ခ ) အခကြေးငွေပေးရန် ကာလအပိုင်းအခြား သတ်မှတ်ရာတွင် တစ်လထက် မကျော်စေရ။

(ဂ ) ပုဒ်မခွဲ (က) အရ အခကြေးငွေကို လစဉ်ပေးရာတွင် -

(၁) အလုပ်သမားဦးရေ ၁၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးရမည်။

(၂) အလုပ်သမားဦးရေ ၁၀၀ ထက်ပိုပြီး ၅၀၀ ထက် မပိုပါက အခကြေးငွေ ပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၅)ရက် အတွင်းပေးရမည်။

(၃) အလုပ်သမားဦးရေ ၅၀၀ ထက်ပိုပြီး ၁၀၀၀ ထက် မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၇) ရက် အတွင်းပေးရမည်။

(၄) အလုပ်သမားဦးရေ ၁၀၀၀ ထက်ပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၁၀)ရက်အတွင်း ပေးရမည်။

(ဃ) အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှ ရပ်စဲခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်ရက် (၂) ရက်အတွင်း ပေးရမည်။

**စာမျက်နှာ ၂၃ သို့**

*စာမျက်နှာ ၁၇ မှ*

"ဟုတ်တယ်။ အ-တွေမပါရင် ကျန်တဲ့ 'သံ၊ သက်၊ ရွက်၊ ခန်း၊ ပင်' ဆိုတဲ့ စကားလုံးတွေက သူတို့ဘာသာသူတို့ မရပ်တည်နိုင်ဘူးလေ။ ဒါပေမယ့် အဲဒီစကားလုံးတွေဟာလည်း နာမ်တွေပါပဲသမီးရယ်"

"ဟုတ်ကဲ့ပါ"

"မြန်မာသဒ္ဒါစာအုပ်တွေမှာတော့ အဲဒီနာမ်မျိုးတွေကို သပ်သပ်မပြပါဘူး။ ဘာသာဗေဒပညာရှင်တွေကတော့ အဲဒီစကားလုံးတွေကို မိမိဘာသာ မရပ်တည်နိုင်တဲ့နာမ်တွေလို့ သတ်မှတ်ကြတယ်"

"ဟုတ်ကဲ့ပါ"

"'အသံ'ကို 'သံ' လို့ဖြတ်ပြောရင် မူလအဓိပ္ပာယ်ပျက်သွားသလိုထင်ရပေမယ့် ရှေ့ကနာမ်တစ်ခုခုထပ်တွဲရင် 'အသံ'ဆိုတဲ့ အဓိပ္ပာယ်ပေါ်တာပါပဲ။ ဆိုပါစို့ကွယ်။ 'သံ'ရှေ့က နာမ်တစ်လုံးထည့်ရင် 'တေးသံ'၊ 'လေသံ'၊ 'လူသံ'၊ 'ကြောင်သံ' ဆိုတာမျိုးတွေဖြစ်သလို 'သံ'နောက်က နာမ်တစ်လုံးထည့်ရင်လည်း 'သံစဉ်'၊ 'သံလေး'၊ 'သံကြောင်'ဆိုတာမျိုးတွေဖြစ်လာတာပေါ့ကွယ်။ ကျန်တဲ့စကားလုံးတွေလည်း အဲဒီသဘောပဲပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ကြိယာရှေ့က အ-ရှေ့ဆက်တွဲတဲ့ 'အပြော၊ အဆို၊ အက၊ အစား'ဆိုတဲ့ နာမ်တွေရှိသလို နာမ်ရှေ့က အ-ရှေ့ဆက်တွဲတဲ့ 'အပင်၊ အမြစ်၊ အရွက်၊ အသံ၊ အသား' ဆိုတဲ့ နာမ်တွေလည်းရှိတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . . . ရှေ့နာမ်၊ နောက်နာမ်တွဲတဲ့ အကြောင်းဆီပြန်သွားရအောင်"

"နာမ်နှစ်ခုတွဲတဲ့အခါ နောက်နာမ်က အ-ရှေ့ဆက်နဲ့သုံးတဲ့နာမ်ဖြစ်နေရင် အဲဒီ အ-ရှေ့ဆက်ကို မထည့်ဘဲတွဲလေ့ရှိတယ်"

"သာဓက ကလေးပြောပြပါဘဘ"

"'အိမ်'နဲ့ 'အခန်း'နဲ့တွဲရင်. . . ."

"ဟုတ်ကဲ့။ 'အိမ်ခန်း' ဖြစ်သွားပါတယ်ဘဘ။ 'အခန်း' မှာပါတဲ့ 'အ' ကို မထည့်တော့ပါဘူး"

"ဟုတ်တာပေါ့။ 'မျောက်' နဲ့ 'အက' တွဲရင် 'မျောက်က'၊ 'သရက်' နဲ့ 'အသီး' တွဲရင် 'သရက်သီး'၊ 'ဟင်း' နဲ့ 'အရွက်'နဲ့တွဲရင် 'ဟင်းရွက်'ဖြစ်သွားတာပေါ့။ 'အ' တွေ မပါတော့ဘူးလေ"

"ဟုတ်ကဲ့ပါ"

"အဲ. . . . ရှေ့နာမ်က အ-ရှေ့ဆက်နဲ့သုံးတဲ့ နာမ်ဖြစ်နေရင်တော့ အ-ကို ထည့်တာလည်းရှိတယ်။ မထည့်တာလည်းရှိတယ်။ 'အနီရောင်' ဆိုပါတော့။ 'အနီ' နဲ့ 'အရောင်' နဲ့ တွဲတာမဟုတ်လား။ ရှေ့က 'အနီ' ရဲ့ အ-ကို မဖြုတ်ဘူး လေ။ 'ခန်းဆောင်' ကျတော့ 'အခန်း'နဲ့ 'အဆောင်' နဲ့တွဲတာ နာမ်နှစ်ခုစလုံးအ-ဖြုတ်ထားတယ်လေ။ ပုံစံအမျိုးမျိုးရှိကြောင်း သိသာရုံပြောတာပါကွယ်"

"ကျေးဇူးတင်ပါတယ် ဘဘ"

# ချိုသာသောစကား၏ ကျေးဇူး

မြင့်မောင်စိုး

ပခုံးနှစ်ဖက်ကြားခေါင်းပေါက်သည့် လူလူချင်းတူသော်လည်း စကားပြောတတ်ပုံ ချင်း ကွာသေး၏။ အချို့က ရှင်းရှင်းဘွင်းဘွင်း အရှိကိုအရှိတိုင်း ပြောတတ်ကြ၏။ အချို့သည်ကား လိမ္မာပါးနပ်စွာ စကားတန်ဆာဆင် ၍ပြောတတ်ကြ၏။ အချို့သည်ကား ချိုချိုသာသာ အဆင်ပြေအောင် ပြောဆို တတ်ကြ၏။ စကားကိုအဆင်ပြေညီညွတ်အောင် ပြောဆိုတတ်ခြင်းသည် ဆောင်ရွက်လုပ်ကိုင်သော လုပ်ငန်းအဖြာဖြာတို့သည် အောင်မြင်ရာ အောင်မြင်ကြောင်း အကြောင်းတရားပင်ပေတည်း။

စကားကိုအဆင်ပြေစွာပြောတတ်ခြင်းနှင့် ချိုသာစွာ ပြောတတ်ခြင်း တို့မှာ အဓိပ္ပာယ်မတူပေ။ အဆင်ပြေစွာပြောတတ်ခြင်းဆိုရာတွင် လုပ်ငန်းတစ်ခုအပေါ် ကောင်းကျိုးညီညွတ်စွာ လည်လည်ပတ်ပတ် အဆက်အစပ် မိမိရှင်းလင်းစွာပြောဆိုခြင်းပင် ဖြစ်၏။ ချိုသာစွာပြောဆိုခြင်းမှာ အများသူငှာ နားဝင်ချိုအောင် စကားလုံးအသုံးအနှုန်းကအစသတိပြု၍ ပြောဆိုခြင်းပင်ဖြစ်၏။ ပြောဆိုလိုသော စကားအကြောင်းအရာသည် အတူတူပင် ဖြစ်လင့်ကစား ချိုချိုသာသာပြောဆိုခြင်းနှင့် ဒေါသနှင့် ပြောဆိုခြင်း တို့မှာ ကွာ၏။ ချိုချိုသာသာပြောဆိုခြင်းကို လူတိုင်းနှစ်သက်ကြ၏။

လူတို့အနေဖြင့် စကားအရာ ပျားသကာကဲ့သို့ ချိုသာစွာပြောဆိုသင့်ကြောင်းကို ငါးရာ့ငါးဆယ်ဇာတ်တော်တစ်ခုဖြစ်သည့် သုဇာတဇာတ်၌ ဤသို့ဆိုလေ၏။

ရှေးလွန်လေပြီးသောကာလ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလေ၏။ မင်းကြီး၏မယ်တော် မိဖုရားကြီးသည်ကား ကြမ်းကြုတ်၏။ အမျက်ဒေါသကြီး၏။ ရန်တွေ့တတ်၏။ ဤ၌မင်းကြီးလည်း မယ်တော်အား အဆုံးအမပေးရန် သင့်လျော်သော အခါကာလကို ရှာကြံတွေးဆ၍ နေလေ၏။

တစ်နေ့သ၌ မင်းကြီးလည်း ဥယျာဉ်ကစားသွား လတ်သည်ရှိသော် မယ်တော်လည်း အတူတကွ လိုက်ပါခဲ့လေ၏။ ထိုသို့ခရီးသွားရင်းမှ လမ်းခုလတ် တစ်နေ့ရာ၌ တစ်တီတူးငှက်သည် ကျယ်လောင်စွာ အော်မြည်လေ၏။ မင်းကြီး၏ အခြွေအရံတို့သည် ထိုအသံကိုကြားလေလျှင် နားကိုလျှင်မြန်စွာ ပိတ်၍ "ဟယ်. . . ငှက်ယုတ်၊ သင်၏ ရုန့်ရင်းကြမ်းတမ်းလှစွာသောအသံဖြင့် မဟစ်ကြွေးလင့်" ဟုဆိုကြလေ၏။ ဥယျာဉ်တော်သို့ရောက်၍ လှည့်လည်သောအခါ အပွင့်တို့ ဝေဆာလျက်ရှိသော အင်ကြင်း ကိုင်းဖျား၌နားနေသော ဥသြငှက်လည်း သာယာချိုမြိန်သောအသံကို တွန်ကျူး၏။ ထိုအခါ မင်းကြီး၏ အခြွေအရံပရိသတ်တို့လည်း ထိုအသံကို ကြားလေလျှင်-

"အို----သိမ်မွေ့နူးညံ့သောအသံရှင် အဆွေငှက် ထပ်မံ၍ မြည်ကြွေးပါဦးလော့" ဟု လည်ကိုမော့ကာ နားထောင်နေကြကုန်၏။ ဤတွင် မင်းကြီးလည်း ထိုအကြောင်း နှစ်ပါးကိုအခြေခံ၍ အဆုံးအမပေးခြင်းငှာ သင့်လျော်ပေပြီဟု ကြံစည်ယူဆကာ-

"အို. . . . မိခင်၊ အဆင်းနှင့်ပြည့်စုံ၍ သာယာသော အသံ၊ ချစ်ဖွယ်သောအသံ ဖြစ်စေကာမူ ရုန့်ရင်းကြမ်းကြုတ်သောစကားကို ပစ္စုပ္ပန်၊ တမလွန်လောကမှာပင် မချစ်မနှစ်သက်အပ်ပါ။"

"အို. . . . . မိခင်၊ မည်းနက်၍ အဆင်းမလှသော ဥသြငှက်ကိုမူကား သိမ်မွေ့နူးညံ့သောစကားကြောင့် လူများစွာတို့ ချစ်ခင်နှစ်သက်အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် သိမ်မွေ့နူးညံ့စွာဖြင့် မပျံ့မလွင့် ဆိုလေ့ရှိသောသူ၏စကားသည် အနက်ပါ၍ အကျိုးအကြောင်းကို ပြ၏။ ချိုမြိန်ကောင်းမြတ်လှပေ၏" ဟူ၍ တရားဟောကာ မယ်တော်အား သိစေအပ်၏။

ထို့နောက်ဆက်လက်၍-

"အို. . . မိခင် ရုန့်ရင်းကြမ်းကြုတ်သည့် အသံရှိ သော တစ်တီတူးငှက်ကို လူတို့ မချစ်ခင်မနှစ်သက်ပါ။ သိမ်မွေ့နူးညံ့သည့်အသံရှိသော ဥသြငှက်ကိုမူ လူတို့ချစ်ခင်နှစ်သက်ကြပါ၏။ ဤ အကြောင်းနှစ်ပါးကို ရှု၍ စဉ်းစားတော်မူပါလော့" ဟု မယ်တော်အား ခွဲခြမ်းစိတ်ဖြာသိစေ၏။ ထိုအခါ မှစ၍ မယ်တော်လည်း ကြမ်းတမ်းမှု၊ အမျက်ဒေါသထွက်မှုမရှိတော့ဘဲ သိမ်မွေ့နူးညံ့ကာ အကျင့်သီလနှင့်ပြည့်စုံလေတော့၏။

ဤဇာတ်နိပါတ်ကို ထောက်ရှုလျက် လူတိုင်းလူတိုင်းသည်လည်း စကားကို ချိုသာစွာပြောဆိုသင့်ကြောင်း သင်ခန်းစာယူထိုက်ပေ၏။ ချိုသာစွာ ပြောဆိုခြင်းကို လူတိုင်း နှစ်သက်ကြကုန်၏။ ရုန့်ရင်းကြမ်းတမ်းစွာ ပြုမူပြောဆိုခြင်းသည် လူမုန်းခံရတတ်၏။ ကြမ်းတမ်းစွာ ပြောဆိုခြင်းဖြင့် အကျိုးမရှိ။ ဆုတ်ယုတ်မှုသာ ဖြစ်နိုင်၏။ အချို့သောသူများသည် ပညာရှိလူကုန်ထံတို့ ဖြစ်လင့်ကစား စကားကိုချိုသာစွာ မပြောတတ်ကြပေ။ ချိုသာစွာပြောဆိုတတ်ခြင်းသည် အကျိုးကျေးဇူးကားများပြား၏။ လုပ်ကိုင်ဆောင်ရွက်သော အမှုကိစ္စအဝဝတို့သည် ချိုသာနူးညံ့စွာ ပြောဆိုခြင်းဖြင့် အောင်မြင်နိုင်၏။ အခက်အခဲ အကျပ်အတည်းများဖြင့် ဖြေရှင်းလုပ်ကိုင်ရသောအမှုကိစ္စတို့ပင်လျှင် အောင်မြင်စွာ ဖြေရှင်းနိုင်စွမ်းရှိ၏။

တစ်ခါတစ်ရံ ဒေါသအလျောက် ဖြေရှင်းပြောဆိုရသော အမှုကိစ္စတို့၌ပင် အကျိုးအကြောင်းသင့်စွာ ချိုသာစွာပြောဆိုခြင်းဖြင့် အဆင်ပြေသွားသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ဤသည်မှာ ချိုသာသောစကားကို အသုံးချတတ်ခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်၏။

သို့ပါ၍ မည်သည့်အမှုကိစ္စတို့၌မဆို ချိုသာသော စကားကို အသုံးချတတ်ကြမည်ဆိုလျှင် များစွာအကျိုးကျေးဇူးရှိမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၂၂ မှ

(င) အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်နို့တစ်ပေး၍ မိမိဆန္ဒအရ အလုပ်မှ နုတ်ထွက်ပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးရမည်။

(စ) သေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက်(၂)ရက်အတွင်း သေဆုံးသူ၏ တရားဝင် အမွေဆက်ခံသူ ထံသို့ပေးရမည်။

(ဆ) အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့် နေ့ရက်တွင်ပေးရမည်။

၅။ အလုပ်ရှင်သည် မမျှော်လင့်သော ထူးခြားသည့်အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ ၄ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့် အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ညှိနှိုင်း သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့သို့ ပြောင်းလဲပေးချေမည်ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည်။

၆။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုသင့်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်ပြီး သင့်လျော်သော အချိန်ကာလအတွင်း ရွှေ့ဆိုင်း၍ပေးရန် အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း

၇။ အလုပ်ရှင်သည် -

(က) သက်ဆိုင်ရာ ဥပဒေအရ အခကြေးငွေခံစားခွင့်ရှိသည့်ခွင့်ရက်များနှင့် အများပြည်သူ အလုပ်ပိတ်ရက်များမှအပ အလုပ်မဆင်းသည့် ကာလအတွက် အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ခ) အခကြေးငွေတွင် ပါဝင်ခြင်း မရှိသည့် အလုပ်ရှင်မှ စီစဉ်ပေးသည့် နေထိုင်ခနှင့် ပို့ကြိုယာဉ်စရိတ်၊ စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့် အလုပ်သမားမှပေးဆောင်ရမည့် ဝင်ငွေခွန်၊ မှားယွင်း၍ ပိုပေးမိသော အခကြေးငွေများကို နုတ်ယူဖြတ်တောက်နိုင်သည်။

(ဂ) အလုပ်သမား၏ တောင်းဆိုချက်အရ ကြိုတင်ထုတ်ပေးငွေ၊ စိုက်ထုတ်ပေးငွေ သို့မဟုတ် အလုပ်သမားအတွက်စုငွေ၊ ဥပဒေအရ ထည့်ဝင်ကြေးငွေများတစ်ရပ်ရပ်ကိုအခကြေးငွေမှနုတ်ယူဖြတ်တောက်နိုင်သည်။

(ဃ) တရားရုံး သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ အမိန့်အရ အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

၈။ အလုပ်ရှင်သည် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ အခြားသောကိစ္စများအတွက် နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

၉။ အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူ ဖြတ်တောက်ငွေစုစုပေါင်းသည် အလုပ်သမားရရှိသည့် လစာငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရ။

၁၀။ အလုပ်ရှင်သည် အလုပ်သမား၏ အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်-

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ဖြစ်စေ၊ အလုပ်ရှင်မှ အလုပ်သမားအား အတိအလင်း အပ်နှံထားသော ငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှု၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ပါ ဒဏ်ငွေသတ်မှတ်ထားသည့် အလုပ်ခွင် စည်းကမ်းချက်တစ်ရပ်ရပ်ကို အလုပ်သမားက ဖောက်ဖျက်မှု။

၁၁။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၀ အရ ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမပြုမီ မည်သည့်ကိစ္စအတွက် မည်သို့ မည်မျှ ဖြတ်တောက်မည်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(ခ) အထက်ပုဒ်မခွဲ (က) ပါ ခွင့်ပြုချက်ကို သက်ဆိုင်ရာ အလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသော နေရာများတွင် ကပ်ထားရမည်။

(ဂ) ပုဒ်မ ၁၀ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင်-

(၁) အလုပ်သမားအား ထုချေဖြေရှင်းခွင့် တစ်စုံတစ်ရာ မပေးဘဲ ထို အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း မပြုရ၊

(၂) အလုပ်သမား၏ လစဉ်အခကြေးငွေမှ တစ်လလျှင် ၅ ရာခိုင်နှုန်းထက်ပို၍ နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

(ဃ) နုတ်ယူဖြတ်တောက်သည့် ပေးလျော်ရန် ဒဏ်ငွေမှာ အလုပ်သမား၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှု တန်ဖိုးထက် မပိုစေရ။

(င) အသက် ၁၆ နှစ်အောက် အလုပ်သမားထံမှ ဒဏ်ငွေအဖြစ် လုံးဝနုတ်ယူဖြတ်တောက်ခြင်း မပြုရ။

(စ) ချမှတ်ထားသော ဒဏ်ငွေအားပေးချေရမည့် ကာလသတ်မှတ်ချက်ကို အလုပ်ရှင်နှင့်အလုပ်သမား သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) ပစ္စည်းဆုံးရှုံးမှုအတွက် ဖြတ်တောက်ငွေကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်အချိန်ကာလအတွင်း နုတ်ယူဖြတ်တောက်ရမည်။

(ဇ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့် ငွေများကို မှတ်တမ်းတွင် ရေးသွင်း၍ စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဈ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေနှင့် စပ်လျဉ်း၍ လစဉ် အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(ည) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကို စက်ရုံရှိ အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

၁၂။ အလုပ်သမားသည် -

(က) အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းက ဖြစ်စေ၊ စက်ရုံတွင်းလုပ်ငန်းညှိနှိုင်းရေးကော်မတီက ဖြစ်စေ၊ ဖြေရှင်းပေးရန် အလုပ်ရှင်သို့ တောင်းဆိုနိုင်သည် -

(၁) ရရန်ရှိသည့် အခကြေးငွေထဲမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခံရခြင်း၊

(၂) အခကြေးငွေများကို ပေးချေရမည့် ကာလထက် ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်း။

(ခ) ပုဒ်မခွဲ (က)အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိပါက -

(၁) အထက်ပုဒ်မခွဲ (က) အရ နုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန် ပျက်ကွက်သည့်နေ့မှ ၆ လ အတွင်း ဦးစီးဌာနသို့ ဖြေရှင်းဆောင်ရွက်ပေးရန် လျှောက်ထားနိုင်သည်။

(၂) အထက် ပုဒ်မခွဲငယ် (၁) ပါ သတ်မှတ်ချိန်အတွင်း လျှောက်ထားခြင်းမရှိပါက သက်ဆိုင်ရာတရားရုံး၌ တရားမကြောင်းအရ အလုပ်ရှင်ကို တရားစွဲဆိုနိုင်သည်။

## အခန်း (၄)
## အချိန်ပို အခကြေးငွေ

၁၃။ အလုပ်သမားသည် အချိန်ပိုလုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဝန်ကြီးဌာနက သတ်မှတ်သည့်နှုန်းထားအတိုင်း ရထိုက်ခွင့်ရှိသည်။

## အခန်း (၅)
## စစ်ဆေးရေးအရာရှိချုပ်နှင့်စစ်ဆေးရေးအရာရှိများ၏တာဝန်များ

၁၄။ ဝန်ကြီးဌာနသည် ဤဥပဒေပါ အခကြေးငွေပေးခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော စစ်ဆေးမှုများနှင့် ကြီးကြပ်မှုများ ပြုလုပ်နိုင်ရန် အလို့ငှာ စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၅။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေခွဲခြားသတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

(ခ) ဤဥပဒေပါ ပြစ်မှုကျူးလွန်သော အလုပ်ရှင်အား သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးကို လွှဲအပ်တာဝန် ပေးနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိများသည် -

(က) စစ်ဆေးရေးအရာရှိချုပ်က စစ်ဆေးရန် လွှဲအပ်တာဝန်ပေးသည့် အတိုင်းလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေး အရာရှိချုပ်ထံ တင်ပြရမည်။

၁၇။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အကျုံးဝင်သည့် မည်သည့် လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး အချိန်မရွေး ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် အခကြေးငွေပေးချေမှု၊ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မှုနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာအုပ်၊ မှတ်တမ်းစာအုပ်၊ စာရင်းဇယား၊ စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် လိုအပ်သည့်ပုဂ္ဂိုလ်များကို စစ်ဆေးမေးမြန်းနိုင်သည်။

(ဂ) အခကြေးငွေပေးချေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် စာရင်းဇယားများ၊ စာရွက်စာတမ်း အထောက်အထားများကို မိတ္တူရယူခြင်းနှင့် လိုအပ်ပါက မူရင်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။

## အခန်း (၆)
## တရားစွဲဆိုခြင်း

၁၈။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် စစ်ဆေးရေးအရာရှိတစ်ဦးဦးက သက်ဆိုင်ရာ တရားရုံးတွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထိုသို့ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းကြောင့် အလုပ်သမားက ၎င်းရရန်ရှိသော အခကြေးငွေများ ရရှိရေးအတွက် တရားမကြောင်းအရ တရားစွဲဆို တောင်းခံပိုင်ခွင့်ကို မထိခိုက်စေရ။

၁၉။ အခကြေးငွေပေးရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုသည် အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့်ဖြစ်သည်ဟု တရားရုံးက ဆုံးဖြတ်လျှင် အခကြေးငွေပေးခြင်းကို ဆိုင်းငံ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) မမျှော်လင့်သော အရေးပေါ်အခြေအနေ ပေါ်ပေါက်လာသဖြင့်အခကြေးငွေကို မည်သို့မျှ မပေးနိုင်ခြင်း၊

(ခ) အလုပ်ရှင်သည် ကြွေးမြီ မပေးဆပ်နိုင်သည့် လူမွဲအဖြစ် ကြေညာခံထားရသူဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာ အလုပ်သမားကိုယ်တိုင် လာရောက်ထုတ်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ်ပေးသည့်အခကြေးငွေကို လက်ခံယူရန် ပျက်ကွက်ခြင်း။

၂၀။ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများနှင့်ပတ်သက်သည့် တရားမမှုကို မည်သည့်တရားရုံးကမျှ လက်ခံခြင်းမပြုရ-

(က) ပြန်လည်တောင်းခံထားသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများနှင့် စပ်လျဉ်း၍ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဌာနသို့ လျှောက်ထားသည့် ကိစ္စမပြီးပြတ်သေးခြင်း၊

(ခ) တောင်းခံ လျှောက်ထားသူအား ပြန်လည်ထုတ်ပေးရန် ညွှန်ကြားပြီးသည့်ငွေ ဖြစ်နေခြင်း၊

(ဂ) တောင်းခံလျှောက်ထားသူအားပေးရန်မလိုသော ငွေဟု အတည်ပြုပြီးသော ငွေဖြစ်နေခြင်း။

## အခန်း(၇)
## တားမြစ်ချက်များ

၂၁။ မည်သည့် အလုပ်ရှင်မျှ ဤဥပဒေ အခန်း(၂) ပုဒ်မ ၄ နှင့် ၅ တို့ပါ အခကြေးငွေပေးရန် တာဝန်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၂၂။ မည်သည့် အလုပ်ရှင်မျှ ဤဥပဒေ အခန်း (၃) ပုဒ်မ ၇၊ ၈ ၊ ၉၊ ၁၀ နှင့် ၁၁ တို့ပါ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ (သို့မဟုတ်) အမိန့်ကြော်ငြာစာပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း(၈)
## ပြစ်ဒဏ်များ

၂၄။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၁ သို့မဟုတ် ၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၂၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၅။ ပုဒ်မ ၂၄ ပါအတိုင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ပြစ်မှုစီရင်ခြင်းခံရသည့်နေ့မှ နောင် ၂ နှစ်အတွင်း ယခင်ဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၅၀ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၂၀ သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို အခကြေးငွေပေးချေခြင်း သို့မဟုတ် အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် စွပ်စွဲတိုင်ကြားကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၉)
## အထွေထွေ

၂၈။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သော ဦးစီးဌာနရှိ ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အောက် လျော့နည်း၍ ချုပ်ဆိုသည့် မည်သည့် သဘောတူညီချက် သို့မဟုတ် မည်သည့်သဘောတူစာချုပ်မဆို ပျက်ပြယ်စေရမည်။

၃၀။ အလုပ်ရှင်သည် ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းပါ ပြဋ္ဌာန်းချက် အနှစ်ချုပ်ကို သက်ဆိုင်ရာ လုပ်ငန်းခွင်တွင် အများမြင်သာသည့်နေရာ၌ ထင်ရှားစွာ ချိတ်ဆွဲပြသထားရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၂။ The Payment of Wages Act ,1936 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# Grand Opening

သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်

Lucky Draw Program

# Forever Gems by ရွှေနန်းတော်

MYANMAR PLAZA

@Myanmar Plaza (HAGL Group)

**6-9-2015**

(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ

၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ

## Grand Lucky Draw Program

(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၆) 52" LED TV (၂) လုံး
(၇) i phone 6+ (၅) လုံး ချီးမြှင့်ပေးမည်။

အောက်တိုဘာ(၄)ရက်နေ့တွင် ကံထူးရှင် ရွေးချယ်ပေးပါမည်။

## ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ

(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ၅ မူးသားနှင့် ၄ ပဲသား ရွှေဆွဲကြိုး (၅၀) ကုံး
(၆) ၃ ပဲ၊ ၂ ပဲ နှင့် ၁ ပဲသား ရွှေလက်စွပ် (၃၀၀) ကွင်းနှင့်

4-9-2015 မှ 4-10-2015 နေ့စဉ်ကံထူးရှင်များကို ရွေးချယ်ချီးမြှင့်ပေးပါမည်

## စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ

**6-9-2015 :** နံနက် (၉ : ၃၀) အစမ်းအနား ဖွင့်လှစ်ခြင်း၊
ရန်အောင်၊ နိုင်းနိုင်း၊ ပြေတီဦး၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ အောင်ရဲလင်း၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ ဝိုင်းစုခိုင်သိန်း
**6-9-2015 & 7-9-2015 :** နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း









5% to 25% off

*Rဇာနည်၊ ဘန်နီဖြိုး၊ ဝေလ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ဝိုင်းစုခိုင်သိန်း၊နီနီခင်ဇော် တို့မှဖျော်ဖြေခြင်း*

(G-05A) မြေညီထပ်၊ Myanmar Plaza(HAGL) Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

**Special Grand Opening Sales 5%off**

**18K White Gold Designs**




အဆင့်မြင့်

# ရွှေမင်္ဂလာဈေး

**ဆိုင်ခန်းတန်ဖိုး၏ ၃၀% သာ ပေးချေ၍**

**သင့်စီးပွားရေးလုပ်ငန်းများ ချက်ချင်း အကောင်အထည်ဖော်လိုက်ပါ ...**




## ရွှေမင်္ဂလာဈေး၏ အားသာချက်များ

- မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေးတို့နှင့် အဝန်းအဝိုင်းတခုထဲတွင် တည်ရှိခြင်း။
- ယုဇနပလာဇာ၊ တော်ဝင်ပလာဇာတို့နှင့် နီးကပ်စွာတည်ရှိခြင်း။
- (၁၀၀)ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ စိတ်ကြိုက်ဆိုင်ခန်းများကိုမျက်မြင်ဝယ်ယူနိုင်ခြင်း။
- မိမိစိတ်ကြိုက် ကုန်ပစ္စည်းများကို ချက်ချင်းဖွင့်လှစ်ရောင်းချနိုင်ခြင်း။
- ရောဝတီဘဏ်နှင့် ချိတ်ဆက်၍ (၁)နှစ်၊ (၃)နှစ်အထိ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ခြင်း။
- လူနှင့်ကုန်ပစ္စည်းများအသုံးပြုရန် စက်လှေကားနှင့်ဓာတ်လှေကားများ ပါဝင်ခြင်း။
- အရောင်းဆိုင်ရှင်များနှင့် ဈေးဝယ်သူများအတွက် လုံလောက်သော သီးသန့်ကားပါကင်ပါဝင်ခြင်း။
- မည်သည့်ဈေးများတွင်မှ ပါဝင်ခြင်းမရှိသော အလိုအလျောက်မီးငြိမ်းသတ်စနစ်၊ Automatic Breaker နှင့်တကွ လုံခြုံရေး CCTV ကင်မရာပါရှိခြင်း။

မြန်မာနိုင်ငံတဝှမ်းသို့ ကုန်ပစ္စည်းများဖြန့်ဖြူးရာ အဓိကနေရာဖြစ်သော ရန်ကုန်မြို့၊ မင်္ဂလာဈေးဝန်းအတွင်းတည်ရှိသည့် 'ရွှေမင်္ဂလာ' အဆင့်မြင့်ဈေးသစ်ကြီးတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုပါသလား...?

am group အောင်မြင်သူ

ရန်ကုန်မြို့တော်စည်ပင်သာယာနှင့် အောင်မြင်သူကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောက်လုပ်ထားသော အဆင့်မြင့်ဈေးသစ်ကြီး

**HOT LINE**

0926 200 90 10
0926 200 90 20
0926 200 90 30
0926 200 90 40
0926 200 90 50







✡ STYLE ✡
Design & Tailoring Training Centre
Dozo Fashion Technical School
ကျောင်းဆင်း Myanmar Young Designer ဆုရ
မမေလွင်ဇေယျာ
ကိုယ်တိုင်ခေတ်မီဂျပန်စင်တီမီတာနည်းဖြင့် စနစ်တကျ သင်ကြားပေးပါမည်။
သင်တန်းဖွင့်ရက် - (၁၉-၉-၂၀၁၅)
တိုက်(၂၂)၊ ဇဋိလလမ်း၊ (၄)လွှာ၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
09 73037491, 09 5096251






## ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးတင့်ထူး(ပုသိမ်)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊သံသုမာလမ်း၊ ဇီဇဝါအိမ်ရာဝင်း၊ အမှတ်၄၂နေ (ဦးထွန်းငွေ-ဒေါ်လှငွေ)တို့၏သား၊ (ဦးခင်မောင်မြ-ဒေါ်သန်းရှင်)တို့၏သားသမက်၊ဒေါ်ဥမ္မာမြ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကျော်အောင်ဆန်း-ဗိုလ်ကြီးမေထူးမာ၊ ဦးမင်းသူရတို့၏ဖခင်၊ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)ရာသက်ပန်အသင်းဝင် ဦးတင့်ထူးသည် ၄-၉-၂၀၁၅ ရက်(သောကြာနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) ခုတင်-၁၀၀၀ ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) ခုတင်-၁၀၀၀ ငြိမ်းအေးဇရပ်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက်၁၀ နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## "တစ်နှစ်ပြည့်အောက်မေ့လွမ်းဆွတ်သတိရခြင်း"
## (၆-၉-၂၀၁၄)မှ(၆-၉-၂၀၁၅)

ချစ်လှစွာသောဖေဖေ/ခင်ပွန်း ဗိုလ်မှူးကြီးအောင်မျိုးမိသားစုနှင့် ကွဲကွာခဲ့သည်မှာ ယနေ့ဆိုလျှင် တစ်နှစ်တိုင်ခဲ့ပါပြီ။ အမြဲတမ်းမမေ့မလျော့ဘဲ ကိုအောင်မျိုးအတွက် ရည်စူး၍နေ့စဉ်အပတ်စဉ်လစဉ် ပြုလုပ်မြဲဖြစ်သော ကုသိုလ်များဖြစ်ကြသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူရန်အတွက် ဝတ္ထုငွေများ လှူဒါန်းခြင်း၊ဇီဝိတဒါနသံဃာဆေးရုံကြီးတွင် ဆေးပဒေသာပင်အတွက် ဝတ္ထုငွေများ အလှူဒါန်းခြင်း၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် သံဃာအပါး(၄၀၀)အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ဘုန်းကြီးကျောင်းအုတ်တံတိုင်းဆောက်လုပ်လှူဒါန်းခြင်းနှင့် ယနေ့သံဃာတော်များအား ဆွမ်း၊သင်္ကန်းစသော လှူဖွယ်ဝတ္ထုအစုစုတို့ကိုလှူဒါန်းလျက်ရှိရာ ရောက်ရှိရာဘုံဌာနမှ မြင်နိုင်၊ သိနိုင် ခံစားနိုင်ပြီး အကောင်းဆုံးဘုံဌာနသို့ လျှင်မြန်စွာ တက်လှမ်းနိုင်ပါစေ··

**ကုသိုလ်အစုစုအတွက်**
**"ကို"ရေ အမျှ အမျှ အမျှ**

**ချစ်ဇနီး - ဒေါ်သင်းသင်းသန့်**
**ချစ်သားကြီး - မောင်ခိုင်ခန့်သော်**
**ဒုနှစ်ဘူမိထူးချွန်**
**မန္တလေးတက္ကသိုလ်**
**ချစ်သမီးငယ်-မအင်ကြင်းမမအောင်**
**Grade-9**

## တစ်နှစ်ပြည့်
## လွမ်းဆွတ်ခြင်းတမ်းတလွှာ

ဖေဖေဗိုလ်မှူးကြီး အောင်မျိုးကွယ်လွန်ခဲ့သည်မှာ ဒီနေ့ဆိုလျှင် တစ်နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ဖေဖေ ရောက်ရာဘုံဌာနမှ ဤကဗျာလေးကို ခံစားနိုင်ပါစေ။

လွမ်းလွမ်းဆွေးဆွေး
တမ်းတမ်းတတတွေနဲ့
သံသရာလည်နေတဲ့ကျွန်တော်
ဤလူ့ဘုံခန်းဝါမှာ
ကျွန်တော်ပိုင်ဆိုင်တာ ဒုက္ခမြောက်မြားစွာ။ ။
တစ်နှစ်တာဤကာလ
ခွန်သစ်၊ အားသစ်
မြောက်မြားစွာတို့
ငါထံမှထွက်ပြေး
စိတ်နွမ်းလူပန်း၍
ကြေမွခဲ့ရသောသားရဲ့ ပျော်ရွှင်မှုအလီလီ။ ။
သေခြင်းသဘောကို
နက်နက်ရှိုင်းရှိုင်းနားမလည်တဲ့
ကျွန်တော့်ကိုသေမင်းကြီးကတော့
ရယ်ချင်ရှာမပေါ့နော်။ ။
သေခြင်းတရားကို
ထိုးထွင်းသိမြင်ဖြစ်ခဲ့ပါလျှင်
သုခမည်၏ ။
သေခြင်းက ငါတို့ကို ငါ ငါ ငါဟူသောအစွဲကို
ဖြုတ်ကြဖို့ ဆော်ဩမြဲပါ။ ။
သို့သော် လူသားများက·····

**သားသား**
**မောင်ခိုင်ခန့်သော်**
**(ဒုနှစ်၊ ဘူမိထူးချွန်၊ မန္တလေးတက္ကသိုလ်)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးရဲထွန်း (ငြိမ်း)
### ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
### ကြံသီးနှံလုပ်ငန်းဌာန
### အသက်(၆၆)နှစ်

၂-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းနောင်-ဇနီး ဒေါ်နွဲ့နွဲ့ဝင်း**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးရဲထွန်း(ငြိမ်း)
### ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာနိုင်ငံကြံနှင့်ကြံထွက်ပစ္စည်းကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းနာယက

၂-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း**

## ဦးတင့်ထူး (ပုသိမ်)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ ဇီဇဝါအိမ်ရာဝင်း၊ အမှတ်၄၂နေ(ဦးထွန်းငွေ-ဒေါ်လှငွေ)တို့၏သား၊ (ဦးခင်မောင်မြ-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ဒေါ်ဥမ္မာမြ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)-ဒေါ်တင်တင်ညွန့်၊ ဗိုလ်ချုပ်မောင်မောင်ဆွေ(ငြိမ်း)-ဒေါ်တင်တင်နွဲ့၊ (ဦးတင်ဝင်း)-ဒေါ်သန်းသန်းမြင့် တို့၏မောင်၊ Capt;လူလူဝင်း-ဒေါ်တင်တင်ဝင်းတို့၏အစ်ကိုသည် ၄-၉-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) ခုတင်-၁၀၀၀၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) ခုတင်-၁၀၀၀ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဓီရာဂျ်လားလ်ဆေးဂျပါးလ် အသက်(၇၅)နှစ် လီဘာတီ အချိုမုန့်ဆိုင်သည် ၃-၉-၂၀၁၅ (ကြာသပတေးနေ့) နံနက် (၄)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော်**
**ကျော်ညွန့်ရည် စာပေ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးအောင်ခိုင်ထွန်း(ငြိမ်း)
### ကြည်း-၂၅၇၈၄(တေဇ-၂၁)
### ပန်းဘဲတန်းမြို့နယ်-စစ်မှုထမ်းဟောင်းအဖွဲ့ဝင်
### အသက်(၄၂)နှစ်

သူငယ်ချင်းအောင်ခိုင်ထွန်းသည် ၃၀-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၁)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပုသိမ်မြို့၊ ရကအ(၄)နယ်မြေ၊ ဥမ္မာဒန္တီလမ်း၊ အမှတ် ၈၅ နေ ဦးထွန်းထွန်း(မြန်မာနိုင်ငံဆားလုပ်ငန်းရှင်များအသင်းဒု-ဥက္ကဋ္ဌ)-ဒေါ်အေးအေးသိန်းတို့၏ဖခင် ဦးထွန်းရီ (ခ)ဦးသာခွေး ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆားလုပ်ငန်းရှင်များအသင်း**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဗိုလ်မှူးကြီးအောင်မျိုး (ကြည်း/၂၁၉၄၄)
### နည်းဗျူဟာမှူး
### D.S.A (31)

မောင်လေး၊ မကြီးကိုခွဲခွာသွားတာ ဒီနေ့ ၆-၉-၂၀၁၅ ရက်ဆိုရင် တစ်နှစ်ပြည့်ပြီ နော်၊ အချိန်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ပါ။ အသက်ရှင်နေသမျှ လွမ်းနေရအုံးမှာပါ။ တမလွန်ခရီးကို ထာဝရထွက်ခွာသွားမှန်း သိပေမယ့်လည်း မျှော်နေမိတယ် မောင်လေးရေ၊ ဘဝဆိုတာ အိမ်မက်တွေလိုပါဘဲ။ အခုတော့ ကောင်းမှုကုသိုလ်ပွားများနိုင်အောင် ကြိုးစားနေပါတယ်။ မောင်လေးအတွက်ရည်စူးပြီး ပြုလုပ်ပေးခဲ့သမျှသော ကောင်းမှုကုသိုလ်အစုစုများကြောင့် မြင့်မြတ်သောဘုံဘဝမှ ပျော်ရွှင်နိုင်ပါစေ။ နောက်ဘဝရခဲ့သည်ရှိသော် ဘဝဆက်တိုင်း စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းမှ ကင်းဝေးပါစေ။စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ အနာရောဂါကင်းဝေး၍ အသက်ရာကျော်ရှည်ပြီး ပျော်ရွှင်ချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ···

**အကြွေစောလို့နှမြောမိတယ် မောင်လေးရေ အမျှ-အမျှ-အမျှ**

**မကြီး**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၇၆)၊ ၄၇ လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အထက်ဘလောက်၊ မြေညီထပ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒါရိုက်တာ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်းဖြစ်သူ ဦးယဉ်ဌေး(ခ)ဦးဝေလွင် အသက် (၆၅)နှစ်သည် ၂-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်းတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူကြေကွဲရပါကြောင်း။

**မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့်**
**မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဒီရာဂျ်လားလ်ဆေးဂျပါးလ်
### MR. DHIRAJLAL SEJPAL
### လီဘာတီအချိုမုန့်ဆိုင် (LIBERTY SWEETS)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ အမှတ် ၅၆(ဘီ)နေ (ဦးပါမာနန်ဆေးဂျပါးလ်-ဒေါ်ကန်တာဘင်)တို့၏သား၊ ဒေါ်ကူစွမ်း၏ချစ်လှစွာသောခင်ပွန်းသည်၃-၉-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၅း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ဟိန္ဒူဓလေ့ထုံး ထမ်းစဉ်လာအတိုင်းမီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)
## ဦးလှ (ဝက်လက်မြို့နယ်အသင်းနာယက) အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၂၈/ညီ နေ (ဦးဆော့-ဒေါ်မျိုးညွန့်)တို့၏သား၊ (ဒေါ်လှယဉ်)၏ခင်ပွန်းသည် ၄-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ဝက်လက်မြို့နယ်အသင်း**

## ဦးတင့်ထူး (ပုသိမ်)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ ဇီဇဝါအိမ်ရာဝင်း၊ အမှတ် ၄၂နေ (ဦးထွန်းငွေ-ဒေါ်လှငွေ)တို့၏သား၊ (ဦးခင်မောင်မြ-ဒေါ်သန်းရှင်)တို့၏ သားသမက်၊ ဒေါ်ဥမ္မာမြ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကျော်အောင်စန်း-ဗိုလ်ကြီးမေထူးမာ၊ ဦးမင်းသူရတို့၏ချစ်လှစွာသောဖခင်သည် ၄-၉-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) ခုတင် ၁၀၀၀ ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ) ခုတင်-၁၀၀၀ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မူမူဟန်
### အသက်(၈၉)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်မှူးသိန်းဟံ(ငြိမ်း)]၏ဇနီး၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၏မိခင်ကြီး ဒေါ်မူမူဟန် အသက်(၈၉)နှစ်သည် ၃-၉-၂၀၁၅ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးစိုးဦး-ဒေါ်တင်တင်မျိုး**
**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မူမူဟန်
### အသက်(၈၉)နှစ်

နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် ဒေါ်မိုးသီတာတို့၏မိခင်၊ [ဗိုလ်မှူးသိန်းဟံ(ငြိမ်း)]၏ဇနီး ဒေါ်မူမူဟန် အသက်(၈၉)နှစ်သည် ၃-၉-၂၀၁၅ ရက် (ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။·

**နေပြည်တော် တိုင်းပညာရေးမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ထွေးတင်
### အသက်(၇၄)နှစ်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မုံညှင်းကျေးရွာနေ ဦးစိန်လင်း (ဦးစီးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏မိခင် ဒေါ်ထွေးတင် အသက်(၇၄)နှစ်သည် ၃-၉-၂၀၁၅ရက် မွန်းလွဲ ၁ နာရီ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်မြိုင်
### အသက်(၈၉)နှစ်

ပဲခူးမြို့နယ်၊ ကင်းပိုင်ကျုံရွာနေ(ဦးမောင်ပု)၏ဇနီး၊ ဒေါက်တာဦးဝင်းကို (နှလုံးအထူးကုသမားတော်ကြီး၊ နှလုံးကုသဌာန၊မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဒေါက်တာဒေါ်ဝါဝါခင်(မျက်စိအထူးကုသမားတော်ကြီး)တို့၏မိခင်သည် ၃၁-၈-၂၀၁၅ရက် မွန်းလွဲ ၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**နေရှင်နယ်နှလုံးနှင့်အဆုတ်ရောဂါအထူးကုဆေးခန်းဝန်ထမ်းမိသားစု**
**အမှတ်(၉၉)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်ကျောင်း ဒါယိကာမကြီး
### ဒေါ်နှင်းယဉ်
### အရဟံရောင်းဝယ်ရေး၊ ပြည်မြို့
### အသက်(၈၆)နှစ်

သူငယ်ချင်း ဒေါက်တာ မိုးဦးဇော် -ဒေါက်တာခိုင်ခိုင်ဦး (Houston City, Taxas,USA)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်နှင်းယဉ် အသက်(၈၆)နှစ်သည် ၁-၉-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ ခုနှစ်-၁၉၉၀ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှသူငယ်ချင်းများ**

# Miss Universe Myanmar 2015 နှင့် 2016 အတွက် ဆန်ခါတင်ရွေးချယ်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

ရန်ကုန် စက်တင်ဘာ ၅

**မြန်မာနိုင်ငံ၌ တတိယအကြိမ်ကျင်းပမည့် Miss Universe Myanmar ၏ 2015 နှင့် 2016 အတွက် နိုင်ငံတစ်ဝန်းမှလှပျိုဖြူ ဆန်ခါတင် ၂၀ ရွေးချယ်မှုကို Miss Universe Myanmar Organization က ယနေ့ ထုတ်ပြန်လိုက်ပြီဖြစ်သည်။**

Miss Universe Myanmar Organization သည် ယခုနှစ်တွင် နိုင်ငံတစ်ဝန်းမှ လှပျိုဖြူများ မျှတစွာ ပါဝင်ယှဉ်ပြိုင်နိုင်စေရန် သက်ဆိုင်ရာမြို့နယ် ကိုယ်စားလှယ်များ ခန့်အပ်ပြီး မြို့နယ်ပေါင်း ၁၃ မြို့နယ်မှ ကိုယ်စားပြုအလှမယ်များကို ဆန်ခါတင် ၂၀ ထဲ ပါဝင်နိုင်စေရန် ရွေးချယ်နိုင်ခဲ့သည်။ Miss Universe Myanmar 2015 နှင့် 2016 အတွက် ဆန်ခါတင် ၂၀ ထဲ ပါဝင်နိုင်ရန် အလှမယ်ရွေးချယ်နိုင်ခဲ့သည့် မြို့နယ် ၁၃ မြို့နယ်မှာ ပုသိမ်၊ မြိတ်၊ မုံရွာ၊ တောင်ကြီး၊ ပဲခူး၊ လားရှိုး၊ မော်လမြိုင်၊ ပြည်၊ စစ်တွေ၊ မိုးကုတ်၊ ထားဝယ်၊ မြစ်ကြီးနားနှင့် မန္တလေးမြို့တို့ဖြစ်ပြီး ကျန်အလှမယ်များမှာ မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အလှမယ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အလှမယ်အများစုတို့ကို ပြန်လည်ရွေးချယ်ထားခြင်းဖြစ်သည်။

Miss Universe Myanmar 2015 နှင့် 2016 အတွက် နောက်ဆုံးဆန်ခါတင်ရွေးချယ်လိုက်သည့် အလှမယ် ၂၀ မှာ ခါးနံပါတ်(၁) အိန်ဂျယ်မေ(ပုသိမ်)၊ ခါးနံပါတ်(၂) ဝင်းနွယ်ဦး(မြိတ်)၊ ခါးနံပါတ်(၃) ဇွန်ပြည့် ဖြိုးမော်(မုံရွာ)၊ ခါးနံပါတ်(၄) ရွှေယွန်းလွှာ(တောင်ကြီး)၊ ခါးနံပါတ်(၅) ခွန်းနေခြည်ချို(ပဲခူး)၊ ခါးနံပါတ် (၆) ငွေနှင်းမှုံ(လားရှိုး)၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ❁



Miss Universe Myanmar 2015 **နှင့် 2016 အတွက် ဆန်ခါတင် ၂၀ ထဲပါဝင်လာသည့် မြစ်ကြီးနားအလှမယ် အွန်နန်စန်းလတ်မိုင်။**

## နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၌ မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်သည့် ပွဲစဉ်များကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်

**နေပြည်တော် စက်တင်ဘာ ၅**

FIFA နိုင်ငံတကာ ချစ်ကြည်ရေး ပွဲစဉ်၊ အမျိုးသမီး အိုလံပစ်ဘောလုံး ပွဲစဉ်များနှင့် AFC-U19 Championship (Group-G) ခြေစစ်ပွဲ ပွဲစဉ်များကို စက်တင်ဘာလအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ နိုင်ငံတကာဘောလုံးပြိုင်ပွဲများမှ မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်သည့် ပွဲစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

MRTV မှ ထုတ်လွှင့်ပြသရာတွင် မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ ဘောလုံးပွဲစဉ်အား

*စာမျက်နှာ ၈ ကော်လံ ၅* ✪

## စီးပွားရေးလုပ်ငန်းရှင်များစိတ်ဝင်စားနေသော ဒလမြေဈေး အဝယ်အေး၍ ဈေးကွက်တည်ငြိမ်နေ

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုအခါ အိမ်ခြံမြေရောင်းဝယ်မှုများ လျော့နည်းလာမှုနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားနေသော ဒလမြို့နယ် အိမ်ခြံမြေဈေးကွက်မှာ အဝယ်အေးနေ၍ ဈေးကွက် တည်ငြိမ်နေကြောင်း ဒလအိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

“ကျွန်တော်တို့ ဒလမြေဈေးက ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းကဆို ရန်ကုန်မြို့ပေါ်က ဝယ်လက်တွေဆင်းလာပြီး မြေလွတ်တွေကို လိုက်ဝယ်ကြပါတယ်။ အဲ့ဒီမတိုင်ခင်တုန်းက မြေဈေးကွက်ဈေးက ဘယ်လောက်ပေါက်လဲဆိုရင် ပေ ၂၀ × ၆၀ တစ်ကွက်ကို ရပ်ကွပ်ထဲမှာ ငွေကျပ်သိန်း ၂၀၀ ပဲ ပေါက်ခဲ့တာပါ။ မြို့ပေါ်က ရန်ကုန်-တွံတေးလမ်းမကြီးဘေးဝဲယာမှာဆို ပေ ၄၀×၆၀ တစ်ကွက်ကို ငွေကျပ်သိန်း ၃၅၀၀ ကျော်ကနေငွေကျပ်သိန်း ၄၀၀၀ အထိ အရောင်းအဝယ် ထိုးတက်မှုများ ဖြစ်ခဲ့ပါတယ်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ✻



## ညောင်ဦး၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် မြေနေရာသစ်သို့ ရွာလုံးကျွတ်ပြောင်းရွှေ့

**ညောင်ဦး စက်တင်ဘာ ၅**

ညောင်ဦး၌ ဧရာဝတီမြစ်လယ်ကျွန်းကျေးရွာတစ်ရွာဖြစ်သည့် အောက်ညဥ့်ကျေးရွာအုပ်စု သူကောင်းတည်ကျွန်းကျေးရွာသည် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျလာကာ လူနေအိမ်များ အခြေချနေထိုင်ရန် အခက်အခဲဖြစ်လာသောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာဘက်ရှိ မြေနေရာသစ်သို့ ရွာလုံးကျွတ်ရွှေ့ပြောင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာသစ် ရွှေ့ပြောင်းနေရာသို့ ညောင်ဦးခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးဌာနမှ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းကာ ကျေးရွာသစ် လမ်းဘေးဝဲယာကို သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို စက်တင်ဘာ ၅ ရက်က ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**




မြန်မာ့အလင်း
mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS